
www.burmeseclassic.com
နွေမိုးဆောင်း စာပေ
အဝိဋ္ဌာရဲတိုက်
design bo bo htoon
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ... ၅၀၀၇၂၄၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ... ၅၀၀၇၆၂၀၆၀၉

ပုံနှိပ်ခြင်း

ထုတ်ဝေသည့်လ ... ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ
ထုတ်ဝေသည့်အကြိမ် ... ပထမအကြိမ်
တန်ဖိုး ... ၈၀၀ ကျပ်
အုပ်ရေ ... ၅၀၀
မျက်နှာဖုံး ... ကိုရဲ

ထုတ်ဝေသူ

ဦးကျင်ဝမ်(၀၄၁၅၁)၊ နေမိုးဆောင်းစာပေ၊ အမှတ်(၆၅)၊
ဌာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးအတွင်းပုံနှိပ်သူ

ဒေါ်ခင်နွဲ့(မြဲ-၀၆၅၆၇)၊ နေမိုးဆောင်းပုံနှိပ်တိုက်
အမှတ်(၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃

ဒေဝစကြာ
အဝိဇ္ဇာရဲ့တိုက်/ဒေဝစကြာ၊-ရန်ကုန်။
နေမိုးဆောင်းစာပေ၊ ၂၀၀၉။
၂၀၀-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) အဝိဇ္ဇာရဲ့တိုက်

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ထုတ်ဝေပြီးစာအုပ်များ

၁။ သချိုင်းစောင့်တစ္ဆေ (ဗွီဒီယိုရိုက်ကူးပြီး)
၂။ ဝိညာဉ်လိပ်ပြာ
၃။ တစ္ဆေရောင်းရန်ရှိသည် (ဗွီဒီယိုရိုက်ကူးပြီး)
၄။ မရဏာရနံ့
၅။ သွေးသောက်တဲ့မြို့
၆။ မိစ္ဆာတောခေလ တောလုံးမွှေ
၇။ တစ္ဆေမင်းသမီး
၈။ သမုဒယဝိညာဉ်
၉။ ငှက်ဆိုးကျိန်စာ
၁၀။ အိပ်မက်ဆိုးသံသရာ
၁၁။ မီးလျှံကြားမှသရဖူ
၁၂။ ဝဋ်ကြွေးကြမ္မာ

(ယခုလ)
၁၃။ အဝိဇ္ဇာရဲတိုက်

www.burmeseclassic.com

## ပါဝင်သည့်အခန်းများ


၁။ အလင်းရောင်ကြောက်သောညလူ

၂။ ရဂုံဘွေမှဝံပုလွေ

၃။ ဗိညာဉ်နှင့်ဆုံသောည

၄။ အလည်လာသောသရဲမောင်နှံ

၅။ တောကြီးသဘက်လား မိစ္ဆာလား

၆။ ဗန့်ပိုင်းယားခေါ် သွေးစုပ်ဖုတ်ကောင်

၇။ သင်္ချိုင်းထဲက ထလာသူ

၈။ ရှုးရှုးသတ္တဝါလေး

၉။ အနန္တရာယ်စက်ဝိုင်းသို့အဝင်

၁၀။ သားရဲတွင်းမှမြေပုံနှစ်ခု

၁၁။ တောတွင်းသားဓါးဇာတ်သိမ်း


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



* သူ့အရေပြားတွေက မီးဖိုပေါ်တင်လိုက်သောစက္ကူတစ်ချပ်လို ရှုတ်တရက်ဟုတ်ခနဲ မီးစွဲကာ လောင်ကျွမ်းလာ၏။ နောက်တော့ သူ့တစ်ကိုယ်လုံးမှာ လောင်စာဖြစ်၍သွားသည်။

## (၁) အလင်းရောင်ကြောက်သောညလူ

www.burmeseclassic.com

www.burmeseclassic.com



## (၁) အလင်းရောင်ကြောက်သောညလူ

အရုဏ်ကျင်းကာ အလင်းလာတော့မည်။ အလင်းကို သူကြောက်သည်။ ဒါကြောင့် ခြေလှမ်းကိုပို၍ သွက်သွက်မြန်မြန်လှမ်းလိုက်၏။ အဝေးတွင် သူ့အိမ်ရှိနေသည်။ အိမ်ရှိရာရောက်အောင် အရိပ်အမိုးကင်းမဲ့သည့် ကွင်းပြင်ကျယ်ကိုဖြတ်ကာ လျှောက်လှမ်းရမည်။

ညမှောင်ထုကလျှော့ပါးကာ ဖြူဖျော့ဖျော့အလင်းက လွှမ်းခြုံထား၏။ အရှေ့ဘက်ကောင်းကင်တွင် သမ်းနေသောရွှေနီကို မြင်နေရသည်။ သူက ခြေလှမ်းကိုတိုးလှမ်းလိုက်သည်။ မြန်လည်း

www.burmeseclassic.com

www.burmeseclassic.com



မြန်လာ၏။ လှမ်းလျှောက်လာသောလူငယ်ကား အသက်(၁၈) နှစ်ခန့်သာရှိသေးသူဖြစ်သည်။ ခပ်ပိန်ပိန်သွယ်သွယ်။ သူ့အသား အရေတွေက ဖြူဖတ်ဖြူရော် ဂျင်းဘောင်းဘီအနက်နှင့် အနွေးထည် ဆွယ်တာခပ်ပွပွအနက်ကို အောက်မှတီရှပ်ပေါ်ကထပ်ဝတ်ထား သည်။ အနွေးထည်နှင့်တွဲလျှက်ပါလာသော ခေါင်းဆောင်းအနက်ကို လည်း ခေါင်းတွင်စွတ်ထားလိုက်သေး၏။ ပြီးတော့ မျက်နှာပေါ် တွင် နေကာမျက်မှန်အနက်တစ်လက်ကို ထပ်ဆင့်တပ်ဆင်ထား လိုက်သောအခါ သူ့တစ်ကိုယ်လုံးမှာ အနက်ရောင်လွှမ်း၍နေလေ တော့သည်။

လူငယ်၏ခြေလှမ်းတွေက မြန်သထက်မြန်လာ၏။ သို့တိုင် အောင် အရိပ်ရှိရာအိမ်ဆီသို့ ရောက်ရန် အတော်ပင်အလှမ်းဝေးနေ သေး၏။ ထိုအခိုက်မှာပင် နေခြည်က သူလျှောက်သွားနေသော ကွင်းပြင်ပေါ် တိုက်ရိုက်ထိုးကျလာသည်။ ပြီးတော့ အလင်းရောင်ယာက တစ်စထက်တစ်စကျယ်ပြန့်လာ၏။ သူကရှေ့ကပြေးကာ နေရောင် ခြည်က နောက်ကလိုက်နေသကဲ့သို့ဖြစ်နေ၏။ ကွက်လက်အလယ် လောက်မှာပင် နေရောင်ခြည်က သူ့ကိုကျော်၍သွား၏။ ရှေ့တွင် ထိန်လင်းသောကွင်းပြင်။

www.burmeseclassic.com

www.burmeseclassic.com



သူ အားလျှော့၍မဖြစ်။ အားသွန်ခွန်စိုက်အရိပ်ရှိရာအိမ်ဆီသို့ ဦးတည်သွား၏။ တစ်ကိုယ်လုံးအနက်ရောင်အဝတ်အစားများဖြင့် ဖုံးကွယ်ထားသည့်တိုင်အောင် ပူပြင်းသော နေရောင်ခြည်က အဝတ်မှအကာအကွယ်လွတ်နေသည့် သူ့အသားအရေများအပေါ် တိုက်ရိုက်ကျရောက်နေ၏။ သူ၏ဖြူဖြူဖျော့ဖျော့အသားအရေတွင် အပူလောင်ခံရသလို အနီဖုကလေးတွေပေါက်ကာ၊ အသားအရည်တွေက ပတ်ကြားအက်ထလာ၏။ နာကျင်မှုဝေဒနာကို သူ အားတင်းခံကာ ဆက်လျှောက်သွားသည်။ ဒီနေရောင်ခြည်အောက်က လွတ်မြောက်လျှင်ပြီးပြီ။

သူ့နှာခေါင်းနှင့်ပါးစပ်မှ သွေးတချို့စိမ့်ယိုစီးကျလာသည်။ သူ အသက်ရှူရခက်ခဲကြပ်တည်းလာသည်။ ခြေတစ်လှမ်းရွှေ့ဖို့ပင် အားယူလှမ်းလာရ၏။ ဤအတိုင်းဆိုလျှင် ...

သူထင်သည့်အတိုင်းပင် သူ့အရေပြားတွေက မီးဖိုပေါ်တင်လိုက်သောစက္ကူပါးပါးတစ်ချပ်လို ရုတ်တရက် ဟုတ်ခနဲမီးစွဲကာ လောင်ကျွမ်းလာ၏။ နောက်တော့ သူ့တစ်ကိုယ်လုံးမှာ လောင်စာဖြစ်၍သွား၏။ မီးဟုန်းဟုန်းတောက်ခန္ဓာကိုယ်နှင့်သူသည် မြေပြင်ပေါ်ကိုလဲကျသွားရင်း အော်ဟစ်လူးလှိမ့်နေလေရာ ...

www.burmeseclassic.com

www.burmeseclassic.com



"သား သား သွေးသောက်"

သူ့အမေက အိပ်ရာပေါ်တွင် လူးလိမ့်ပြီးညည်းတွားနေသော သူ့ကို လှုပ်နှိုးလိုက်သည်။ ဒီတော့မှ သူ ခုတင်ပေါ်တွင်နိုးထလာ၏။

ဘေးစားပွဲပေါ်ရှိ ဖန်ရေတကောင်းထဲမှရေကို သူ့အမေက ဖန်ခွက်ထဲငှဲ့ကာ ကမ်းသည်။

"သား ... အိပ်မက်ဆိုးတွေမက်နေပြန်ပြီလား၊ ကဲ ရင်အေးသွားအောင် ရေသောက်လိုက်ဦး"

"နေဝင်တော့မလား အမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ခြောက်နာရီထိုးတော့မယ်"

သူ့အမေက မှန်ပြတင်းတံခါးဝမှ ကန့်လန့်ကာအမည်းကိုဆွဲဖယ်လိုက်၏။ မှောင်နေသော သူ့အခန်းထဲကိုအပြင်က အလင်းရောင်ဖျဖျက ဝင်ရောက်လာသည်။ ခပ်ဝေးဝေးသစ်ပင်အုပ်တို့အပေါ်တွင် ဝင်လုဆဲနေ၏ ဆည်းဆာရောင်ခြည်ရဲရဲကိုလှမ်းမြင်နေရ၏။

"သား ဆရာဝန်ဆီသွားရဦးမယ်လေ ... ရေချိုးအဝတ်အစားလဲ ... ဪ ... အသားလိမ်းခရင်မ်လည်းလိမ်းခဲ့ဦးနော်"

သူ့အမေထွက်သွားတော့ အခန်းထဲတွင် သူတစ်ယောက်တည်းကျန်ခဲ့၏။ နေ့တစ်နေ့တာကုန်ဆုံးတော့မည်။ အလင်းဝတ်ရုံကိုရုပ်သိမ်း၍ နေမင်းသည် အနောက်ဘက်သို့ဝင်လေပြီ။

သူက ခုတင်ပေါ်က ထလိုက်၏။ တကယ်တော့ တစ်နေ့လုံးနီးပါး အိပ်စက်နေရသဖြင့် သူ့ခန္ဓာကိုယ်မှာ ညောင်းညာလေးလံ၍နေသည်။ အလင်းပျောက်ကာ အမှောင်ရောက်တော့မည်။ သူ ခပ်ယှဲ့ယှဲ့ပြုံးလိုက်၏။ သူ လှုပ်ရှားရတော့မည့်အလှည့်။ သူက ညလူ။ သူ့ခုတင်ဘေးတွင် လှောင်အိမ်နှင့်မွေးထားသော ရွှေခဲဆိုသည့်ကြက်တူရွေးလှောင်အိမ်ထဲသို့ ပန်းငရုတ်တစ်တောင့်ထည့်ပေးလိုက်သည်။ ဒီကောင်က အထီးကျန်သော သူ့ဘဝအတွက်တော့ အဖော်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတစ်ခုပင်။ သူ့ ရေချိုးခန်းထဲဝင်ကာ မျက်နှာသစ်လိုက်၏။

တစ်နေ့လုံး အခန်းအောင်းနေသမျှ ညဘက်တွင် အပြင်ထွက်ကာ လှုပ်ရှားလေ့ရှိသူ။ ဖီးကွက်တွေ လင်းနို့တွေလို အမှောင်ကိုအမှီပြုကျက်စားသော သတ္တဝါ။ နောက်တစ်မျိုးပြောနိုင်သေးသည်။ သွေးစုတ်ဖုတ်ကောင်တွေလိုပေါ့။

သူက မီးဖိုခန်းထဲတွင် အမေပြင်ပေးသော ညစာကိုထိုင်စားရင်း၊ စိတ်တွေပျံ့လွင့်နေမိသည်။ သူ့နာမည်က သွေးသောက်။ အသက်က (၁၈)နှစ်။ ဆယ်တန်းဖြေမည့်သူ။ ထူးခြားသော သူ့အခြေအနေကြောင့် အတန်းတွေနောက်ကျနေခြင်းဖြစ်၏။ တချို့ဆိုညီအသက်အရွယ်ရှိလျှင် တက္ကသိုလ်ရောက်နေတတ်သည်။ မြို့ထဲကကျူရှင်တစ်ခု၏ညကျောင်းသား။

သူ့တွင် ဒေါ်မြချစ်ဆိုသော အမေတစ်ယောက်ရှိကာ၊ အမေနှင့်အတူ ပါရမီဘက်က တိုက်တစ်တိုက် တတိယထပ်အခန်းတစ်ခန်းတွင် အတူနေထိုင်နေသည်။ အမေ့အလုပ်က ဘာသာပြန်စာရေးဆရာမ။ အမေ့အလုပ်က အတိုက်အလျှောက် အောင်မြင်သည်ဟုဆိုနိုင်၏။ ပင်ကိုယ်ရေးဝတ္ထုရေးစဉ်က မအောင်မြင်ခဲ့သောအမေသည်ဘာသာပြန်ဝတ္ထုများရေးသောအခါ ရောင်းကောင်းသော စာရေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာမအဖြစ် တန်းဝင်လာ၏။ သူ့အမေ အအောင်မြင်ဆုံးစာအုပ်က ဟာယ်ရီပေါ်တာအတွဲများ။ မှော်နောက်ခံ လူငယ်စွန့်စားခန်း ဂန္ထဝတ္ထုရှည်များဖြစ်ကာ မူရင်းဝတ္ထုကပင် ကောင်းလွန်းသဖြင့် ကမ္ဘာကျော်ခဲ့သည်။ မူလစာရေးသူကလည်း သူ့လိုပင် တစ်ခုလတ်ကလေး အမေ ကေ ရော့ ကရိုနင်းဖြစ်နေသဖြင့် အမေအောင်မြင်ခဲ့သေး သလားမသိ။

သူ့အဖေ ဦးမင်းနိုင်ကတော့ လွန်ခဲ့သောငါးနှစ်ကျော်ကပင် သူတို့သားအမိကိုစွန့်ခွာ၍သွားသည်။ အဖေက ရုပ်ခပ်ဖြောင့်ဖြောင့် နိုင်ငံခြားသင်္ဘောတွင်အရာရှိဖြစ်သဖြင့် ကမ္ဘာ့နေရာအနှံ့ရောက်ဖူး သူ။ မ,ကျမ်းကြေသူ။ တစ်ရွာတွင်တစ်ကျီဆောက်လိုသူ။ ဒီလိုနှင့် အဖေနှင့်အမေသည် တရားဝင်ပြတ်စဲခြင်းမဟုတ်ဘဲ တစ်ကွဲတပြား စီဖြစ်နေတာကြာလေပြီ။

အမေနှင့်စကားများကာ လွန်ခဲ့သောငါးနှစ်လောက်က အဖေ အိမ်ကထွက်သွားသည်။ အခု သင်္ဘောပေါ်မှာလား၊ ကုန်းပေါ်မှာ လားပင်မသိ။ စာမလာ သတင်းမကြား။ အဆက်အသွယ်ပြတ် တောက်နေ၏။ သူ့အမေကတော့ ဤကိစ္စကို အရေးတယူသဘော မထား။ အမေကိုယ်တိုင်က ဒီလိုသဘောထားတော့၊ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



အမေ့လိုပင် သဘောထားလိုက်၏။ သူတို့သားအမိလောကတွင် သူ့အမေရှိနေတာ၊ ရှိမနေတာက အရေးမဟုတ်။ သားနှင့်အမေ၊ အမေနှင့်သားရှိနေလျှင် လုံလောက်၏။

"သွေးသောက် သွားရအောင်"

သူ့အမေက ပြင်ဆင်ပြီး အသင့်အနေဖြင့် သူ့ကိုခေါ်လာ၏။ တိုက်ခန်းအောက်ထပ်တွင် သူတို့ကားအနက်လေးရပ်ထားသည်။ ဤတိုက်တွင် အခန်းငှားနေသူများ၏ကားများမှာ ထိုကဲ့သို့ပင် တိုက်ရှေ့ ကွန်ကရစ်ကွက်လပ်တွင် အစီအရီရပ်ထားလေ့ရှိ၏။ သူ့အမေက ကားကိုကျင်လည်စွာမောင်းထွက်ခဲ့သည်။

သူတို့ပြသနေကျ အထူးကုဆေးခန်းမှ ခုတင်တစ်ခုပေါ်တွင် သူလှဲနေသည်။ သူ့ခန္ဓာကိုယ်တွင် ဘောင်းဘီတိုသာ ဝတ်ဆင်ထား၏။ အသက်လေးဆယ်ကျော်ခန့်ရှိ သူနာပြုဆရာမကြီးက သူ့ခန္ဓာကိုယ်ပေါ်မှ မီးလောင်ဖုလို အနီရောင်အစက်အပြောက်အနာကလေးတွေကို ညင်ညင်သာသာဆေးလိမ်းပေးနေသည်။ ဆရာမကြီးအပြုံးမှာ မိခင်တစ်ယောက်အပြုံးလို နူးညံ့နေ၏။

အရေပြားအထူးဆရာဝန်ကြီး စားပွဲရှေ့တွင် ဒေါ်မြချစ်သည် ညှိုးငယ်သောမျက်နှာဖြင့် ထိုင်၍နေသည်။ ဆရာဝန်ကြီးက အသက်



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်ကျော်ခန့်ရှိကာ၊ ခပ်ဝဝ ဥပဓိရုပ်ကောင်းကောင်းဖြစ်၏။ ခပ်ပြောင်ပြောင်မဟာနဖူးပေါ်တွင် သူ့ဆံပင်တွေကို ပိရိစွာဖီးသင်ထား၏။ မျက်မှန်အောက်က စူးရှရှသူ့မျက်လုံးတွေက အတွင်းစိတ်ခွန်အားရှိသူတစ်ယောက်ဖြစ်ကြောင်း ညွှန်ပြနေသည်။

"သူ့ရဲ့ရောဂါအခြေအနေက တစ်နေ့တခြားဆိုးဝါးလာတာတွေ့ရတယ်"

ဟု တည်ငြိမ်သောလေသံဖြင့်ပြောသည်။ သူ့သားကလေးသွေးသောက်၏ရောဂါကား ထူးခြားဆိုးဝါးလှသည်။ လူတစ်သန်းမှာပင် တစ်ယောက်ဖြစ်ရန်ခဲယဉ်းသော အရေပြားရောဂါတစ်မျိုးဖြစ်၏။ သူ့အရေပြားက နေရောင်နှင့်လုံးဝအတွေ့အထိခံ၍မဖြစ်။ နေရောင်နှင့်တိုက်ရိုက်ထိတွေ့သည်နှင့် သွေ့ခြောက်ကာ ပတ်ကြားအက်မည်။ အရေပြားလန်မည်။ ပူလောင်ကာ မီးလောင်နာလို အနီဖုကလေးတွေထွက်မည်။ ထိုအဖုကလေးတွေပေါက်သွားလျှင်၊ နာကျင်ကာ စပ်သောဝေဒနာကို ခံစားရ၏။ သူ့အရင်က သတိမထားမိခဲ့။ (၇)နှစ်သားအရွယ်ကျမှ ကောင်းကောင်းသတိထားမိလာ၏။

ဒီလိုနှင့် သူ့ကိုနေရောင်နှင့်ဝေးအောင်ထားရသည်။ နေ့ဘက်တွင် အနက်ရောင်ခန်းဆီးတွေကာထားသော အိပ်ခန်းထဲတွင်ပင်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ညဘက်နေဝင်ပြီဆိုမှ အပြင်ထွက်ရ၏။ အမှောင်ထဲမှာနေ တော့ အလင်းရောင်ကိုလည်း ကောင်းစွာမကြည့်နိုင်တော့။ ပြင်းပျ ရဲသည့်အလင်းဆိုလျှင် နေကာမျက်မှန်တပ်ကာ မျက်လုံးကို အကာအကွယ်ယူရတော့သည်။ ဆရာဝန်နှင့်လည်း မပြတ်တိုင်ပင် သနေရ၏။ ဆရာဝန်ကြီးက ...

"နည်းလမ်းက တစ်လမ်းပဲရှိတယ် ... အရေပြားအစားထိုး သတဲ့နည်းပဲ ... အဲဒါကလည်း ဆေးပညာ အင်မတန်တိုးတက်တဲ့ မေရိကန်လိုနိုင်ငံမျိုးမှာပဲ ဖြစ်နိုင်မယ်"

ဟုဆိုသည်။ ဒီလောက်တော့ ဒေါ်မြချစ်လည်း မတတ်နိုင်။ တို့က မရှိမရှားဆိုသော်လည်း ဒီလောက်ကြွယ်ဝချမ်းသာသူ ဟုတ်။

"နောက်တစ်နည်းတော့ရှိတယ် ..."

"ဘာများလဲဆရာကြီး ..."

ဒေါ်မြချစ်က အားကိုးတကြီးမေးလိုက်မိ၏။

"ဒါကတော့ လူနာရဲ့ရောဂါသက်သာသွားစေနိုင်တဲ့နည်းပါ ချင်ပြည်နယ်မှာ ရဂုံဘွေဆိုတဲ့ မြို့ကလေးတစ်မြို့ရှိတယ်"

"ရဂုံဘွေဆိုတာ တောကြီးရဲ့အလယ်လို့ဆိုချင်တာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လားဆရာ"

"အင်း ... တောအလယ်တင်မကဘူး ... ဒီမြို့ကလေးက
တောင်တွေရဲ့အလယ်ပါရောက်နေတာ ... တောင်သုံးလုံးဆိုင် ဖို
နောက်လျှိုထဲမှာ တည်ဆောက်ထားပြီး၊ သူ့ကိုဝန်းရံပြီး မိုးထားတဲ့
တောင်တွေကလည်း မြင့်မားလွန်းတော့၊ တစ်နေ့လုံး နေရောင်မရ
သလောက်ပဲ ... မွန်းတည့်ချိန်လောက်သာ နေရောင်ခြည်ခဏရလေ့
ရှိတယ် ... မင်းသားကိုခေါ်ပြီး အဲဒီကိုသွားနေမယ်ဆိုရင်တော့
မင်းတို့သားအမိအတွက် ပိုကောင်းမယ်လို့ဆရာမျှော်လင့်တယ်"

အပြန်လမ်းတွင် ကားမောင်းလာရင်း ဤကိစ္စကို ဒေါ်မြချစ်
စဉ်းစားလာခဲ့သည်။ သွေးသောက်က သူ့အမေ သူ့အကြောင်းစဉ်းစား
နေမှန်းသိသည်။ သူ့အမေဘက်စောင်းငဲ့ကြည့်ကာ ...

"အမေလည်း သားအတွက်ပင်ပန်းလှပြီ"

"ဒါက မိဘတွေရဲ့ဝတ္တရားပဲသားရယ် ..."

"သားက တခြားကလေးတွေနဲ့မတူဘူးလေ ..."

"ဘာပဲဖြစ်ဖြစ် ရင်သွေးဟာရင်သွေးပဲပေါ့"

"ကျွန်တော်ဟာ အမေ့ရဲ့ဒုက္ခအိုးလေးဖြစ်နေပြီ ... ခွင့်လွှတ်
ပါအမေ ..."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ... အပိုတွေပြောမနေနဲ့တော့"

ကားကို ကျူရှင်ကျောင်းရှေ့တွင်ထိုးရပ်ပေးလိုက်သည်။ သွေးသောက်က သူ့ဘက်က ကားတံခါးကိုဖွင့်ကာဆင်းရင်း သူ့အမေကို နှုတ်ဆက်လိုက်၏။

"အမေ ... လာမကြိုနဲ့တော့ သားဘာသာပြန်လာမယ်"

သူတို့အိမ်နှင့်ကျူရှင်ကျောင်းက မဝေးလှ။ တစ်ခါတရံ ဒီလိုပင် သူ့ဘာသာပြန်တတ်သည်။

"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်သား"

သူ့အမေက ပြောရင်း ကားမောင်းထွက်သွား၏။ သူက ကျောင်းဝင်းထဲသို့ ဝင်လာခဲ့သည်။ သူ နေထိုင်သော ကျူရှင်ကျောင်းမှာအတော်ပင်အောင်မြင်သောကျောင်းဖြစ်၍ ကြီးမားသော အုတ်တိုက်နှစ်ထပ်အဆောက်အဦဖြစ်၏။ ထိုအဆောက်အဦမှာ ခြံဝန်းအလယ်တွင်ရှိနေလေသည်။ ကျောင်းက (၇)နာရီမှတက်ရမည်။ သူတက်ရမည့်သင်တန်းက အတန်ငယ်စောနေသေး၏။ ကျောင်းစာသင်ခန်းတိုင်းလိုလိုပင် မီးကိုထိန်လင်းစွာထွန်းထားသဖြင့် ကြည့်ရသည်မှာ မျက်စိကျိန်းစရာကောင်းလှသည်။ ထို့ကြောင့် သွေးသောက်က ခပ်မှောင်မှောင်ဖြစ်နေသော သစ်ပင်ရိပ်တစ်ခုဆီ လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



မည်ပြုစဉ် ...

"ဟော့ကောင် သွေးစုပ်ဖုတ်ကောင်"

လှမ်းခေါ် သံကြား၍ ကြည့်လိုက်တော့ ရန်အောင်တို့လူစု

သူတို့ကကျောင်းမှ လူရမ်းကားကလေးများဖြစ်ကာ၊ သွေးသောက်

ကို အမြဲအနိုင်ကျင့်ကြသည်။ အခုလည်း သွေးသောက်ဘေးကို

ရောက်လာကာ ...

"နေရောင်ကြောက်တယ်ဆိုတော့ မင်းက သွေးစုပ်ဖုတ်

ကောင်ပေ့ါ ဒရက်ကူလာလ း ဗန်ပိုင်းယားလား"

"မင်းအိပ်တော့လည်း ခေါင်းထဲမှာဝင်အိပ်တာပေ့ါ ... ဟုတ်

လား ..."

"ဒီကောင် အခုလည်း သချိုင်းက ထလာတာပဲဖြစ်မယ်"

"မင်းလိုကောင်ရှိတာ တို့ကျောင်းနာတယ် ... မင်္ဂလာမရှိဘူး

တို့ကျောင်းကထွက်သွား"

သူက ဒီလိုအပြောအဆိုမျိုးတွေ ခံရဖူးလှပြီ။ ဒါကြောင့် ဘာမှ

ခွန်းတုံ့ပြန်စကားမပြောဘဲ ထိုနေရာမှရှောင်သွားမည်ပြုသော်လည်း

ရန်အောင်တို့က ဝိုင်းကာ တွန်းထိုးကြသဖြင့် သူမြက်ခင်းပေါ်

လဲကျသွားသည်။ ဒါကိုအားမရသေးဘဲ ရန်အောင်တို့အုပ်စုက ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကာန်ကျောက်နေကြ၏။

"ဟော့ကောင်တွေ ဒါဘာလုပ်တာလဲ"

ထိုစဉ်မှာပင် သူ့သူငယ်ချင်းမျိုးအောင်က ပြေးလာကာ အကာအကွယ်ပေးလိုက်၏။ သူက လဲနေသောသွေးသောက်ရှေ့တွင် ရပ်ကာ ...

"မင်းတို့ထွက်သွားနော် ... ငါကျောင်းအုပ်ကြီးနဲ့တိုင်လိုက်မယ်"

ဒီလိုခြိမ်းခြောက်တော့မှ ရန်အောင်တို့လူစု မကျေမချမ်းထွက်ခွာသွား၏။ ဤကျောင်းအုပ်ကြီးက စည်းကမ်းကြီးသည်။ အပြစ်ရှိလျှင် ကျောင်းထုတ်ပစ်သည်အထိ အရေးယူတတ်၏။ သူတို့ထွက်သွားတော့မှ မျိုးအောင်က သွေးသောက်ကိုဆွဲထူသည်။ ကိုယ်တွင်ပေနေသည့်ဖုံတွေသဲတွေကိုခါပေးသည်။ သွေးသောက်မျက်နှာတွင် ခြေထောက်ဖြင့်အကန်ခံရသဖြင့် ရရှိထားသောဒဏ်ရာတချို့ကိုတွေ့ရ၏။ မျိုးအောင်က ...

"တော်တော်လူမဆန်တဲ့ကောင်တွေ"

ဟု ကျိန်ဆဲလိုက်၏။ ဤကျောင်းတွင် သွေးသောက်ကို ခင်ခင်မင်မင်ပေါင်းသူဟူ၍ မျိုးအောင်တစ်ယောက်သာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အပြစ်မဟုတ်ပါဘူး ... ငါကလည်း သူတို့နဲ့မှမတူဘဲ ကိုး ... "

သူကျောင်းကိုရောက်ပြီး မကြာမီမှာပင် သူ့အကြောင်းကို တစ်ကျောင်းလုံးသိသွားသည်။ ရန်အောင်တို့အုပ်စုထဲမှ တစ်ယောက်မှာ သူတို့ရပ်ကွက်ထဲကဖြစ်၏။ သွေးသောက်က စိတ်ပျက်သောအသံဖြင့် ...

"ငါ ကျောင်းမတက်ချင်ဘူး"

"ဒါဆိုလည်း တို့လက်ဖက်ရည်ဆိုင်သွားထိုင်ကြတာပေါ့"

သူတို့ ကျောင်းနှင့်မလှမ်းမကမ်းတွင်ရှိသော ကော်ဖီနန်းတော်ဆိုသည့် ဆိုင်ကလေးကို သွားထိုင်ကြသည်။ ဒီဆိုင်ကလေးက ကော်ဖီမျိုးစုံရသည်။ သွေးသောက် ပိုကြိုက်တာက ဆိုင်ထဲတွင် မီးရောင်ခပ်မှိန်မှိန်ထွန်းထားခြင်းကိုသာဖြစ်သည်။

✂·····✂

www.burmeseclassic.com

www.burmeseclassic.com



* ဒီတောအုပ်ထဲမှာ ဝံပုလွေရှိတယ်၊ တောထဲမှာလှည့်လည် ကျက်စားရင်း မျက်စိလည်လာတဲ့ကောင်မျိုးတွေပေါ့။ သူတို့က လူတွေတွေ့ရင် ရန်မူတိုက်ခိုက်တတ်တယ်။

## (၂) ရဂုံဘွေမှဝ်ပုလွေ

www.burmeseclassic.com



## (၂) ရင်ခွင်ဇော်မှာဝပ်ပုလွေ

သွေးသောက် အိမ်ကိုပြန်ရောက်တော့ အမေက အလုပ်စားပွဲတွင်ထိုင်ကာ စာအုပ်တစ်အုပ်ကို ဘာသာပြန်နေသည်။ ထုတ်ဝေသူက အပူတပြင်းပြန်ခိုင်းထားသောစာအုပ်ဖြစ်၏။ ဘရမ်းစတုတ်ကာရေးသည့် ဒရက်ကူလာဆိုသော စာအုပ်ဖြစ်သည်။ သွေးစုပ်ဖုတ်ကောင် မြို့စားကြီးတစ်ယောက်၏ အချစ်ဇာတ်လမ်းမှာ ကြောက်စရာထက်ကြေကွဲစရာပိုနေသည်။ ဤဝတ္ထုကို သူမ ဖတ်ဖူးသော်လည်း၊ ဤဝတ္ထုကိုရုပ်ရှင်ပြန်ရိုက်ထားသည့် ဒရက်ကူလာဆိုသော ရုပ်ရှင်ကိုတော့ ကြည့်ဖူးသည်။ မင်းသားက သူ့အကြိုက် မင်း



www.burmeseclassic.com

www.burmeseclassic.com



သား ကီနူးရိမ်။ ဒါရိုက်တာက ဖရန့်စစ်ကော်ပိုလာ။

"သားပြန်လာတာ စောလှချည်လား"

သူ့အမေက စာရေးစားပွဲကထလာရင်း မေးလိုက်သည်။ အနားရောက်လို့ သူ့မျက်နှာက ဒဏ်ရာတွေမြင်တော့ ...

"ဖြစ်လာပြန်ပြီလား"

ဟု မှတ်ချက်ချသည်။ သားကို ဆိုဖာပေါ် ထိုင်ခိုင်းသည်။ မီးဖိုထဲဝင်ကာ ရေနွေးကို ဇလုံဖြင့်ထည့်ယူလာသည်။ အနာကို ဆေးထည့်ပေးသည်။ သားအမိနှစ်ယောက်လုံး စကားမပြောဘဲ တိတ်ဆိတ်နေကြသော်လည်း ရင်ထဲမှာတော့ စကားအခွန်းပေါင်းထောင်သောင်းကို ပြိုင်တူပြောနေပါလေသည်။ အားလုံးပြီးမှ ...

"အမေ တောင်းပန်ပါတယ်"

"ဘာကိုတောင်းပန်တာလဲ အမေ ..."

သူ့အမေက သွေးသောက်ထုတ်မပြောသော်လည်း ဘာဖြစ်လာပြီဆိုတာ ကောင်းကောင်းသိသည်။ သွေးသောက်ကို ထင်ရာမြင်ရာစွတ်စွဲကာ ဒီလိုရန်ပြုမှုမျိုးတွေ မကြာခဏကြုံဖူး၏။ ဒါ ကြောင့် သူတို့တစ်ရပ်ကွက်ပြီးတစ်ရပ်ကွက်ပြောင်းနေကြသည်။ သို့သော် နောက်ရပ်ကွက်ကလူတွေကလည်း သွေးသောက်၏ ထူးခြားသော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို မကြားခင်မှာပင် သိရှိသွားပြန်၏။ ကလေးတွေက သူနှင့်အတူတူမကစား။ ကလေးမိဘတွေကလည်း ကစားတာခွင့်မပြု။ သားကို လူ့အဖွဲ့အစည်းအပြင်ရောက်အောင် ဝိုင်းပယ်ထားကြသည်။

"မေမေ သားတို့ ဒီနေရာကထွက်သွားရအောင် ... သားတို့ကို ဘယ်သူမှမသိတဲ့အရပ်ကိုပေါ့"

ဒီတစ်ခါတော့ သွေးသောက်ရင်ထဲက ပွင့်ထွက်လာသည်။ မျိုသိပ်မထားနိုင်တော့သဖြင့် ဖွင့်ထုတ်ပြောကြောင်း ဒေါ်မြနှစ်က သဘောပေါက်၏။

"မေမေလည်း ဒီကိစ္စကို စိတ်ကူးနေပါတယ်သားရယ်"

"ဘာကိစ္စလဲမေမေ"

"ဒီကနေထွက်သွားဖို့ပေါ့ ... မေမေတို့ကို ဆရာဝန်ကြီးက တိုက်တွန်းထားတဲ့ နေရာတစ်ခုရှိတယ်"

"ဘယ်နေရာလဲအမေ"

"ရဂုံဘွေဆိုတဲ့ ကချင်ပြည်နယ်က တောင်ကြားမြို့ကလေးတစ်ခုပေါ့ ... သားကျန်းမာရေးနဲ့ အဲဒီမြို့ရဲ့အနေအထားက အင်မတန်ကိုက်ညီတယ်တဲ့ ... တစ်နေ့လုံးမှာ နေရောင်ခြည်ကို



www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့်ချိန်ခဏလောက်ပဲ မြင်ရတယ်"

"ဒီအတိုင်းဆို ကောင်းတာပေါ့မေမေ ... သွားဖို့မေမေဆုံးဖြတ်ပြီးပြီလား"

ဒေါ်မြနှစ်က ပြုံးကာ ခေါင်းညိတ်ပြ၏။ သွေးသောက်က ...

"အမေ့အလုပ်အတွက် ဘယ်လိုလုပ်မလဲ"

"မေမေ့ရဲ့ဘာသာပြန်အလုပ်က ဘယ်မှာလုပ်လုပ်ရတာပဲ၊ မေမေ့ဘဝမှာ အရေးအကြီးဆုံးက သားလေးပါ"

သွေးသောက်က ကလေးတစ်ယောက်လို သူ့အမေကိုဖက်ထားလိုက်မိလေသည်။

✂┈┈✂

www.burmeseclassic.com

www.burmeseclassic.com



ကားလေးက တောင်ပေါ်လမ်းအတိုင်း ပြေးလွှားနေ၏။ သူတို့ မြစ်ကြီးနားက ထွက်ခွာလာခဲ့သည်မှာ (၃)နာရီခန့်ရှိလေပြီ။ ါမြနှစ်က ကားကိုကိုယ်တိုင်မောင်းကာ သူ့ဘေးခုံတွင် သွေး သောက်က အိပ်ရင်းလိုက်ပါလာ၏။

မကြာခင် မြင့်မားသော တောင်ကြီးများအကြား လမ်း ကလေးအပေါ် ကားကရောက်သွားပြီး တောင်အရိပ်ဖြင့် အေးမြ၍ နေ၏။ နေရောင်ခြည်က လမ်းပေါ်ကျရောက်မနေ။ အဝေးတောင် ထွတ်များအပေါ်တွင် နေရောင်ခြည်လဲ့လဲ့ကိုမြင်ရ၏။ သူ့ သားကို လှုပ်နှိုးလိုက်သည်။ သွေးသောက်က အိပ်နေရာမှနိုးလာ၏။ မြင့်မား



www.burmeseclassic.com

www.burmeseclassic.com



သောတောင်ကြီးတွေကိုမြင်ရ၏။ ဤနေရာတို နေရောင်ကျ ရောက်မနေ။ သူကခေါင်းစွပ်ကိုလှန်ချကာ၊ မျက်နှာကနေကာ မျက်မှန်ကိုပါချွတ်လိုက်၏။

တောင်ကွေ့တစ်နေရာရောက်သောအခါ ဒေါ်မြနှစ်က ကားကိုရပ်လိုက်သည်။ ပြီးတော့ ကားပေါ်ကထွက်ကာ လမ်းဘေး ချောက်ထဲငုံ့ကြည့်လိုက်၏။ သွေးသောက်ကလည်း သူ့အနီးရောက် လာသည်။

"ဘာလဲအမေ ..."

"ဟိုမှာ အမေတို့သွားမဲ့မြို့ကလေး"

ဒေါ်မြနှစ်က တောင်ခြေကိုထိုးပြ၏။ တောင်နှစ်လုံးကြား မြေပြန့်လျှိုတွင် ထင်မှတ်မထားသော အိမ်အစုကလေးကိုတွေ့လိုက် ရ၏။ အပေါ်စီးကကြည့်နေရသဖြင့် အိမ်အမိုးတွေနှင့် အိမ်ပုပု ကလေးတွေကိုသာမြင်နေရ၏။

"ဒါ ရဂုံဘွေလားအမေ"

"ဟုတ်တယ် ..."

"ကျွန်တော်တော့ မြို့ကလေးကိုမရောက်သေးဘူးပျော် နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်မတန်မြင့်တဲ့တောင်နှစ်လုံးရဲ့အကြား လျှိုထဲမှာရှိတော့ နေရောင်ခြည်ရခဲတဲ့မြို့ကလေး ... မင်းအတွက်တော့ အင်မတန် သင့်တော်တယ် ထင်ပါတယ်"

သူတို့ ကားပေါ်တက်ကာ ဆက်ထွက်ခဲ့သည်။ နေမဝင်ခင် ထိုမြို့ကလေးကိုရောက်မှကောင်းမည်။ ကားရှင်းနေသဖြင့်လည်း ကောင်း၊ တောင်ဆင်းလမ်းဖြစ်သဖြင့်လည်းကောင်း၊ ဒေါ်မြနှစ် မြန်မြန်မောင်းချင်သော်လည်း စိတ်တိုင်းကျမောင်း၍မရ။ လမ်း တွေက အကွေ့အကောက်များသည်။ ပြီးတော့ ကိုယ်ကျွမ်းကျင် သောလမ်းများ မဟုတ်၊ မတော်တဆခြေချော်လက်ချော်ဖြစ်ခဲ့လျှင်၊ မြင့်မားသော ချောက်ထဲ ကားရောလူပါထိုးကျပျက်စီးသွားနိုင်သည်။

မှန်မှန်မောင်းခဲ့သည့်တိုင်အောင် နေရောင်လုံးဝမကွယ် ပျောက်မီ သူတို့သားအမိ ရဂုံဘွေကိုရောက်သွား၏။ သဘာဝဖြစ် ဂဝံများအုတ်ကျောက်များဖြင့် ဆောက်လုပ်ထားသော တိုက်ကလေး များဖြင့် မြို့ငယ်ကလေးမှာ လှပ၍နေသည်။ ခြံတိုင်းတွင်ပင် တိုက်ကပ်ပန်းများ၊ နွယ်ပန်းများက ရောင်စုံပွင့်ဝေနေ၏။ ကြိုတင် ဖုန်းဆက်ထားသော ဦးကျော်ခိုင်ထံရောက်သွားသည်။ ဆရာဝန်ကြီး ဤမြို့တွင်အမှုထမ်းခဲ့စဉ်က ဦးကျော်ခိုင်ကပင် အစစအကူအညီပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်ဟုဆိုသည်။ ဦးကျော်ခိုင်ထံတွင် ငှားရမ်းရန် အိမ်တစ်လုံးရှိနေသဖြင့် ပို့အဆင်ပြေသွားသည်။

ဦးကျော်ခိုင်ကား အသက်(၅၀)ကျော်ခန့်ရှိသည်။ ထိပ်ပြောင်ပြောင် မျက်လုံးပြူးပြူး ဝဖိုင့်ဖိုင့်လူတစ်ယောက်ဖြစ်ကာ၊ သဘောကောင်းပုံရ၏။

"ရောက်လာကြပြီကိုး"

ဟု သူတို့ကိုနွေးထွေးစွာ ကြိုဆို၏။ နောက်တော့ သူက ရှေ့ကားဖြင့် လမ်းပြသည်။ ဒေါ်မြနှစ်တို့သားအမိအတွက် ငှားရမ်းရရှိသောအိမ်က မြို့တစ်ဘက်တွင်ရှိသည်။ မြို့လယ်ကို သူတို့ဖြတ်ကာ ကားမောင်းလာ၏။ မြို့ရှိ တစ်ခုတည်းသောကတ္တရာလမ်းငယ်လည်းဖြစ်သည်။ ကားနှစ်စီးရှောင်သာရုံတော့ ကျယ်ပြန့်၏။ မြို့လယ်တွင် စားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ စတိုးဆိုင် စသဖြင့် ဆိုင်ငယ်လေးတချို့ကိုတွေ့ရ၏။ နောင်မှ ဤမြို့တွင် ဈေးဟူ၍သီးသန့်မရှိ၊ အိမ်ဆိုင်များသာရှိကြောင်းသိရ၏။

အိမ်တိုင်းပင် ဝန်းခြံကလေးကိုယ်စီဖြင့်ဖြစ်ကာ တစ်အိမ်နှင့် တစ်အိမ် အတန်ငယ်အလှမ်းကွာစွာ တည်ဆောက်ထားကြသည်။ သူတို့ရှေ့ကသွားနေသော ဦးကျော်ခိုင်၏ကားသည် အုတ်တံတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကာထားသော ခြံဝန်းငယ်တစ်ခုအတွင်း ချုံးကွေ့ဝင်ကာ တစ်ထပ်တိုက်ကလေးတစ်လုံးရှေ့၌ ရပ်လိုက်၏။ ဒီအိမ်ကလေးပင် သူတို့နေရမည့်အိမ်ဖြစ်ပေမည်။

"အိမ်က လူမနေတာကြာပြီဆိုပေမဲ့ ကျွန်တော်က အမြဲရှင်းလင်းထားတော့ လူနေဖို့အဆင်သင့်ဖြစ်ပါတယ်"

ဦးကျော်ခိုင်က ပြောသည်။ ပြီးတော့ တံခါးကို သော့ဖွင့်ကာ ရှေ့ကဦးဆောင်ဝင်သွား၏။ အိမ်ကလေးက ပရိဘောဂအပြည့်အစုံလည်းရှိနေ၏။ ကြည့်ရတာ ရင်ထဲမှာနွေးနွေးထွေးထွေးရှိသလိုခံစားရသည်။ သွေးသောက်ကလည်း သဘောကျနေပုံရ၏။

"ထပ်ခိုးလေးကတော့ မရှင်းဘဲ ဒီအတိုင်းထားလိုက်တယ်၊ ခင်ဗျားတို့လည်း အသုံးပြုဖို့မလိုဘူးထင်ပါတယ်"

"အို ... မလိုပါဘူးရှင် ... ဒီအိမ်က ကျွန်မတို့သားအမိအတွက် လုံလောက်တာထက်တောင်ပိုနေပါသေးတယ် ... ကျွန်မတို့က ဒီမှာခဏစမ်းသပ်နေဖို့စဉ်းစားထားတာဆိုတော့ တည်းခိုခန်းသာရှိရင် တည်းခိုခန်းမှာပဲနေဖို့ စိတ်ကူးခဲ့သေးတယ်"

ဒေါ်မြနှစ်စကားကြောင့် ဦးကျော်ခိုင်က ပြုံးလိုက်၏။

"ဒီလောက်ခေါင်တဲ့မြို့ကလေးကို ဘယ်သူကများ အလည်

www.burmeseclassic.com

www.burmeseclassic.com



မလာဘူးဗျ ... ဒီလိုနေရာမျိုးမှာ တည်းခိုခန်းဖွင့်ရင် တစ်နှစ်နေ
တောင် ဧည့်သည်တစ်ယောက်ရဖို့ခက်တယ်"

"ဟုတ်သားပဲ ... ရှင်ပြောတာ သဘောပေါက်ပြီ"

ဦးကျော်ခိုင်က သေသေချာချာကြည့်ကာ ...

"ဒီနေရာက လူနေနဲ့ဝေးတော့ ခင်ဗျားတို့သားအမိနှစ်
ယောက်ထဲ နေရဲရဲ့လား ... ကျွန်တော်ကူဖော်လောင်ဖက်ခေါ်ပေး
ရမလား ..."

"အို ... ရပါတယ် ... ကျွန်မတို့နေရဲပါတယ်"

ဒေါ်မြနှစ်က ပြောလိုက်သော်လည်း သွေးသောက်က ...

"ဒီနေရာက ကြောက်စရာကိစ္စတွေရှိနေလို့လားဦးလေး"

ဟုမေးလိုက်၏။ ဦးကျော်ခိုင်က ပျာပျာသလဲ ...

"အိုမရှိပါဘူး ... ဘာမှမရှိပါဘူး"

ဟုဖြေလိုက်၏။ သွေးသောက်က ပြတင်းဝမှမြင်ရသော
တောစပ်ကိုငေးကြည့်နေ၏။ သူတို့ဝန်းခြံအပြင်ဘက်တွင် မြက်ခင်း
လွင်ပြင်ရှိသည်။ ထိုမြက်ခင်းလွင်ပြင်ထဲတွင် အကောင်နှင့်ဆင်
ကျော်ခန့်ရှိသော ဆိတ်တစ်အုပ်ကျက်စားနေ၏။ မြက်ခင်းလွင်ပြင်
တစ်ဘက်မှာတော့ သစ်တောအုပ်။ တောအုပ်မှာ အလင်းရောင်

www.burmeseclassic.com

www.burmeseclassic.com



နည်းပြီဖြစ်သဖြင့် ချောက်ချားဖွယ်မှောင်မည်းတိတ်ဆိတ်နေ၏။ သွေးသောက်က ထိုတောအုပ်ကိုငေးကြည့်နေတာမြင်တော့ ဦးကျော်ခိုင်က ...

"အဲဒီတောအုပ်ထဲကိုတော့ အကြောင်းမရှိရင် မသွားတာ ကောင်းတယ်"

ဟုဆိုလိုက်၏။ ဒေါ်မြနှစ်က ...

"ဘာဖြစ်လို့လဲ အန္တရာယ်ရှိလို့လား"

ဟုမေးလိုက်တော့ ...

"အဲဒီတောအုပ်ထဲမှာ ဝံပုလွေတွေရှိတယ် ... တောထဲမှာ လှည့်လည်ကျက်စားရင်း မျက်စိလည်လာတဲ့ကောင်မျိုးတွေပေါ့ ... သူတို့က လူတွေတွေ့ရင် ရန်မူတိုက်ခိုက်တတ်တယ်"

"ကဲ ... သားကြားတယ်နော် ... တောထဲမသွားနဲ့"

ဟု သူ့အမေက လှမ်းကာသတိပေးလိုက်သည်။ ဦးကျော်ခိုင်က ...

"ကျွန်တော် စားစရာသောက်စရာတွေ လာပို့ရဦးမလား"

"ဖြစ်တယ် ... ဒီညတော့ ဖြစ်သလိုစားလိုက်မယ် ... မနက်ကျမှ မြို့ထဲဈေးထွက်ဝယ်ထားမယ် ... ဪ ... ဒီရေခဲသေတ္တာက



www.burmeseclassic.com

www.burmeseclassic.com



သုံးလို့ရတယ်နော် ...”

“ရပါတယ် ... ဒီမှာက လျှပ်စစ်မီးကလည်းမှန်တယ် ... ဖျက်တယ်လို့မရှိဘူး”

“ညဘက်စာရေးတတ်တဲ့ကျွန်မအတွက် အဆင်ပြေတာပေါ့”

ဦးကျော်ခိုင်က နှုတ်ဆက်ကာ ပြန်သွား၏။ အိမ်ကလေးတွင် အိပ်ခန်းနှစ်ခန်းပါရှိသဖြင့်၊ အမေနှင့်သူ တစ်ခန်းစီခွဲယူကြသည်။ အမေက ထမင်းအိုးတစ်လုံးတည်နေစဉ်၊ သွေးသောက်က သူ့အခန်းထဲဝင်ကာ ပစ္စည်းတွေနေရာချရ၏။ ခုတင်ဘေးတွင် စားပွဲတစ်လုံးရှိနေသဖြင့် သူစာရေးစာဖတ်လုပ်ဖို့ အဆင်ပြေသွားသည်။ သူယူလာခဲ့သော ကြက်တူရွေးလှောင်အိမ်ကို စားပွဲပေါ်တွင်သာ တင်ထားလိုက်သည်။ ရွှေခဲမှာ ခရီးပန်းပုံမရဘဲ လန်းဆန်းနေသော်လည်း နေရာဒေသအပြောင်းအလဲကိုမူ သိပုံရ၏။ တိရစ္ဆာန်များတွင်ထိုကဲ့သို့ ထူးခြားအာရုံများရှိ၍နေ၏။

အတန်ကြာတော့ သူ့အမေက ညစာစားဖို့လာခေါ်၏။ ညစာမှာ၊ ဖွယ်ဖွယ်ရာရာမဟုတ်။ ကြက်ဥနှစ်လုံးကိုခေါက်မွှေကြော်ထားသည်။ ပြီးတော့ အမဲသားစည်သွတ်ဘူးကိုနွှေးထားခြင်းဖြစ်သည်။ သို့သော် ဆာလောင်နေသဖြင့် ထမင်းဟင်းပူပူနွေးနွေးမှာ စား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှသည်။ သူ့အမေမှာ ထမင်းဟင်းအချက်ကောင်းသူ မဟုတ်။ အချက်အပြုတ်ကိုလည်း ဝါသနာမပါ။ စာရေးဆရာပီပီ အလကားအချိန်ကုန်အလုပ်ရှုပ်သောအလုပ်ဟု ယူဆသဖြင့် ရန်ကုန်တွင်နေစဉ်ကပင် တစ်ခါတရံဆိုင်ကဝယ်စား၏။ အများအားဖြင့်တော့ စည်သွတ်ဘူးများဝယ်ထားကာ အသင့်ဖောက်စား၏။

"အမေ သားကို ဘာကြောင့် သွေးသောက်လို့မှည့်ထားတာလဲဟင်"

ထမင်းစားရင်း သူကမေးလိုက်၏။

"သားကလေးကိုမွေးတော့ အမေအားတက်သွားတယ် ... တစ်ဘဝလုံးအားကိုးရမဲ့ ရဲဘော်ရဲဘက်တစ်ယောက်တော့ရပြီဆိုပြီး သွေးသောက်လို့မှည့်ခဲ့တာ ... အင်္ဂလိပ်လိုဆိုရင်တော့ ကွန်းမရိတ်ပေါ့ကွယ်"

ခက်တာက အမေတွေးသလို တခြားလူတွေကမတွေး။ သူ့ကို တခြားလူတွေရဲ့ သွေးကိုသောက်တဲ့ သွေးသောက်၊ သွေးစုတ်ဖုတ်ကောင်ဟု ယူဆခဲ့ကြ၏။ သူ့အမေက အခန်းပြတင်းတံခါးတွေလိုက်ပိတ်၏။ တောင်ကြားဒေသလျှိုအတွင်းဖြစ်သဖြင့် အမှောင်ရောက်သည်နှင့် အအေးဓာတ်က စိမ့်ကဲလာသည်။ သူ့အမေကမီးမှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ကာ အခန်းထဲဝင်လာခဲ့သည်။ အနည်းငယ်ချမ်းနေသဖြင့် အနွေးထည်အဖြစ်ဆွယ်တာခေါင်းစွပ်တစ်ထည်ထပ်ဝတ်လိုက်၏။ ရာသီဥတုကတော့ သူ့အကြိုက်ဖြစ်သည်။

သူ အိပ်ရာပေါ်လှဲချလိုက်ပြီး မကြာမီပင် အိပ်ပျော်သွားခဲ့သည်။ ခရီးပန်းလာတာလည်းပါပေမည်။ ချိုးချိုးချွတ်ချွတ်အသံများကြောင့် သူနိုးလာ၏။ သူက နားပါးကာ အအိပ်ဆတ်သည်။ သူ့အခန်းထဲတွင် သူမအိပ်ခင်က ထွန်းထားသည့် အနီရောင်ငါးတိုင်အား မီးသီးကလေးက ခပ်မှိန်မှိန်လင်းလက်နေ၏။ သူကြားရတဲ့ ချိုးချိုးချွတ် ချွတ်အသံတွေက မျက်နှာကျက်ပေါ်ကဖြစ်သည်။ သူ အိပ်ရာထဲက ထကာမျက်နှာကျက်ကိုကြည့်လိုက်၏။ ထိုမျက်နှာကျက်ကြမ်းပြင်မှာ အပြင်ဘက်ကထပ်ခိုးနှင့် တစ်ဆက်ပြင်တည်းဖြစ်ကြောင်း သတိပြုလိုက်မိ၏။

စားပွဲပေါ်တင်ထားသည့် ကြက်တူရွေးလှောင်အိမ်ထဲမှ ရွှေခဲကလည်း ဂနာမငြိမ်ဖြစ်ကာ တောင်ပံတဖျတ်ဖျတ်နှင့် တဂစ်ဂစ် အော်နေ၏။ ဒါမျိုးဖြစ်ခဲသည်။ သူကြည့်ရတာ တစ်ခုခုကိုမြင်ကာ အထိတ်တလန့်ဖြစ်နေသည့်ပုံပင်။

ရုတ်တရက် သူ့အခန်းတံခါးပွင့်သွားကာ သူ့အမေပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



၏။

"ဘာဖြစ်တာလဲသား … သားအခန်းက အသံတွေကြားနေလို့"

သူက မျက်နှာကျက်ကိုလက်နှိပ်ဓာတ်မီးဖြင့်ထိုးပြလိုက်၏။ ထိုနေရာမှ အမှုံအမွှားများကျနေတာမြင်ရသည်။ ဒေါ်မြနှစ်က …

"ကြွက်တွေဖြစ်ပါလိမ့်မယ်သားရယ် ပြန်အိပ်တော့"

သွေးသောက်က သူ့အမေစကားကိုပဲ ယုံကြည်လိုက်ပါတော့သည်။

✂……✂



www.burmeseclassic.com

www.burmeseclassic.com



* လှည့်ကြည့်လိုက်တော့ မှောင်လျှလျှအခင်းထဲတွင်ရပ်နေသောသူနှစ်ယောက်။ သူတို့ကိုယ်တွေက

(၃) ဗိညာဉ်နှင့်ဆုံသောည



www.burmeseclassic.com

www.burmeseclassic.com



## (၃) ဝိညာဉ်နှင့်ဆုံသောည

နောက်တစ်နေ့ မြို့လယ်သို့ ဈေးဝယ်ရန် သူ့အမေကားဖြင့် ထွက်သွားသောအခါ သူလည်းလိုက်၍သွားခဲ့သည်။ မြို့လယ်မှ မီနီမတ်ကတ်ငယ်တစ်ခုမှာ အတော်ပင် ပစ္စည်းစုံလင်သည်ကိုတွေ့ရ၏။ ဈေးငယ်လေးတစ်ခုပင် ဆိုနိုင်သည်။ လိုအပ်တာတွေ ပြည့်စုံအောင်ဝယ်ရလျှင် သူ့အမေဈေးဝယ်တာ အတော်ကြာလိမ့်မည်။ သူက မျက်နှာချင်းဆိုင်တွင်ရှိနေသော ကော်ဖီဆိုင်ငယ်လေးဆီ လျှောက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမမှာ လူသူကင်းရှင်းနေသည်။ နေရောင်ခြည်မမြင်ရ၊ နေလုံးက မိုးထိုးနေသောတောင်တွေအနောက်ရောက်နေသည်။ ဤနေရာတွင် တောင်ရိပ်ပြာပြာမှရိုက်ခတ်နေသော ပြာလဲ့လဲ့အလင်းရိပ်သာရှိသဖြင့် နေရောင်တိုက်ရိုက်အထိတွေ့ခံရမှာကြောက်သော သွေးသောက်အတွက် အဆင်ပြေ၍နေသည်။ မွန်းတည့်ချိန်တွင်သာ နေရောင်သည် မြို့ပေါ်ကိုတစ်နာရီခန့် တိုက်ရိုက်ထိတွေ့ခွင့်ရှိ၏။

ကော်ဖီဆိုင်မှာ လူရှင်းနေသည်။ လူငယ်တစ်စုက ကော်ဖီဆိုင်ထဲမှာပင် ဖွင့်ထားသည့် ဗွီဒီယိုဂိမ်းစက်၌ထိုင်ကာ ကစားနေကြသည်။ ဂိမ်းစက်များနှင့်နီးသော စားပွဲတစ်လုံးတွင်ထိုင်ကာ ကော်ဖီတစ်ခွက်မှာလိုက်၏။ သူနှင့်ကပ်လျက်ဂိမ်းစက်တွင် အသားညိုညို နှင့် အရပ်မြင့်မြင့်လူငယ်တစ်ယောက် ဗွီဒီယိုဂိမ်းကစားနေ၏။ သူက The Death Town မရဏမြို့တော်ဟူသော ဂိမ်းတစ်ခုကို ကစားနေခြင်းဖြစ်သည်။ သွေးသောက်ကိုယ်တိုင်က ဂိမ်းတွေရှိ၏။ အိမ်တွင် ကိုယ်ပိုင်ဂိမ်းစက်ရှိကာ အိမ်ထဲ၌တစ်ယောက်တည်းရှိလျှင် အမြဲတမ်း တစ်ကိုယ်တည်းကစားနေလေ့ရှိသည်။ ယခုဂိမ်းမှာ ဂိမ်းကစားသူက ဖုတ်ဝင်နေသော လူတွေနေသည့်မြို့ပျက်ကြီးထဲရောက်သွားသော ကစားပွဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူကိုတွေ့လျှင် သွေးစုပ်သည့်ဖုတ်ကောင်တွေက မြို့ပျက်ထဲ ဟိုနေရာဒီနေရာမှထွက်လာသည်။ ဖုတ်ကောင်တွေမှာ အကျီ အစုတ်စုတ်အပြတ်ပြတ်၊ ဖရိုဖရဲ သွေးအလူးလူး ညစ်ညစ်ပေပေ၊ ရုပ်ပျက်ဆင်းပျက်တွေဖြစ်သည်။ ထိုဖုတ်ကောင်တွေကို ကစားသူက လက်ထဲက သေနတ်ဖြင့် တရစပ်ပစ်ခတ်ရသည်။ သေနတ်ထိမှန်လျှင် ပေါက်ကွဲလွင့်စဉ်ကာ ပျောက်သွားလေသည်။ ထိုလူငယ်ကား လျှင်မြန်သွက်လက်ရုံမက လက်ဖြောင့်ပုံရ၏။ ပေါ်လာသည့် ဖုတ်ကောင်တွေကို တစ်ကောင်မလွဲအောင် ပစ်ခတ်နိုင်၏။ ဖုတ်ကောင်တစ်ကောင်ကိုထိမှန်တိုင်း ...

"ဟေး"ခနဲဝမ်းသာအားရလည်း အော်ဟစ်တတ်သည်။ သူက သွေးသောက်ဘက်လှည့်ကြည့်ကာ ...

"ငါက ဖုတ်ကောင်တွေကိုမုန်းတယ် ... အခုလို ဖုတ်ကောင်တွေကို သတ်ဖြတ်ရတာပျော်တယ်"

ဟုပြောလိုက်၏။ သွေးသောက်ကတော့ ကော်ဖီခါးခါးကို တစ်ကြိုက်သောက်လိုက်ရင်း ပခုံးသာတွန့်ပြလိုက်သည်။ ပြီးတော့

"မင်းရော ဖုတ်ကောင်တွေကိုလာသတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"သွေးစုပ်ဖုတ်ကောင်ဆိုတာ တကယ်ရှိတဲ့ဟာတွေမှမဟုတ်ဘဲ"

"ဟင် ... ဘယ်လိုလုပ်သိသလဲ ... သူတို့ကကြည့်လိုက်ရင် သာမန်လူတွေလိုပဲတဲ့ ... မင်းတို့ငါတို့နဲ့သိပ်မကွဲပြားဘူး၊ ငါ ဝတ္ထုတွေထဲမှာဖတ်ဖူးတာကိုပြောတာ"

"ဝတ္ထုဆိုတာ စာရေးဆရာတွေ စိတ်ကူးယဉ်ရေးထားတဲ့ဟာတွေပါ ..."

သွေးသောက်စကားအဆုံးမှာ လူငယ်က ဂိမ်းစက်တွင်ထိုင်နေရာမှထလာကာ သွေးသောက်စားပွဲတွင်ဝင်ထိုင်လိုက်ရင်း ...

"ငါ့နာမည်က ဇော်ရှိန်းပါ ... မင်းက မနေ့ကမှတို့မြို့ကို ပြောင်းလာတဲ့သူမဟုတ်လား"

ဟု ပြော၏။ သွေးသောက်က ...

"မင်းသိတာ မြန်လှချည်လား"

"တို့မြို့ကလေးက ကျဉ်းကျဉ်းလေးလေ ... ဘာထူးထူးခြားခြားဖြစ်ရပ်မှလည်းမရှိတော့၊ လူတစ်ယောက်ရောက်လာတာပဲ သတင်းဖြစ်နေတယ် ... ဒီမြို့က ပျင်းစရာအလွန်ကောင်းတယ် ... ဥပမာ ဟိုလိုဟာမျိုးကလေးနဲ့ မတွေ့တဲ့အခါမျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူညွှန်ပြသောအရာကိုကြည့်လိုက်သောအခါ ဆိုင်ထဲသို့ ဝင်လာသည့် သူတို့နှင့်အရွယ်တူ မိန်းမလှလေးတစ်ယောက်ကိုတွေ့ ရ၏။ ဘောင်းဘီရှည်အဖြူ လိမ္မော်ရောင်အင်္ကျီတို့ဖြင့် မှိုင်းပြသော ပတ်ဝန်းကျင်တွင် တောက်ပသောအရောင်အသွေးတို့ဖြင့် ထင်ပေါ် နေ၏။

အသားဖြူဖြူကောင်မလေးက ... လှပသောမျက်လုံးဝိုင်း ကလေးများဖြင့် သူတို့ရှိရာဘက်တစ်ချက်မျှလှမ်းကြည့်ကာ ခပ်လှမ်း လှမ်းစားပွဲတွင်တစ်ကိုယ်တည်းသွားထိုင်၏။

"သူ့နာမည်က နေခြည်ဝင်းတဲ့ ... ဒီမြို့ကလေးမှာတော့ အလှ ဆုံးကောင်မလေးလို့ပြောနိုင်တာပေါ့ကွာ"

ဇော်ရှိန်းက ခပ်တိုးတိုးပြောလိုက်သည်။ သွေးသောက်က စိတ်မဝင်စားသလို ထိုင်ရာကထလိုက်သည်။

"ငါသွားတော့မယ် ... အမေဈေးဝယ်ပြီးလောက်ပြီ"

ကောင်မလေးစားပွဲဘေးမှ ဖြတ်လျှောက်ကာ သူဆိုင်ထဲက ထွက်လာခဲ့၏။ သူက နေရောင်ခြည်ကိုကြောက်သည်။ ကောင်မ လေးနာမည်က နေခြည်ဝင်းတဲ့။ နေရောင်ခြည်က သူနှင့်မတည့်။ ပြီးတော့ ဒီဇော်ရှိန်းဆိုတဲ့ငနဲကလည်း ဘယ်လိုကောင်လဲ။ သွေးစုပ် ဖုတ်ကောင်တွေကိုသတ်ဖြတ်ရတာဝါသနာပါတယ်တဲ့။

www.burmeseclassic.com



သူ့အမေက ဈေးဝယ်ပြီးပြီ။ ကားနားတွင်ရပ်ကာ သူ့ကိုစောင့်နေ၏။

"သား ဘယ်သွားနေတာလဲ"

"ကော်ဖီတစ်ခွက်လောက်သွားသောက်နေတာပါ"

ကားမောင်းထွက်လာတော့ သူ့အမေက ပြောသည်။

"ဆိုင်ထဲမှာ ဒီမြို့က အထက်တန်းကျောင်းအုပ်ဆိုတဲ့သူနဲ့တွေ့ခဲ့တယ် ... သားကို ကျောင်းအပ်ဖို့ကိစ္စတောင်ပြောခဲ့ပြီ"

သူ့တွင်ကိုးတန်းအောင်လက်မှတ်ရှိသည်။ နေ့ကျောင်းတက်ရမယ်ဆိုတော့ သူရင်နည်းနည်းခုန်သွား၏။ ရန်ကုန်တွင်နေစဉ်ကနေရောင်ခြည်ကိုကြောက်သဖြင့် သူ ညကျောင်းသာနေခဲ့ရသည်မဟုတ်လား။ ဒီမှာတော့ တစ်နေ့လုံးနေမှ မြေပြင်ကိုနေရောင်ကမွန်းတည့်တစ်နာရီလောက်သာ ကျရောက်တတ်၏။

သူတို့အိမ်ရောက်တော့ အိမ်ရှေ့တွင် ကားတစ်စီးရပ်ထားတာတွေ့ရ၏။ ဦးကျော်ခိုင်၏ကားပင်။ ဦးကျော်ခိုင်က ကားပေါ်ကဆင်းလာသော သားအမိအားနှုတ်ဆက်ကာ ...

"နေရထိုင်ရတာ အဆင်ပြေလားလို့ လာကြည့်တာ"

ဟု မေးလိုက်၏။ ဒေါ်မြနှစ်က အဆင်ပြေပါတယ်ဟု ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်သော်လည်း သွေးသောက်က ...

"ညက ထပ်ခိုးပေါ်က အသံတွေကြားရတယ်ဦး"

ဟုပြောလိုက်၏။ ဦးကျော်ခိုင်က မျက်မှောင်ကြုတ်ကာ ...

"ဘယ်လိုအသံတွေလဲ"

"ချိုးချိုးချွတ်ချွတ်အသံတွေပေါ့"

"ခိုတွေထင်ပါတယ်"

ဟု ဒေါ်မြနှစ်ကပြောလိုက်၏။ ဦးကျော်ခိုင်က ...

"ဒီနေရာမှာ ခိုတွေမရှိပါဘူး ... ကြွက်တွေပဲဖြစ်မယ်"

ဟုပြောလိုက်၏။ ဆက်ပြီး ...

"ဒီလိုလုပ်လေ ... ကျွန်တော် ကြောင်တစ်ကောင်ယူလာပေးမယ်"

ဒေါ်မြနှစ်က ပြာပြာသလဲ တားမြစ်လိုက်၏။

"ဟာ ... မဖြစ်ဘူး ... ကျွန်မသားက ကြောင်တွေနဲ့ခတ်မတည့်ဘူး ... အလားဂျစ် allergic ဖြစ်တတ်တယ်"

"ဒါဆိုလည်း ကြွက်ထောင်ချောက်ဖြစ်ဖြစ်ယူလာပေးမယ်"

ဒေါ်မြနှစ်က ဤကိစ္စကို ရေးကြီးခွင်ကျယ်ကိစ္စဟု မထင်။ အခုမှသိရသောလူတစ်ယောက်ကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခိုင်နှုတ်ဆက်ကာ ပြန်သွား၏။ သွေးသောက်ကတော့ မ
ညက သူကြားခဲ့ရသော အသံသည် ထင်ယောင်ထင်မှားမဟုတ်တာ
ကောင်းစွာသိသည်။ သို့သော် ခုညအိပ်ရာဝင်သောအခါ ထိုကိစ္စကို
မေ့လျော့သွားပြန်သည်။

အခန်းထဲမှ ခြေသံတရှပ်ရှပ်အသံတွေကြောင့် သူနိုးလာ၏
သူ့အခန်းမှာ မှောင်အတိကျနေသည်။ သူ အိပ်ရာဝင်ခါနီးက ငါးတိုင်
အားမီးသီးကလေးကို ထွန်းထားခဲ့တာသေချာသည်။ အခုတော့
မီးပျက်သွားလေသလား၊ သို့မဟုတ် တစ်စုံတစ်ယောက်က ပိတ်ခဲ့
လေသလား။ သူ့အိပ်ခန်းပြတင်းပေါက်ကတော့ ပွင့်၍နေ၏။ ညက
ဒီတံခါးကို သူသေသေချာချာပိတ်ခဲ့မိသည်ဟု ထင်ပါသည်။ အခု
တော့ ...

ပြတင်းပေါက်က ထိုးကျနေသော လရောင်ကြောင့် အခန်းထဲ
တွင် အလင်းရောင်မှိန်ပျပျဖြစ်ထွန်းနေ၏။ သူ အိပ်ရာထဲကအသာ
အယာထထိုင်လိုက်သည်။ သူ့ကို တစ်စုံတစ်ယောက်က စောင့်ကြည့်
နေသလို စိတ်ထဲတွင် မလုံမလဲ ခံစားလိုက်ရ၏။ လှည့်ကြည့်လိုက်
တော့ မှောင်ပျပျအလင်းထဲတွင် ရပ်နေသူနှစ်ယောက်။ သူတို့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တွေက အမှောင်ထဲတွင်ပြာတာတာ စိမ်းတိမ်းတိမ်းအရောင်တွေ ပေါ်နေ၏။

သူနှင့်အနည်းငယ်လှမ်းသော်လည်း မထင်မရှားမြင်နေရသည်က သက်လတ်ပိုင်းအရွယ် ယောက်ျားကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်။ သူ့အဖေနှင့်အမေ၏အရွယ်ပင်။ သူ့ကိုစိုက်ကြည့်နေသော သူတို့မျက်လုံးတွေက ဝမ်းနည်းရိပ်ဖြင့် မှိုင်းဝေနေ၏။ သူကြက်သီးမွေးညင်းထမိသည်။ မြင်ရသည့်ပုံစံတွေက ကြောက်လန့်စရာ၊ ချောက်ချောက်ချားချားမဟုတ်။ သို့သော် မမြင်စဖူး ဝိညာဉ်ဆိုတာကိုမြင်လိုက်ရသဖြင့် ထိတ်လန့်သွားခြင်းဖြစ်သည်။ တစ္ဆေသရဲဆိုတာ ဒါပဲလား။ သူက ခုတင်ခေါင်းရင်းတွင်ရှိနေသော မီးခလုတ်ကို ဖွင့်လိုက်၏။

အခန်းထဲသို့ အလင်းရောင်ဖြာကျလာသည်။ သူခုနမြင်ခဲ့ရသော ဝိညာဉ်များနေရာတွင် ဘာမှရှိမနေတော့။ နံရံသာထင်ထင်ရှားရှားရှိနေ၏။ တစ္ဆေသရဲများသည် အမှောင်ထုကိုအားပြုရှင်သန်ကြသည်ဟုဆိုသည်။ အလင်းရောင်ကြောင့် ကွယ်ပျောက်သွားလေသလော။

ဟိုးအဝေးက ခွေးအူသံများကြားရ၏။ ပြတင်းဝဆီသွားရပ်



www.burmeseclassic.com

www.burmeseclassic.com



ကာ အဝေးသို့မျှော်ကြည့်လိုက်၏။ လရောင်ဆမ်းထားသော မြက်ခင်းလွင်ပြင်၏တစ်ဘက်တွင် ပိန်းပိတ်အောင်မှောင်နေသော တောအုပ်။ ထိုတောအုပ်ထဲမှ တောခွေးများအူသံက၊ ကြားရသူအသည်းအူတုန်ဖွယ်ထွက်ပေါ်၍နေလေတော့သည်။

✂------✂



www.burmeseclassic.com

www.burmeseclassic.com



ယာကွတ်သည် ရှတ်ရှတ်သဲသဲအသံများကြောင့် အိပ်ပျော်နေရာမှ လန့်နိုးလာ၏။ အသံတွေက ဆိတ်အုပ်ရှိရာဆိတ်တင်းကုတ်မှ ထွက်ပေါ်နေခြင်းဖြစ်သည်။ ဆိတ်အုပ်အလန့်တကြားဖြစ်ကာ တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့နေရာမှ ထွက်ပေါ်လာသည့် အသံများဖြစ်၏။ တောခွေးတွေ ဆိတ်တင်းကုတ်နားကပ်လာခြင်းဖြစ်နိုင်သည်။ ဒီကောင်တွေက ဝော်ပြက်လာပြီဆိုလျှင် ကြောက်စရာကောင်းသော တောရိုင်းတိရစ္ဆာန်တွေဖြစ်လာတတ်၏။

သူ နှစ်လုံးပြူးကိုင်ကာထွက်လာခဲ့သည်။ အဝေးမှတော ခွေးများအူသံကြားရ၏။ သူ့အိမ်မှ ဆိတ်တင်းကုတ်က တောအုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အဘောင်ပင်နီးလေသည်။ သူ့ဆိတ်ခြံထဲရောက်သွားသောအခါ ဆိတ်ခြံတံခါးပွင့်နေသည်ကိုတွေ့ရသည်။ ပြီးတော့ ဆိတ်တစ်ကောင်ကို ကိုက်ကာ ဒရွတ်တိုက်ဆွဲသွားသဖြင့် မြေပြင်တွင် ထင်ကျန်ရစ်ခဲ့သော စွပ်ကြောင်းရာကြီးကိုလည်းတွေ့ရ၏။

သူတွေဝေသွားသည်။ တောခွေးတစ်ကောင်ကတော့ ဆိတ်တစ်ကောင်ကို ဒီလိုကိုက်ချီမသွားနိုင်။ ကျားတစ်ကောင်လေလား။ သို့သော် ဤတောတောင်တစ်ဝိုက်တွင်ကျားက တွေ့မြင်ရခဲသော သတ္တဝါတစ်ကောင်သာဖြစ်၏။ ဒါဆို ဝံပုလွေတစ်ကောင်လား။ ဤအတွေးက ပို၍နီးစပ်၏။ စွတ်ကြောင်းရာတစ်လျှောက် သူနှစ်လုံးပြူး ကိုင်ကာလိုက်သွားသည်။ လက်တစ်ဖက်က လက်နှိပ်ဓာတ်မီးကို ကိုင်ထား၏။ မြေပြင်တွင် ဆိတ်ခန္ဓာကိုယ်မှထွက်ကျသော သွေးများကိုတွေ့ရ၏။

ယာကွက်တောထဲကိုသတိဖြင့် ဝင်လာခဲ့သည်။ ချိုးချိုးချွတ် ချွတ်အသံများကိုကြားရ၏။ ယာကွက်က ကြောက်လန့်တတ်သော လူတစ်ယောက်မဟုတ်။ အသက်လေးဆယ်ခန့်ရှိကာ ထောင်ထောင် မောင်းမောင်းနှင့် ကြံ့ခိုင်သန်စွမ်းသူဖြစ်၏။ သူက တစ်ကိုယ်တည်း နေထိုင်ကာ ဆိတ်သားရောင်းသည်။ ဆိတ်နို့ရောင်းသည်။ ဆိတ်နို့

www.burmeseclassic.com



သာရောင်းသည် သူက ဆိတ်နို့သောက်လေ့မရှိ။ သူ သောက်လေ့ရှိသည်က ဒေသထွက်ခေါင်ရည်ခေါ် အရက်ကိုသာဖြစ်သည်။ ယခုသည်း ညကသောက်ထားသောအရက်ရှိန်ကလေးရှိနေသဖြင့် သူ့ရဲ့တင်းတင်းဖြစ်နေသည်။ လူကလည်း ခပ်မိုက်မိုက်။ လက်ထဲကနှစ်လုံးပြူးသေနတ်အရှိန်ဖြင့် သူသွေးကြွ၍လည်းနေသည်။

မကြာခင် တောထဲက မြေပြင်တွင်လဲနေသော ဆိတ်ကိုတွေ့လိုက်ရသည်။ ဆိတ်က အရွယ်ရောက်စ ဆိတ်တစ်ကောင်ပင်ဖြစ်၏။ သက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ စစ်ဆေးကြည့်လိုက်၏။ လည်ပင်းတွင် အပေါက်လေးပေါက်တွေ့ရကာ ထိုအပေါက်များမှ သွေးများယိုစီးထွက်နေဆဲဖြစ်၏။ လည်ပင်းကိုကိုက်ကာ သွေးစုပ်ခံရကြောင်း ဆင်ရှားသည်။ ပြီးတော့ ဆိတ်၏ရင်ဘတ်မှာ ဓားဖြင့်အခွဲခံရသလို ဖွင့်၍နေ၏။

ခြေသံကြားလိုက်ရသည်။ ခြေသံကြားရာသို့လှည့်ကာ သက်နှိပ်ဓာတ်မီးနှင့်ထိုးလိုက်တော့ အမွေးရှည်ရှည်ဖြင့် မည်းမည်းအကောင်တစ်ကောင်၊ ခပ်လှမ်းလှမ်းသစ်ပင်များ၏နောက်ကွယ်တွင် ရိပ်ခနဲရိပ်ခနဲပြေးသွားတာမြင်ရသည်။ သေသေချာချာသဲသဲကွဲကွဲ တော့မမြင်ရ။ ဝက်ဝံတစ်ကောင်လောက်ကလည်း မကြီးမား။ လူဝံ



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ကောင်ဟုဆိုရအောင်လည်း လှုပ်ရှားသွားလာပုံက လူဝံနှင့်မတူ။ ဘာမှတွေးတောမနေ။ သူက ထိုအရာပြေးသွားရာသို့ချိန်ရွယ်ကာ သေနတ်ကိုပစ်ခတ်လိုက်၏။ ယာကွတ်၏နှစ်လုံးပြူးပေါက်ကွဲသံက တိတ်ဆိတ်နေသည့်တောအတွင်း ဆူညံ၍သွားပါလေတော့သည်။

✂- - - - ✂



www.burmeseclassic.com

www.burmeseclassic.com



* ငါသိတဲ့သွေးသောက်တယ်ဆိုတဲ့လူတွေက သွေးစုပ်ဖုတ်ကောင်တွေဗန်ပိုင်းယား Vampire တွေပေါ့။ ပြီးတော့ သမန်းဝံပုလွေတွေ။ ဒီကောင်တွေက လပြည့်လကွယ်ဆို လူ့ဘဝကနေ ဝံပုလွေဘဝကိုကူးပြောင်းတတ်တယ်တဲ့။

## (၄) အလည်လာသောသူရဲ့မောင်နှံ



www.burmeseclassic.com

www.burmeseclassic.com



## (၄) အလည်လာသောသရဲမောင်နှံ

ဒီနေ့ သွေးသောက်ကျောင်းစတက်သည်။ ကျောင်းမှာ တစ်ထပ် အုတ်ကျောင်းဖြစ်ကာ ကျောင်းသားသိပ်များများစားစားမရှိ။ မြို့ကလေးက သေးငယ်သလို လူဦးရေကလည်း နည်းပုံရ၏။ သူနေသောဆယ်တန်းမှာ လူ(၂၀)ကျော်ခန့်သာရှိသည့် အခန်းတစ်ခန်းဖြစ်၏။

သူ့အတန်းထဲတွင် ဇော်ရှိန်းကိုသော်လည်းကောင်း၊ ကော်ဒီဆိုင်ထဲတွင်ဆုံခဲ့သည့် နေခြည်ဝင်းဆိုသောကောင်မလေးကိုသော်လည်းကောင်းတွေ့ရ၏။ သွေးသောက်က နောက်ဆုံးတန်းတွင် သွား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်သည်။ ထိုခုံတွင်ထိုင်နေသော ကောင်လေးတစ်ကောင်ရှိ ပါ၏။ကောင်လေးက ခပ်ပုပုသေးသေးဖြစ်သဖြင့် ဆယ်တန်းကျောင်း သားဟုထင်စရာမရှိ။ ကျန်အတန်းသားတွေနှင့်ယှဉ်လိုက်လျှင် ကလေးတစ်ယောက်နှင့်ပိုတူနေ၏။

"ငါ့နာမည်လှိုင်ဘွား"

သူက မိတ်ဆက်လိုက်၏။

"ငါ့နာမည်က သွေးသောက်"

သူတို့ ဒီလောက်ပဲစကားပြောကြသည်။ သွေးသောက်က လူစိမ်းတွေနှင့်ပြောဆိုဆက်ဆံရမှာ၊ အတိတ်ကအကြောင်းတွေ ကြောင့် စိုးရွံ့နေ၏။ သူက တခြားသူတွေနှင့်တူတာမဟုတ်။ ဒီလို ကွဲပြားခြားနားတာကိုသိလျှင် သူတို့က သူ့ကိုရှောင်ကွင်းသွားတတ် ကြသည်။ ထိတ်လန့်စရာသတ္တဝါတစ်ကောင်လိုသဘောထားကြတာကို သူမလိုလား။

ကျောင်းနေ့လယ်မုန့်စားဆင်းတော့ သွေးသောက်က ကျောင်းဝန်းထောင့်ရှိအရိပ်ကောင်းသောသစ်ပင်ကြီးအောက်တွင် တစ်ကိုယ်တည်းထိုင်ကာ စာအုပ်တစ်အုပ်သွားဖတ်နေလိုက်၏။ သူ့ ဘေးတွင် နေခြည်ဝင်းရောက်လာသည်။ နေခြည်ဝင်းက ကော်ဖီဆိုင်

www.burmeseclassic.com

www.burmeseclassic.com



တွင်ဆုံလိုက်ကတည်းက လူစိမ်းလူငယ်ကိုစိတ်ဝင်စားနေသည်။

ရုပ်ကခပ်ဖြောင့်ဖြောင့်။ ခေါင်းကဆံပင်ခွေကလေးတွေ နဖူးပေါ်ခွေဝဲကျနေတာက လက်နှင့်တောက်ပြီး ကစားချင်စရာ။ သို့သော် သူ့အသားအရေတွေက နေရောင်နှင့်မတွေ့ရတာကြာပြီဖြစ်သလို ဖြူဖတ်ဖြူရော်ဖြစ်နေ၏။ ပြီးတော့ ဘောင်းဘီအနက်ရောင် တီရှပ်အနက်ရောင်။ သူအမြဲဝတ်ထားတတ်တာက ခေါင်းစွပ်နှင့်တွဲထားသော အနွေးထည်ဂျာကင်အနက်ရောင်ပွပွ။ ဒါမျိုးက အီမနမ်တို့လို ဟာစ်ပော့အဆိုတော်ဝတ်လေ့ရှိသောဒီဇိုင်း။

"ဟေး ... တစ်ယောက်တည်းလား ငါကနေခြည်ဝင်း"

သွေးသောက်က တစ်ချက်သာလှည့်ကြည့်၍ ...

"ငါ သိပြီးပြီ ... "

"နင့်ကိုဇော်ရှိန်းပြောတာလား ... မနေ့က ကော်ဖီဆိုင်ထဲမှာ နင်သူနဲ့စကားပြောနေတာတွေ့တယ် ... ဒီကောင်နဲ့သိပ်မပေါင်းနဲ့ ဒီကောင်ကကျောင်းမှာလူဆိုး ... "

ကောင်မလေးက သူ့ဘေးတွင် မပြောမဆိုဝင်ထိုင်လိုက်ပြီး

"နင် ဖတ်နေတာဘာစာအုပ်လဲ"

"ဒရက်ကူလာ ဘရမ်စတုတ်ကာရေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ပခုံးတွန့်လိုက်သည်။

"ဒီဝတ္ထုငါလည်းဖတ်ဖူးပါတယ် ... နင့်လိုမှုရင်းတော့မဟုတ်ဘူး၊ ရုတ်မဂ္ဂဇင်းထဲမှာ နိုင်ဇော်က အခန်းဆက်ဘာသာပြန်တာကို စောင့်ဖတ်တာ ... ဖရန်းစစ်ကော်ပိုလာရိုက်ထားတဲ့ အဲဒီဒရက်ကူလာဆိုတာလည်းကြည့်ဖူးတယ် ... သွေးစုတ်ဖုတ်ကောင်မြို့စားကြီး အကြောင်းက တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်နော်"

"ငါလည်း ဒီကားကြည့်ဖူးတယ် ... ငါကြိုက်တဲ့မင်းသား ကီနူရိဗ်ပါလို့"

သွေးသောက် ပေ့ါပေ့ါပါးပါးဖြစ်သွားသည်။ ဒီကောင်မလေးနဲ့စကားပြောရတာအဆင်ပြေသား။

"နင်က သွေးစုပ်ဖုတ်ကောင်တွေကိုကြိုက်တယ်"

"ဘာပြောတယ် ... "

ကောင်မလေးစကားကို သူက ရုတ်တရက်နားမလည်လိုက်။ ကောင်မလေးကရယ်ကာ ...

"ဒီလိုလေ ... သွေးစုပ်ဖုတ်ကောင်အကြောင်းရိုက်ထားတဲ့ ရုပ်ရှင်ကားတွေကိုကြည့်ရတာ ကြိုက်တယ်လို့ပြောတယ် ... နင် Twilight ဆိုတဲ့ ရုပ်ရှင်ကားကြည့်ဖူးလား"

www.burmeseclassic.com



"ဟင့်အင်း ..."

"အမေရိကန်မှာ အခုရုံတင်ပြနေပြီ ... ဝင်ငွေစံချိန်တင်တဲ့ ကားလေ ... နေရောင်ခြည်ကိုကြောက်တဲ့သွေးစုပ်ဖုတ်ကောင် ... ကောင်လေးနဲ့လူသာမန်ရိုးရိုးကောင်မလေးတစ်ယောက် ချစ်ကြကြိုက်ကြတဲ့ဇာတ်ကားက တော်တော်ကောင်းတယ် ... ငါ့ဆီမှာ ဗွီစီဒီရှိတယ် နင့်ကိုငှားမယ် ..."

သွေးသောက်က အဝေးကနေရောင်ရသောမြက်ခင်းကွက်လပ်တွင် စုဝေးနေသော ကျောင်းသူကျောင်းသားတွေကိုကြည့်လိုက်၏။ နေစာလှုံသူကလှုံ ဘောလုံးပစ်တမ်းကစားသူကကစား။ သူတို့အတွက်တော့ တစ်နေ့တွင် နာရီအနည်းငယ်သာကြုံရသော နေရောင်ခြည်မှာ လာဘ်တစ်ပါးပင်ဖြစ်လေသည်။ သူ့အဖို့တော့ ...

"မင်းက ဘာလို့သူတို့နဲ့သွားမကစားတာလဲ"

သွေးသောက်က နေခြည်ဝင်းကိုမေးလိုက်၏။ နေခြည်ဝင်းက ပြန်မေးသည်။

"နင်ကရော ..."

"ငါက နေရောင်ခြည်နဲ့မတည့်လို့"

www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်စကားကိုကြားတော့ နေခြည်ဝင်းက ပျက်လုံး
တစ်ခုကိုကြားလိုက်သလို ရယ်လိုက်သည်။

"ဘာတွေ ဒီလောက်တောင် သဘောကျနေတာလဲ"

သူတို့အနားကိုဇော်ရှိန်းနှင့်အဖော်ကျောင်းသားနှစ်ယောက်
လျှောက်လာရင်း မေးလိုက်၏။ သူတို့နှစ်ယောက်လုံး ထိုင်ရာမှ
လိုက်ကြသည်။ နေခြည်ဝင်းက အေးအေးလူလူပင် ...

"နင့်အလုပ်ဘာပါသလဲ ဇော်ရှိန်း"

ဟုပြောလိုက်၏။ ဇော်ရှိန်းမျက်နှာပေါ်တွင် မကျေချမ်းမှု
အထင်းသားပေါ်လွင်နေ၏။ အရေးမစိုက်သလို နေခြည်ဝင်းက
ထိုနေရာကထွက်သွားသည်။ သွေးသောက်က ထွက်သွားမည်ပြ
တော့ သူ့လက်မောင်းတစ်ဖက်ကို ဇော်ရှိန်းကဆွဲထားလိုက်၏။

"သွေးသောက် ... နောက်ကို မင်းဒီကောင်မလေးနဲ့ဝေးဝေး
နေပါ"

ဟုလေသံမာမာဖြင့်ပြောလိုက်၏။ သွေးသောက်က
ကြောက်တတ်သူတော့မဟုတ်။ သို့သော် ဤမြို့ကလေးကိုရောက်
မှာပင် ပြဿနာဖြစ်ရတယ်ဆိုတာက မကောင်း။ ဇော်ရှိန်းက

www.burmeseclassic.com



ကျောင်းတွင်လူစွာတစ်ယောက်ဖြစ်ပုံရ၏။ ထို့ကြောင့် အေးအေး လူလူပင် ရှောင်ရှားကာ ....

"ကောင်းပြီလေ ... ငါဆင်ခြင်ပါ့မယ်"

ဟုပြောကာ ထိုနေရာမှ ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလွှတ်သောအခါ ညနေစောင်းနေလေပြီ။ သူတို့အိမ်နှင့်ကျောင်းက အဝေးကြီးဟု မဆိုနိုင်။ ဒါကြောင့် သူက လမ်းလျှောက်ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။ ကျောင်းသားအတော်များများပင် လမ်းလျှောက်ပြန်၏။ နေခြည်ဝင်းကတော့ ဗမာဂျစ်ဖြစ်ဟန်တူသော ဂျစ်က ာလေးကို ကိုယ်တိုင်မောင်းကာ ပြန်သွားတာတွေ့လိုက်ရသည်။

သူလျှောက်ပြန်ရသော လမ်းကလေးမှာ တောလမ်းကလေးဟု ဆိုနိုင်သည်။ မြင့်မားသော သစ်ပင်များက လမ်းတစ်လျှောက်အုပ်မိုးထားသော မြေလမ်းကလေးဖြစ်၏။ ကားလမ်းမကြီးကပြန်

www.burmeseclassic.com

www.burmeseclassic.com



တာထက်စာလျှင် ထိုလမ်းကလေးက ပိုနီးသဖြင့် သူရွေးခဲ့ခြင်းဖြစ်သည်။ သူနှင့်အတူ ကျောင်းသားကျောင်းသူတချို့လည်းပါလာ၏။ သို့သော် တောလမ်းကလေးထဲဝင်မိသောအခါ အတော်အတန်လူနည်း၍သွားသည်။ ကိုယ့်အိမ်ရှိရာ နီးရာလမ်းမြှာကလေးများထဲသို့ ချိုးကွေ့ဝင်သွားကြသောကြောင့်ဖြစ်၏။ နောက်ဆုံးတောလမ်းကလေးထဲတွင် လျှောက်လာသူမှာ သွေးသောက်နှင့်လှိုင်ဘွားသာရှိတော့၏။

သူတို့နှစ်ယောက်မှာ တစ်တန်းတည်းသားတွေဟုဆိုသော်လည်း ယှဉ်လျှောက်လာသောအခါ လှိုင်ဘွားအရပ်မှာ သွေးသောက်မခုံးလောက်ပဲရှိတာတွေ့ရ၏။ သွေးသောက်က ဒီကောင်လေးကိုတော့ ခင်မိသည်။ သူကခင်စရာအကောင်းသား။ ပွင့်လင်းရိုးသားပုံရ၏။ လမ်းလျှောက်လာရင်း ...

"သွေးသောက် မင်းဒီကျောင်းမှာနေရင် ဇော်ရှိန်းကိုတော့ သတိထား ... ဒီကောင်က ဒီကျောင်းမှာလူဆိုး ... သူ့ကိုဘယ်သူမှ မဆန့်ကျင်ရဲဘူး ..."

"ငါသိပါတယ် ..."

"သူက နေခြည်ဝင်းကိုသဘောကျနေတာ ... နေခြည်ဝင်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီကောင့်ကိုသဘောကျပုံမရပါဘူး ... ဒါနဲ့ မင်းနာမည်က ဘယ်လိုလုပ်သွေးသောက်ဖြစ်နေရတာလဲ ... "

"အမေမှည့်ထားတာပဲ"

"ငါသိတဲ့သွေးသောက်တယ်ဆိုတဲ့လူတွေက သွေးစုပ်ဖုတ်ကောင်တွေ၊ ဗန်ပိုင်းယား Vampire ပေါ့ ... ပြီးတော့ သမန်းဝံပုလွေတွေ ... ဒီကောင်တွေကလပြည့်လကွယ်ဆို လူဘဝကနေ ဝံပုလွေဘဝပြောင်းတတ်တယ်တဲ့ ... "

ထိုအခိုက် တောထဲမှ ဝံပုလွေအူသံတစ်ချက်ထွက်ပေါ်လာသဖြင့် လှိုင်ဘွားကျောချမ်းသွား၏။ ဒီလိုတောင်ကြားလျှိုထဲမှာက နေ့တာတိုသည်။ နေဝင်စောသည်။ ချက်ချင်းပင် မှောင်ကျလာတတ်၏။ အခုလည်း အလင်းရိပ်မထိုးသော တောလမ်းတွင် အမှောင်ထုက ကြီးစိုးစပြုလာ၏။ ရှေ့တွင်လမ်းခွဲနှစ်ခု။ သူတို့နှစ်ယောက် သွားရမယ့်လမ်းကမတူ။ တစ်ယောက်တစ်လမ်းစီ ခွဲသွားကြရမည်ဖြစ်သည်။

"ငါရှေ့ကျရင် ညာဘက်ချိုးရမယ် ... "

"ငါက ဘယ်ဘက်ချိုးရမယ် ... မင်း ငါတို့အိမ်လိုက်မည်ပါသား ... "

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွားက တစ်ယောက်တည်းသွားရမှာကြောက်သ
သွေးသောက်ကို အဖော်ညှိလိုက်ခြင်းဖြစ်သည်။ သို့သော် သွေး
သောက်က ...

“နောက်များကျမှပေါ့ကွာ ... အခုမှောင်တော့မယ် ...
အမေ စိတ်ပူနေလိမ့်မယ် ... ”

လှိုင်ဘွား မတတ်နိုင်တော့။ တစ်ယောက်တည်း လမ်းခွဲထွ
လာခဲ့သည်။ လမ်းပေါ်တွင်တွေ့ရသော အချိုရည်သံဘူးတစ်ဘူး
လမ်းလျှောက်ရင်း တစ်လမ်းလုံးကန်လာခဲ့၏။ သံဘူးက သူက
လိုက်တိုင်း လမ်းပေါ်တွင် တဒေါက်ဒေါက်အသံမြည်ကာ လိမ့်သွ
လေရာ၊ အသည်းငယ်ကြောက်ရွံ့စိတ်ဝင်လာပြန်၏။ သို့ဖြင့် သံဘူ
ကို တအားကျုံးကန်လိုက်ပြန်သည်။ တစ်ကြိမ်မှာတော့ သူကန်လို
သော သံဘူးက လမ်းမှချော်ကာ လမ်းဘေးတောအုပ်ထဲသို့ လွင့်
ဝင်သွားလေတော့သည်။

လှိုင်ဘွား တောအုပ်ထဲသို့ သံဘူးကိုပြန်ကောက်ရန်ဆင်းဝ
၍သွားသည်။ တောစပ်ထဲတွင် သံဘူးကိုရှာဖွေနေမိ၏။ ထိုနေ
တွင် အလင်းရောင်အားနည်းနေသဖြင့် မနည်းရှာဖွေနေရသည်
ထိုအခိုက်မှာပင် တောတွင်းဘက်နေရာမှ သံဘူးက သူ့ထံသို့ လွင့်စ



www.burmeseclassic.com

www.burmeseclassic.com



လာကာ သူ့ခြေရင်းတွင်ကျ၏။ လှိုင်ဘွားလန့်ဖြတ်သွား၏။ တစ်စုံတစ်ယောက်က ကောက်ယူကာ ပြန်မပစ်ဘဲ ဒီသံဘူးက သူ့ထံရောက်လာစရာအကြောင်းမရှိ။ သူက သံဘူးလွင့်လာရာအရပ်ကိုကြောက်ကြောက်နှင့်လှမ်းကြည့်လိုက်သည်။ ခြုံတွေနောက်မှ သူ့ကိုပြန်ကြည့်နေသော မျက်လုံးတောက်တောက်တစ်စုံကိုပြန်မြင်ရ၏။ ထိုမျက်လုံးပိုင်ရှင်၏မျက်နှာမှာ မမြင်ရလောက်အောင်ပင် အမွေးရှည်များဖုံးအုပ်နေ၏။

လှိုင်ဘွားလိပ်ပြာလွင့်စဉ်မတတ် ထိတ်လန့်သွားကာ ထိုနေရာမှ အားကုန်သုတ်ထွက်ပြေးလာခဲ့လေတော့သည်။

✂·······✂



www.burmeseclassic.com

www.burmeseclassic.com



"သား ေက်ာင္းတက္ရတာအဆင္ေျပရဲ႕လား"

သြားေသာက္ အိမ္ထဲေရာက္သည္ႏွင့္ သူ႔အေမက ေမးလိုက္၏။ အိမ္ထဲတြင္ မီးေရာင္ထိန္ထိန္လင္းေနကာ၊ ေႏြးေႏြးေထြးေထြး သည္းရွိ၏။ သူ႔အေမက မီးဖိုထဲတြင္ ထမင္းပြဲျပင္ေနသည္။

"အဆင္ေျပတယ္အေမ ..."

သူက ဒီေလာက္ပဲေျပာလိုက္၏။ ေဇာ္ရွိန္းႏွင့္အခ်င္းမ်ားခဲ့ရသည့္အေၾကာင္းကိုေတာ့ ထုတ္ေဖာ္ေျပာကာမေနေခ်။

"သား ေတာထဲကလာတဲ့အခါ လမ္းအတိုင္းပဲလာ ... ေတာထဲကိုဟိုေလွ်ာက္ဒီေလွ်ာက္ဝင္မၾကည့္နဲ႔ေနာ္ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲအမေ ..."

ဒေါ်မြနှစ်က သက်ပြင်းချလိုက်၏။ သူ့သားအကြောင်းကို သူသိသည်။ ခြေခြေမြစ်မြစ်မပြောနိုင်ဘဲ၊ သူ့သားက အသာတကြည် လက်ခံလိမ့်မည်မဟုတ်။ ထို့ကြောင့် ...

"နေ့ခင်းက အမေမြို့ထဲကစားသောက်ဆိုင်ကိုရောက်ခဲ့တယ် အဲဒီမှာ ယာကွတ်ဆိုတဲ့လူလည်းရှိတယ် ... သူက မနေ့ညက သူ့ ဆိတ်ကို တောထဲကတစ်စုံတစ်ရာက ခိုးသတ်သွားတဲ့အကြောင်း ကျယ်ကျယ်လောင်လောင်ပြောနေတယ် ..."

"ကျားတစ်ကောင် ဒါမှမဟုတ် ဝံပုလွေတစ်ကောင်ကောင် ဖြစ်မှာပေါ့ ..."

"မဟုတ်ဘူး ... ဆိတ်လည်ပင်းမှာ အစွယ်ရာလေးပေါက် တွေ့တယ် ... ဆိတ်လည်ပင်းကိုဖောက်ပြီး သွေးသောက်သွားတာ တဲ့ ... ပြီးတော့ ဗိုက်ကိုခွဲပြီး အထဲကအသည်းနှလုံးတွေကို ယူစား သွားတယ်တဲ့ ..."

သွေးသောက်က အံ့အားသင့်သွား၏။

"ကြားရတာ ကြက်သီးမွေးညင်းထစရာပဲအမေ"

ဟု ပြောလိုက်၏။ ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ဘာကောင်တဲ့လဲ"

"ဘယ်သူမှ မပြောနိုင်ဘူးသား ... ကြားရတဲ့လူတွေကတော့ ဆိတ်ထိတ်ပျာပျာဖြစ်နေတာပဲ ... ယာကွတ်ကတော့ ဒီသတ္တဝါကို ဘာကောင်ပဲဖြစ်ဖြစ် သူကိုယ်တိုင်သတ်ပစ်မယ်လို့ ကြိမ်းဝါးနေတယ်"

ယာကွတ်တို့ ဆိတ်တဲမှာ သူတို့အိမ်နှင့်မဝေးလှ။ ဒီတော့ အန္တရာယ်ကလည်း သူတို့နှင့်မဝေးလှဟုဆိုရပေမည်။

"ဘာပဲဖြစ်ဖြစ် ဂေဘထဲကို သားမဝင်မိဖို့သတိထား"

"ဟုတ်ကဲ့ မေမေ ... "

ဒီညတော့ စိတ်မောလူမောနှင့် သူအိပ်ပျော်သွားသည်။

ညလယ်ရောက်တော့ ချိုးချိုးချွတ်ချွတ်အသံတွေကြောင့် သူ အိပ်ရာနိုးလာပြန်သည်။ ဒီတစ်ခါတော့ သူ့အခန်းထဲတွင် ညဦးက ထွန်းထားခဲ့သည့်အတိုင်း ငါးတိုင်မီးသီးက ခပ်မှိန်မှိန်လင်း၍နေ၏။ သူက တစ်နေ့က တစ္ဆေနစ်ကောင်ကိုမြင်ခဲ့ရသော နံရံဆီလှမ်းကြည့်လိုက်၏။ သို့သော် နံရံတွင် ဘာမှမရှိဘဲ ရှင်းလင်းနေ၏။

သူ့နှာခေါင်းထဲတွင် ညှီစို့စို့ပုပ်ဟောင်ဟောင်အနံ့တစ်မျိုးရ၏။ ထိုအနံ့က ရှူ့ခဲ့သော်ပုပ်စော်နံတာနှင့်လည်းမတူ၊ ဆိုးဝါးလှသော အော်ဂလီ

www.burmeseclassic.com

www.burmeseclassic.com



ဆန်စရာကောင်းလှသည့် အနံ့အသက်ဖြစ်၏။ ဘယ်ကလာတာလဲ စမ်းစစ်လိုက်တော့၊ သူ့အိပ်ရာအပေါ်တွင်ရှိသော မျက်နှာကျက်ဆီမှ ဖြစ်နေ၏။ ထိုမျက်နှာကျက်ကား လူမနေသော ထပ်ခိုး၏ကြမ်းပြင် ပင်ဖြစ်သည်။ သူ မျက်နှာကျက်ကိုမော့ကြည့်လိုက်တော့ ...

ရုတ်တရက် တုန်လှုပ်ထိတ်လန့်သွား၏။ မျက်နှာကျက်တွင် ဖောက်ထိုးရပ်နေသော သရဲဇနီးမောင်နှံကိုတွေ့လိုက်ရသော ကြောင့်ဖြစ်သည်။ ဒီသရဲမောင်နှံက ဘာကြောင့် သူ့ဆီကိုညဘက် အလယ်လာနေရသနည်း။ သူတို့က မျက်နှာကျက်ပေါ်တွင် လင်းနို့ တွေလိုနေရာက လမ်းလျှောက်လာ၏။

သွေးသောက်က ကြောက်လန့်တကြား အိပ်ရာကထလိုက် သည်။ သူ့အမေကို ဟစ်ခေါ်လိုက်၏။ သို့သော် အသံတွေက လည် ချောင်းဝတွင်ပင် ပျောက်ရှ၍သွားသည်။ ဘာအသံမှ ထွက်ပေါ် မလာ။ ဒီတော့ ပိုကြောက်ရွံ့သွား၏။

အခုတော့ နံရံကိုခေါင်လိုက်လျှောက်ကာဆင်းလာသော သရဲ မောင်နှံမှာ ကြမ်းပေါ်တွင် သူနှင့်မျက်နှာချင်းဆိုင်ရပ်လျက်ရှိသည်။ သူတို့မျက်နှာတွေက ဤအခန်းတွင် သူနေထိုင်တာကို မလိုလား သည့်အလားရှိ၏။ သူတို့က သူတို့လက်တွေကို ရှေ့ထုတ်ကာ ဆန့်



www.burmeseclassic.com

www.burmeseclassic.com



တန်းလိုက်သည်။ ဒီလက်တွေ ချက်ချင်းပင် သွေးသောက်အနားကို ရောက်လာသည်။ ပြီးတော့ သွေးသောက်လည်ပင်းတွေကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်လိုက်၏။

သွေးသောက်ကလက်တွေကို ဆွဲဖယ်ကြည့်သည်မရ။ လက်တွေက လည်ပင်းတွင် တစ်စထက်တစ်စ တင်းကြပ်လာ၏။ ကြာတော့ သူ့အသက်ရှူရပင်ခက်ခဲလာသည်။ သူ့နဖူးတွင် ချွေးသီးချွေးပေါက်တွေထွက်လာ၏။ သူက တစ်ကိုယ်လုံးတွင်ရှိနေသော ခွန်အားများကို အသုံးပြုကာ ရုန်းကန်လိုက်သည်။

သူ အိပ်နေရာမှလန့်နိုးလာ၏။ ချောက်ချားဖွယ်အိပ်မက်တစ်ခုကို သူ မြင်မက်နေခြင်းဖြစ်သည်။ ညက အေးသဖြင့် လည်ပင်းတွင်ပတ်ထားသော မာဖလာက တင်းတင်းရင်းရင်းဖြစ်ကာ လည်ပင်းကိုဆွဲညှစ်ထားသလိုဖြစ်နေ၏။ အိပ်ရာထဲတွင် လှုးလိမ့်ရင်း မာဖလာတဘက်စကို သူ့ကိုယ်ဖြင့် ဖိထားမိခြင်းဖြစ်၏။ ဒီတော့ မာဖလာစက လည်ပင်းညှစ်သလိုတင်းတင်းရစ်ပတ်နေတော့၏။ တော်ပါသေးသည်။ အိပ်မက်ဖြစ်နေပေလို့သာပေါ့။

သူက အိပ်ရာထဲကထကာ ရေတစ်ခွက်သောက်လိုက်၏။ ဒီတော့မှ သူ့ခုတင်ဘေးက လှောင်အိမ်ကို ဂရုပြုမိသည်။ သူ အံ့ဩ


www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သွား၏။ လှောင်အိမ်ထဲတွင် သူမွေးထားသော ကြက်တူရွေး ရွှေခဲက ရှိမနေတော့။ ဘယ်ကိုရောက်သွားရသနည်း။

လှောင်အိမ်တံခါးက ပွင့်နေ၏။ သို့သော် ဤကဲ့သို့ လှောင်အိမ်တံခါးဖွင့်ကာ ထားသည့်တိုင်အောင် ရွှေခဲက ပျံထွက်ပြေးသွားတတ်သော သတ္တဝါမဟုတ်။ ပြီးတော့ ပျံ၍မရအောင် သူအတောင်ပံတွေကို ညှပ်ထားသေးသည်။ အခုတော့ ...

ပျောက်ပုံက ထူးဆန်းလှ၏။ လှည့်ကြည့်လိုက်တော့ ပြတင်းတံခါးကလည်း ပွင့်နေလေသည်။ တစ်စုံတစ်ယောက်သည် ပြတင်းပေါက်မှဝင်ကာ ရွှေခဲကို ယူငင်သွားလေသလော။

သူ့အတွက်တော့ အဖြေရှာမရသော ပုစ္ဆာတစ်ပုဒ်သာဖြစ်နေလေတော့သည်။

✂·····✂



www.burmeseclassic.com

www.burmeseclassic.com



* ထိုသူက သွေးအလိမ်းလိမ်း ဖုံအလိမ်းလိမ်းပေကျံစွန်းထင်း နေသော သူ့ရှေ့မှ လူငယ်ကို စူးစူးစိုက်စိုက်ကြည့်ကာ မေး လိုက်သည်။

“မင်းဘယ်သူလဲ ဘာဖြစ်လာတာလဲ”

## (၅) တောကြီးသဘက်လား မိစ္ဆာလား

www.burmeseclassic.com

www.burmeseclassic.com



## (၅) တောကြီးသဘက်လား မိစ္ဆာလား

နောက်တစ်နေ့အထိ သွေးသောက်၏စိတ်တွေက လေးလံ ...ိုင်းမှိုင်း၍နေသည်။ ကျောင်းရောက်တော့ ဇော်ရှိန်းတို့လူစုက ...ိုင်ဘွားကိုပြဿနာလုပ်နေတာမြင်ရ၏။ သူက အနားကပ်သွား ...ိုက်သည်။

"မင်း လူလိမ်ပဲ ... မဟုတ်တာတွေလာပြောနေတယ်"

ဇော်ရှိန်းက စွတ်စွဲ၏။ လှိုင်ဘွားက ...

"ငါမလိမ်ဘူး ... ငါတကယ်တွေ့ခဲ့တာ ... "

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဘာတွေဖြစ်နေတာလဲ ..."

အနားတွင်ရှိသော နေခြည်ဝင်းကို သွေးသောက်က မေးလိုက်၏။ နေခြည်ဝင်းက ...

"မနေ့က လှိုင်ဘွားအိမ်ပြန်တော့ တောထဲမှာ သတ္တဝါကြီးတစ်ကောင်နဲ့တွေ့ခဲ့တယ် ..."

"ဘယ်လိုသတ္တဝါလဲ ..."

"သူလည်း တိတိကျကျမပြောနိုင်ဘူး ... တောထဲမှာ မှောင်နေပြီကိုး ... အမွေးစုတ်ဖွားနဲ့ ကြောက်စရာကြီးလို့တော့ပြောတယ်"

"အဲဒါ တောကြီးသဘက်ဖြစ်ရမယ် ... ဒီအကောင်ကြီးတွေက တောကိုပိုင်တယ် ... တောထဲဖြတ်သွားတဲ့လူတွေကိုစားလို့ရတယ်"

တစ်ယောက်ကပြောသည်။ တစ်ယောက်က ...

"ကျားသစ်နက်ဖြစ်မှာပါ"

ဟုဆိုသည်။ လှိုင်ဘွားက ...

"ကျားသစ်နက်ဆိုရင် ငါ့သံဘူးကို ဘယ်လိုလုပ် ငါ့ဆီပစ်ပေးမလဲ ..."

"ဒါဆို မင်းတွေ့ခဲ့တဲ့အကောင်က ဘာကောင်လဲ"

"ဒါတော့ ငါလည်းမသိဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းငရွှီးပဲ ... လူအထင်ကြီးအောင်လာဖြီးနေတာ"

"မဟုတ်ဘူး ... ငါတကယ်တွေ့ခဲ့တာ"

ဇော်ရှိန်းက စိတ်ရှည်တော့ဟန်မတူ။

"ဒါဆို အဲဒီနေရာကို အခုသွားကြည့်မယ်ကွာ ... ကဲ ငါနဲ့ ဘယ်သူလိုက်မလဲ"

အားလုံး တိတ်ဆိတ်သွားကြသည်။ လှိုင်ဘွားစကားကို မယုံဟုပြောနေကြသော်လည်း ထိုနေရာကိုသွားကြည့်ဝံ့လောက်အောင်တော့ ဘယ်သူမှ သတ္တိရှိမနေ။ သွေးသောက်က ...

"ငါလိုက်မယ် ... "

ဟုပြောလိုက်၏။ နေခြည်ဝင်းက ...

"ဖြစ်ပါ့မလား ... "

"ဖြစ်ပါတယ် ... လက်နက်တော့ယူသွားရင်ကောင်းမယ်"

ဆိုတော့ ဇော်ရှိန်းက ...

"ငါ့မှာ ပွိုင့်တူးတူးလေသေနတ်ပါတယ်"

ဟုပြောလိုက်သည်။ တကယ်တော့ ဒီလေသေနတ်က ငှက်သစ်ရုံလောက်သာ အသုံးဝင်သည်။ သို့သော် ဘာမှမပါတာထက်စာရင်တော့ အများကြီးတော်သေးသည်ဟုဆိုရမည်။ ဇော်ရှိန်းက

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွားဂုတ်ကိုဆွဲကာ ...

"မင်းလည်းလိုက်ခဲ့ ..."

"ငါက ဘာလို့လိုက်ရမှာလဲ ..."

လှိုင်ဘွားက ရုန်းရင်းပြောသည်။

"အဲဒီကောင်ကို မင်းတွေ့ခဲ့တယ်ဆိုတဲ့နေရာ မင်းပြမှဖြစ်မှာ ပေါ့ကွ"

ဆိုတော့ လှိုင်ဘွားမငြင်းသာတော့။ ပြီးတော့ သွေးသောက်လည်းပါမှာပဲဟု အားတင်းကာလိုက်ခဲ့သည်။ အချိန်က ကျောင်းမုန့်စားဆင်းချိန်ဖြစ်သည်။ ကျောင်းသားတစ်စုက သူတို့သုံးယောက်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။ တကယ်တော့ သူတို့ကျောင်းနောက်ဖေးဘက်မှာ တောအုပ်အစနှင့်ဆက်စပ်လျှက်ရှိသည်။

တောထဲကိုတစ်စထက်တစ်စဝင်ရောက်လာသည်။ တောအလုံးမှာ တစ်ခါတစ်ရံ ထွက်ပေါ်လာသည့် ငှက်အော်သံ၊ ရှဉ့်လိုပုရစ်လိုအကောင်ငယ်ကလေးစွေအော်သံကလွဲ၍ တိတ်ဆိတ်နေ၏။ သူတို့သုံးယောက်လုံး တစ်လှမ်းခြင်းလှမ်းကာ ဘေးဘီကိုမျက်စိရှင်ရှင်ဖြင့် ကြည့်လာကြသည်။ ဇော်ရှိန်းကတော့ သူ့လက်ထဲက သေနတ်ကိုပစ်ခတ်ရန်အသင့်အနေအထားဖြင့် ကိုင်ထွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ... ဟိုမှာ ... တို့ကိုကြည့်နေတယ်"

လှိုင်ဘွားက တစ်နေရာကိုလက်ညှိုးထိုးပြကာ ကြောက်လန့်တကြားအော်ဟစ်လိုက်၏။ သူတို့ကြည့်လိုက်တော့ လှစ်ခနဲအရာဝတ္ထုတစ်ခုကိုသာ မြင်လိုက်ရသည်။ ဇော်ရှိန်းက ...

"သေစမ်းကွာ"ဟုဆိုကာ သူ့လက်ထဲက သေနတ်ဖြင့်ထိုးကာပစ်လိုက်၏။ ထိမှန်မရသောအခါ ထိုအရာနောက်သို့ ဒေါသတကြီးပြေးလိုက်သွားလေတော့သည်။ တစ်ဆက်တည်းမှာပင် အကြောက်လွန်နေသော လှိုင်ဘွားသည် နောက်ကြောင်းလှည့်ကာ ထွက်ပြေးလေတော့သည်။ ယောင်ချာချာဖြစ်ကျန်ခဲ့သူက သွေးသောက်။

သူက လှိုင်ဘွားနောက်ပြေးလိုက်ရမလား ဇော်ရှိန်းနောက်ပြေးလိုက်ရမလား၊ ရုတ်တရက်ဝေခွဲမရ။ နောက်တော့ လှိုင့်ဘွားနောက်ပြေးလိုက်ဖို့ စိတ်ကူးလိုက်သည်။ လှိုင်ဘွားမှာ လက်နက်မပါ။ သူ့ကိုယ်သူ ကာကွယ်နိုင်ငသည့်အင်အားမရှိ။

"လှိုင်ဘွားမပြေးနဲ့ မပြေးနဲ့"

သူက ရှေ့ကပြေးသွားသောလှိုင်ဘွားနောက်အော်ရင်း ပြေးလိုက်သည်။ လှိုင်ဘွားကတော့ နောက်လည်းလှည့်မကြည့် လှည့်လည်းမရပ်ဘဲ ပြေးမြဲပြေး၍နေသည်။ ထိုအခိုက်မှာပင် သွေး

www.burmeseclassic.com



သောက်သည့် သစ်မြစ်တစ်ခုကို ခလုတ်တိုက်ကာ ထောင်ကုန်းဆင်းခြေလျှောတစ်လျှောက် ဒလိမ့်ကောက်ကွေးကျသွားလေသည်။ သိပ်မနာကျင်လှသော်လည်း ရှက်ကြေမြများကပ်ကာ သူ့တစ်ကိုယ်လုံး ပေတူး၍ကုန်သည်။

ထိုအခိုက်မှာပင် သူ့အနောက်ဘက်ဆီမှ ကြောက်လန့်တကြား နာကျင်စွာအော်ဟစ်လိုက်သံကိုကြားလိုက်ရ၏။ ထိုအသံမှာ ဇော်ရှိန်းအသံပင်ဖြစ်သည်။ သွေးသောက်ကစဉ်းစားမနေတော့။ လဲကျနေရာမှ လူးလဲထကာ အသံကြားရာဆီသို့ပြေးထွက်လာခဲ့လေသည်။ ဇော်ရှိန်းတစ်ယောက် အန္တရာယ်ကြုံနေရတာတော့ သေချာနေလေပြီ။ သူ အကူအညီပေးနိုင်မလား။

တောအုပ်အတွင်းမှာ အလင်းရောင်ကောင်းစွာမရ။ သူ ပြေးလာရင်း မြေပြင်တွင်ရှိနေသော အရာဝတ္ထုတစ်ခုကို ခလုတ်တိုက်ကာလဲပြန်သည်။ ကြည့်လိုက်တော့ ငြိမ့်သက်နေသော ဇော်ရှိန်းဖြစ်သည်။ ဇော်ရှိန်းကို ပွေ့ထူကာ သူတကြော်ကြော်ခေါ်မိ၏။ သို့သော် ဇော်ရှိန်းကားပြန်ထူးနိုင်စွမ်းမရှိတော့။ ဇော်ရှိန်း၏လည်ပင်းတွင် အပေါက်ကလေးလေးပေါက်တွေ့ရကာ ၎င်းအပေါက်ကလေးများမှ သွေးများယိုစိမ့်ထွက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြား ထိုနေရာမှ သွေးသောက်ပြေးထွက်ခဲ့၏။ ခြေဦးတည့်ရာပြေးထွက်လာခဲ့ခြင်းဖြစ်ရာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ နောက်ဆုံးတော့ သူ တောအပြင်လမ်းလေးပေါ် ရောက်သွားသည်။ အဝေးတွင် မောင်းလာသော ကားတစ်စီးကိုတွေ့ရ၏။ သူက အကူအညီတောင်းရန် ကားကိုလက်ပြတားလိုက်၏။

ကားက သူ့ရှေ့တွင်ထိုးရပ်ကာ ကားပေါ်ကလူတစ်ယောက် ဆင်းလာလေသည်။ အသက်လေးဆယ်ခန့် ထောင်ထောင်မောင်းမောင်းဖြစ်ကာ ရဲအရာရှိဝတ်စုံကိုဆင်မြန်းထား၏။

ထိုသူ ဖုံအလိမ်းလိမ်းသွေးအလိမ်းလိမ်းပေကျံစွန်းထင်နေသော သူ့ရှေ့မှလူငယ်ကိုစူးစူးစိုက်စိုက်ကြည့်ကာမေးလိုက်သည်။

“မင်းဘယ်သူလဲ ... ဘာတွေဖြစ်လာတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



လေအဟုန့်တွင် မြေပြင်၌ကြွေကျနေသော ရွက်ကြွေတွေ က ဆောက်တည်ရာမရသလို ဦးတည်ရာမဲ့လွင့်ပါးသွားကြသည်။ ရဂုံဘွေ၏သချိုင်းကုန်းမှာ အတန်ငယ်မြင့်သောကုန်းကလေးပေါ်တွင် ရှိနေသည်။ နံနက်စောစောမို့ ထိုနေရာတစ်ဝိုက်တွင် မြူတွေဝေနေကာ အနည်းငယ်အုံ့မှိုင်းစိမ့်အေးနေ၏။ ထို့ကြောင့် ဇော်ရှိန်းအသုဘပို့လာသူတိုင်းလိုလိုပင် အနွေးထည်များဝတ်ဆင်ထားကြသည်။

ထိုအသုဘပွဲသို့ သွေးသောက်နှင့် သူ့အမေ ဒေါ်မြနှစ်လည်း ရောက်လာ၏။ သွေးသောက်က ဇော်ရှိန်းသည် သူ့အပေါ်မကောင်း လှသော်လည်း၊ ဒီလိုအဖြစ်မျိုးကြုံရတာကိုတော့ တကယ်ပင်စိတ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်နေသည်။ သို့သော် အသုဘပွဲတက်ရောက်လာသူတွေက သူတို့သားအမိကိုကြည့်သောမျက်လုံးတွေကို သဘောမကျ။ အထူးသဖြင့် ဇော်ရှိန်း၏အမေ။ သူ့ကိုကြည့်သောမျက်လုံးတွေက ရွံရှာမုန်းတီးမှုတွေနှင့် မီးဟုန်းဟုန်းတောက်နေသည်။ ဇော်ရှိန်းကို ကြည့်ကာတံတွေးတစ်ချက်ပင်ထွေးလိုက်သေး၏။ ဇော်ရှိန်းအဖေကလည်း အံကြိတ်ကာကြည့်နေ၏။ ခွင့်ပြုမည်ဆိုပါက သူ့ကိုမွှန်းမွှန်းညက်ညက်ချေပစ်မည့်ပုံမျိုး။

သူတို့အားကို ဦးကျော်ခိုင်ရောက်လာသည်။ အခြေအနေကို အကဲခတ်မိဟန်တူ၏။

"စိတ်မကောင်းမဖြစ်ကြပါနဲ့ ... သူတို့ရင်ထဲမှာ သားတစ်ယောက်လုံးဆုံးရှုံးနေရတဲ့အတွက် သိပ်ခံစားနေရလို့ပါ ဒေါ်မြနှစ် ..."

"ဒါကို ကျွန်မနားလည်ပါတယ် ... ဦးကျော်ခိုင် ... ဒါပေမဲ့ ဒီကိစ္စက ကျွန်မသားနဲ့ဘာဆိုင်သလဲ ..."

"ကျွန်တော်တို့အရင်ပြန်နှင့်ကြရအောင်"

ဟုပြောကာ ဦးကျော်ခိုင်က သူ့ကားနှင့်သားအမိကိုတင်ခေါ်လာခဲ့သည်။ သင်္ချိုင်းကို သူ့ကားဖြင့်လိုက်လာခဲ့ကြခြင်းဖြစ်သည်။ ကားပေါ်တွင် အတူစီးနင်းလာရင်း ဦးကျော်ခိုင်က...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဒီမြို့ကိုဘာကြောင့်လာနေကြသလဲဆိုတာ ဒီက လူတွေသိသွားကြပြီ"

ဟုဆိုလေသည်။ ဒေါ်မြနှစ်က ...

"ဒီကိစ္စက ကျွန်မတို့က ဖုံးကွယ်ထားတာမှမဟုတ်ဘဲ ... လူတကာကိုလျှောက်ပြောစရာမလိုလို့ မပြောခဲ့တာပဲ ..."

"ကိုတိုက်မောင်းက ခင်ဗျားတို့နေခဲ့တဲ့နေရာကိုလှမ်းစုံစမ်း ကြည့်ခဲ့တယ်လေ ..."

ကိုတိုက်မောင်းဆိုသည်မှာ ထိုနေ့က သွေးသောက်အကူ အညီတောင်းခဲ့သည့် ကားမောင်းလာခဲ့သော ရဲအရာရှိဖြစ်သည်။ သူ့ကို သွေးသောက်က ဇော်ရှိန်းအလောင်းရှိရာကိုခေါ်ဆောင်သွား ကာ ပြသခဲ့သည်။ ဤကိစ္စအတွက် ရဲအရာရှိ၏စစ်ဆေးမေးမြန်းခြင်း ကို သွေးသောက်ခံခဲ့ရသည်။ ဇော်ရှိန်းလည်ပင်းတွင် အပေါက်လေး ပေါက်တွေ့ရသဖြင့် လည်းပင်းကို ကိုက်ခဲ့သည့်ဒဏ်ရာဖြင့် သေဆုံး ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသည်။

ရန်ကုန်တွင် သူတို့နေခဲ့သည့်နေရာကို လိပ်စာတောင်းသည်။ ထိုနေရာရှိ ရဲဌာနကို အကူအညီတောင်း၍ နောက်ကြောင်းကိုစုံစမ်း လိုက်သောအခါ၊ သွေးသောက်အဖြစ်အပျက်တွေက ထင်ရှားပေါ်



www.burmeseclassic.com

www.burmeseclassic.com



လွင်လာ၏။ နေရောင်ကိုကြောက်သူ။ ညဘက်တွင်သာ လှုပ်ရှားတတ်သူ။ အများက အပေါင်းအသင်းမလုပ်သဖြင့် နေရပ်ကိုစွန့်ခွာလာခဲ့ပုံ။

"အဲဒီက ဆရာဝန်ကြီးဆီမှာစုံစမ်းကြည့်ရင် သိနိုင်တာပဲ ... ကျွန်မသားက သနားစရာကောင်းတဲ့ ဝေဒနာသည်တစ်ဦးပါ"

"ဒါကို ကျွန်တော်နားလည်ပါတယ် ဒေါ်မြနှစ် ... ဒါပေမဲ့ အားလုံးကတော့ ဒီလိုနားလည်နိုင်ကြမယ် မထင်ဘူး ..."

သူတို့အိမ်အရောက်ပို့ပေးခဲ့ကာ သူ့ကားကိုမောင်း၍ ပြန်သွားခဲ့သည်။ အိမ်ရောက်တော့ သွေးသောက်က ရန်ကုန်ရှိ မျိုးအောင်ထံ ဖုန်းဆက်သည်။ သူ့တွင် ရင်ဖွင့်စရာ ဒီသူငယ်ချင်းတစ်ယောက်သာရှိ၏။ မျိုးအောင်က ဝမ်းသာအားရ ...

"ငါ မင်းဖုန်းကိုမျှော်နေခဲ့တာ သွေးသောက် ... ဘယ်လိုလဲ နေရထိုင်ရအဆင်ပြေရဲ့လား ..."

"မှန်တဲ့အတိုင်းပြောရရင်တော့ မပြေဘူးသူငယ်ချင်း ... အခုတော့ ဒီကိုပြောင်းလာခဲ့မိတာ မှားများမှားသလားလို့တောင် တွေးနေမိတယ် ..."

"ဘာတွေဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မျိုးအောင်အသံက စိုးရိမ်တကြီးအသံ။ သွေးသောက်က ...

"ပြောရရင်တော့ အရှည်ကြီးပဲ ... ဖုန်းထဲကလည်း မပြောချင်ဘူး ... ငါမင်းဆီအကျိုးအကြောင်းစာရေးလိုက်မယ် ..."

"ဘာပဲဖြစ်ဖြစ်လေ ... မင်းစိတ်ခာတ်ကျမနေနဲ့ ... ဖြစ်သမျှရင်ဆိုင်နိုင်အောင်အားမွေး ... မင်းဘေးမှာ ငါရှိမနေတာနာသကွာ"

"ကျေးဇူးတင်ပါတယ်သူငယ်ချင်း ..."

သူတို့အိမ်ရှေ့ကို ကားတစ်စီးဆိုက်လာသည်။ ကားပေါ်က ဆင်းလာသူက ရဲအရာရှိဦးတိုက်မောင်းနှင့် အသက်(၃၀)ခန့်ဆရာဝန်တစ်ယောက်။ ဆရာဝန်ဟုသိရခြင်းမှာ ထိုသူဝတ်ဆင်ထားသောဂျူတီကုတ်အဖြူကြောင့်ဖြစ်သည်။

သူ့အမေက ဝတ္တရားအတိုင်း ဆီးကြိုခဲ့သည်။ သွေးသောက်ကတော့ စစ်ဆေးမေးမြန်းတာတွေကို ငြီးငွေ့လှသည်။

"ကျွန်တော်ပြောနိုင်တာတွေ အားလုံးကိုပြောခဲ့ပြီးပါပြီ ရဲအုပ်ကြီး ... ကျွန်တော်ပြောခဲ့တာတွေဟာလည်း အမှန်တွေချည်းပါပဲ"

ဦးတိုက်မောင်းက ...

"ငါတို့ လှိုင်ဘွားကိုလည်းမေးခဲ့ပြီးပါပြီ ... အခုဟာ မေးမြန်းစစ်ဆေးဖို့မဟုတ်ပါဘူး ... မင်းပါးစောင်ထဲက အသားစနည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



နမူနာယူချင်လို့ပါ ...”

“ဘာအတွက်လဲ ...”

ဒီတစ်ခါမေးလိုက်တာက ဒေါ်မြနှစ်ဖြစ်သည်။ ဒေါ်မြနှစ်၏

က အတန်ငယ်ကြွမြီးတိုနေဟန်ပေါက်၏။ ဦးတိုက်မောင်းက ...

“ဒီအင်အေစစ်ဆေးကြည့်ချင်လို့ပါ ...”

“ရှင်တို့က ကျွန်မသားကို တရားခံလို့ထင်နေလို့လား”

“စိတ်မရှိပါနဲ့ ဒေါ်မြနှစ် ... ကျွန်တော်တို့က ဖြစ်နိုင်ချေအား

လုံးကို လက်မလွှတ်ဘဲ စစ်ဆေးကြည့်ရပါမယ်”

ပါလာသောဆရာဝန်က သွေးသောက်ပါးစောင်ထဲမှ အသား

စ နမူနာကိုထုတ်ယူသည်။ ဒေါ်မြနှစ်က အတော်ပင်သည်းခံနေရ

ပေါက်၏။

“ကျေးဇူးတင်ပါတယ်သွေးသောက် ... မင်းဟာ လူကောင်း

လေးတစ်ယောက်ပါလို့ ငါ့သမီးကလည်းပြောပါတယ် ...”

ဦးတိုက်မောင်းက ပြန်ခါနီးတွင် ပြောလိုက်သည်။ သွေး

သောက်က ရုတ်တရက် နားမလည်။ ဦးတိုက်မောင်းက ...

“နေခြည်ဝင်းဆိုတာ ငါ့သမီးလေ”

ဟုဆိုမှ သဘောပေါက်သွား၏။ ဒီလိုအချိန်မျိုးမှာ သူ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ာ ရပ်တည်ပေးဖော်ရသဖြင့် သွေးသောက် ကျေနပ်သွား၏။
ီးတိုက်မောင်းပြန်သွားတော့ ဒေါ်မြနှစ်က သွေးသောက်အား ...

"နေခြည်ဝင်းဆိုတာ ဘယ်သူလဲ ..."

ဟုမေးလိုက်၏။ သွေးသောက်က ...

"ကျောင်းက ကျွန်တော့်သူငယ်ချင်းတစ်ယောက်အမေ"

ဟု အလွယ်တကူဖြေလိုက်၏။ ပြီးတော့ သူ့အမေဆက်မေး နေမည်စိုးသဖြင့် 'ကျွန်တော်အိပ်တော့မယ်အမေ'ဟုပြောကာ သူ့ အခန်းထဲဝင်လှဲနေခဲ့သည်။ သို့သော် တော်တော်နှင့်အိပ်မပျော်။ အတိတ်ကအရိပ်မည်းကြီးက ယခု သူ့ဘဝပေါ်ထိုးကျနေပြန်ပြီ။ ီအခြေအနေက သူ ထွက်ပြေးလွတ်မြောက်ခွင့်မရနိုင်တော့ပြီလော။ သူ ... ရင်မောမောနှင့် အိပ်ပျော်သွားလေတော့သည်။

✂------✂



www.burmeseclassic.com

www.burmeseclassic.com



* ဒီကောင်က သွေးစုပ်ဖုတ်ကောင်ပဲကွ ...
ဓော်ရှိန်းကိုဒီကောင်ပဲသတ်လိုက်တာ ...
ဒီကောင့်ပါးစပ်ထဲမှာ အစွယ်ရှိမရှိ ကြည့်ကြရအောင် ...

## (၆) ဝန်ပိုင်းယားခေါ်သွေးစုတ်ဖုတ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



## (၆) ဗန်ပိုင်းယားခေါ်သွေးစုတ်ဖုတ်ကောင်

နောက်နေ့ သွေးသောက်ကျောင်းရောက်သောအခါ အတန်းဖော်တွေက ထူးဆန်းသလိုကြည့်ကြသည်။ သူ့အကြောင်းတွေက ဒီကျောင်းမှာလည်း ပျံ့လွင့်နေပြီဖြစ်သည်။ ပြီးတော့ ဇော်ရှိန်းသေဆုံးရသောကိစ္စကလည်း သူတို့အဖို့ စိတ်ချောက်ချားစရာဖြစ်၍နေပေမည်။

"ဟော့ကောင် ဗန်ပိုင်းယား"

သူ့ကို ကျော်ဦးကခေါ်လိုက်ခြင်းဖြစ်၏။ ဒီကောင်က ဇော်ရှိန်း၏ လက်ရုံးဖြစ်သည်။ ဇော်ရှိန်းသေဆုံးရခြင်းအတွက် သွေးသောက်

www.burmeseclassic.com

www.burmeseclassic.com



အပေါ် မကျေမချမ်းဖြစ်နေပုံရ၏။ ကျော်ဦးနှင့်အတူ အဖော်ကောင် လေးနှစ်ယောက်ကပါ သူ့အနားကိုကပ်လာသည်။

“ဒီကောင်က သွေးစုတ်ဖုတ်ကောင်ပဲကွ”

“ဇော်ရှိန်းကို ဒီကောင်သတ်လိုက်တာ”

“ဒီကောင့်ပါးစပ်ထဲမှာ အစွယ်ရှိမရှိ ကြည့်ရအောင်”

နှစ်ယောက်က သွေးသောက်၏လက်နှစ်ဖက်ကို တစ်ဖက်စီမှ ချုပ်ကိုင်ကာ နံရံတွင် တွန်းကပ်လိုက်သည်။ သွေးသောက်၏ကျော သည် ကျောင်းအုတ်နံရံဖြင့်ကပ်နေကာ၊ သူ့ကိုချုပ်ကိုင်ထားသည်ကို ရုန်းထွက်မရဘဲရှိနေ၏။ သူ့ရှေ့ကို ကျော်ဦးက ရောက်လာကာ သူ့ပါးနှစ်ဖက်ကိုလက်ဖြင့် တအားဖျစ်ညှစ်လိုက်၏။ ပါးနှစ်ဖက်မှာ နာလာသဖြင့် သွေးသောက်က သူ့ပါးစပ်ကို ဟပေးလိုက်ရသည်။

“နင်တို့ ဘာတွေလုပ်နေတာလဲ”

နောက်မှ နေခြည်ဝင်းရောက်လာကာ ဟန့်တားလိုက်ခြင်း ဖြစ်သည်။

“သူ့ကို အခုလွှတ်လိုက်နော် ... မလွှတ်ရင် ငါကျောင်းအုပ်ကြီး နဲ့သွားတိုင်လိုက်မယ် ...”

ဟု ခြိမ်းခြောက်မှ ကျော်ဦးတို့က လွှတ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုသွေးစုပ်ဖုတ်ကောင်တစ်ကောင် ကျောင်းမှာရှိနေ
...ာ ကျောင်းနှာတယ် ..."

ဟုပြောကာ မျက်စောင်းထိုး၍ထွက်သွားကြသည်။

"နင်စိတ်ခာတ်ကျနေသလား"

ဘာမှမပြောဘဲ ကျောင်းခြံဝင်းထောင့်က သူထိုင်နေကျ သစ်
...အောက် သွေးသောက်က လျှောက်သွားကာ ထိုင်ချလိုက်၏။ သူ
...ာယ်လည်း စိတ်ဓာတ်ကျနေသည်။ ဤအတိုင်းဆို သူ ဒီကျောင်း
... ဆက်နေ၍ရော ဖြစ်ပါဦးမည်လော။

နေခြည်ဝင်းက သူ့ဘေးကိုရောက်လာကာ ယှဉ်တွဲထိုင်လိုက်
... သွေးသောက်က ...

"နင်ကရော ငါ့ကိုမကြောက်ဘူးလား"

ဟုမေးလိုက်၏။ နေခြည်ဝင်းကပြုံးကာ ...

"ဘာကိုကြောက်ရမှာလဲ ..."

"ငါက သွေးစုပ်ဖုတ်ကောင်ဆိုရင်လေ ..."

"နင်က ငါ့လည်ပင်းကိုကိုက်ပြီး ငါ့သွေးကိုသောက်မှာလား"

သွေးသောက်က ပခုံးတွန့်ပြလိုက်၏။ ဒီကောင်မလေးကို
...ာ့ သူ စိတ်ထဲကသဘောကျနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင့်အဖေက ငါ့ကိုဖမ်းမှာလား"

သွေးသောက်က မေးလိုက်၏။ နေခြည်ဝင်းက ...

"မဖမ်းပါဘူး ... နှင် အပြစ်မရှိနိုင်ဘူးလို့ ငါက အဖေ့ကိုပြော

ပြလိုက်တယ် ... "

"နှင့်စကားကို နှင့်အဖေကယုံမှာလား"

"ယုံမှာပေါ့ ... အဖေက ငါ့ကိုသိပ်ချစ်တယ်"

ဒီမြို့ကလေးမှာ နေခြည်ဝင်းကိုတော့ သူစိတ်ချယုံကြည်

ရမည်ဟုသွေးသောက်ထင်လာ၏။

"နှင် နေခြည်ကိုတကယ်ကြောက်သလား"

"ငါက နှင့်ကိုဘာလို့ကြောက်ရမှာလဲ"

ကောင်မလေးက ရယ်ကာ ...

"ငါပြောတာက နှင် နေရောင်ခြည်ကို တကယ်ကြော

သလားလို့မေးတာ ... ငါ့ကိုတော့ နှင်ကြောက်ဖို့မလိုပါဘူး"

သွေးသောက်လည်း ပြုံးမိသည်။

"ငါနဲ့နေရောင်ခြည်နဲ့မတည့်ဘူး ... နေရောင်ခြည်နဲ့ငါ့အ

ပြားတိုက်ရိုက်ထိတွေ့ရင် အလားဂျစ်ဖြစ်တယ် ... "

"နှင့်ရောဂါ တော်တော်ဆန်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးတွေကတော့ လူတစ်သိန်းမှာတောင်တစ်ယောက် ဖြစ်နိုင်ခဲတဲ့ရောဂါလို့ပြောတယ် ..."

"ဒီမြို့ကလေးကို နင်တို့ပြောင်းလာတာ ဒီရည်ရွယ်ချက်နဲ့ပေါ့ ဟုတ်လား ..."

"ဟုတ်တယ် ... ဒီမြို့မှာ နေရောင်ခြည်ကိုတွေ့ရခဲတယ်လေ"

သူတို့စကားပြောနေရာသို့ ဘောလုံးတစ်လုံးလွင့်စဉ်ကာ ရောက်လာသည်။ ခပ်လှမ်းလှမ်းတွင် ကန်နေကြသော ကျောင်းသား တစ်သိုက်ဆီမှ လွင့်ထွက်လာခြင်းဖြစ်၏။ ထိုအထဲကတစ်ယောက် က ...

"ဟေ့ကောင် ပြန်ကန်ပေးစမ်း"

ဟု လှမ်းအော်လိုက်၏။ သွေးသောက်က ထိုင်ရာမှထကာ ဘောလုံးကို ပြန်ကန်ပေးလိုက်၏။ သို့သော် ဘောလုံးက သစ်ပင်တစ် ပင်၏ပင်စည်ကိုမှန်ကာ တောအုပ်ထဲလွင့်ထွက်သွားလေသည်။

ကျောင်းသားတစ်သိုက်က သူ့ဆီပြေးလာကြ၏။

"ဟေ့ကောင် ဘယ်လိုလုပ်လိုက်တာလဲ"

"ငါတို့ ဘောလုံးကိုပြန်ကောက်ပေး"

ဘောလုံးပိုင်ရှင်ဖြစ်ဟန်တူသော ကျောင်းသားက ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ သွေးသောက်က စကားနည်းရုန်စဲ ...

"အေး ... ငါပြန်ကောက်ပေးမယ်"

ဟုပြော နောက်ဘက်တောစပ်နှင့်ခြားထားသည့် ကျောင်းခြံ စည်းရိုးသံဇကာကိုကျော်တက်ကာ အပြင်ထွက်လိုက်၏။ နေခြည်ဝင်းက ...

"သွေးသောက် သတိထားနော်"

ဟု လှမ်းအော်လိုက်သေးသည်။ တောထဲကို သူတိုးဝင်လာခဲ့သည်။ ဘောလုံးက အတော်ဝေးဝေးသို့ လွင့်စဉ်သွားဟန်တူ၏။ အတန်ကြာအောင်ရှာမှတွေ့၏။ သို့သော်ဘောလုံးက သစ်ပင်ရိပ်လုံးဝမရှိသော နေရောင်ခြည်ကျရောက်နေသည့် မြေတလင်းတွင် ရောက်နေ၏။ သူ့အနေဖြင့် နေရောင်ခြည်ထဲကို ဒီအတိုင်းထွက်၍ မဖြစ်။ ထို့ကြောင့် အနွေးထည်နှင့်တွဲထားသော ဂျာကင်ခေါင်းစွပ်ကိုခေါင်းမှာဆောင်းလိုက်၏။ သူ့မျက်နှာပေါ်အရိပ်ကျသွား၏။ ပြီးတော့ ခေါက်ထားသော ဂျာကင်အင်္ကျီလက်တွေကိုဖြန့်ချလိုက်သည်။ ပြီးတော့ မျက်နှာတွင်နေကာမျက်မှန်မည်းမည်းတစ်လက်ကိုခိုတ်တပ်ဆင်လိုက်၏။ အခုတော့ သူ နေရောင်ထဲတိုးထွက်ဖို့အသင့် ဖြစ်၍သွားလေပြီ။ သို့သော် ...

www.burmeseclassic.com



သူက ဘောလုံးကို သွားကောက်မည်ဟုကြည့်လိုက်သော အခါ ဘောလုံးက နဂိုရှိနေသော နေရာတွင်ရှိမနေတော့။ ထူးဆန်း စွာပျောက်ခြင်းမလှ ပျောက်ဆုံးနေလေသည်။ သူ ဟိုဟိုဒီဒီလျှောက် ရှာကြည့်သေး၏။ ဘောလုံးက ခြေထောက်ပေါက်ကာ ထွက်ပြေး သွားသလို ဘယ်မှာမှရှာမရ။ နောက်ဆုံး လက်လျှော့ကာ ကျောင်း ဝင်းထဲပြန်လာခဲ့ရ၏။ ဘောလုံးပိုင်ရှင်ကျောင်းသားက စိတ်ဆိုးမာန် ဆိုးဖြင့် ပြောလိုက်၏။

"မနက်ဖြန်ကျရင် ငါ့ဘောလုံးဖိုးပြန်လျော်ဖို့ ပိုက်ဆံယူခဲ့"

✂------✂



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနှစ်သည် စတိုးဆိုင်ကြီးထဲတွင် လိုအပ်သော အိမ်သုံးကုန်ပစ္စည်းများကို ဝယ်နေစဉ်၊ ရဲအုပ်နှင့်ဆုံလိုက်ရသည်။ ဒေါ်မြနှစ်က ရှောင်ဖယ်သွားဖို့ဆုံးဖြတ်လိုက်သည်။ ဤရဲအုပ်နှင့်စကားမပြောချင်။ သူ့သားကို တရားခံတစ်ယောက်လို သဘောထားနေသည့်အတွက် ဒေါ်မြနှစ် ကျဲမြီးတိုနေ၏။ သို့သော် ဦးတိုက်မောင်း ရှေ့က ပိတ်ရပ်ကာ ...

"ခင်ဗျားကိုပြောစရာစကားရှိတယ်"

ဟုဆိုသောအခါ ငြင်းဆန်ရခက်သွားသည်။ သူက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအန်အေစစ်ဆေးမှုက မအောင်မြင်ဘူး"

"ရှင်ပြောတာ ကျွန်မ သဘောမပေါက်ဘူး"

"ဒီလိုလေ ... သေဆုံးသူဆီမှာ တွေ့ရတဲ့ လည်ပင်းအပေါက်က တံတွေးနမူနာနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်တဲ့အခါ၊ သွေးသောက်ရဲ့ တံတွေးနဲ့ လုံးဝမတူညီတာတွေ့ရတယ်လို့ပြောတာ ... သူက တရား ခံလို့မယူဆနိုင်တော့ဘူးပေါ့ ... ခင်ဗျားတော်တော်စိတ်ပူနေလား"

"ဟင့်အင်း ... နဂိုကတည်းက စိတ်မပူဘူး ... ကျွန်မသားက ဒီလိုလူမဟုတ်ဘူးဆိုတာ သိနေလို့ပဲ ..."

"ကျွန်တော်တို့ကတော့ အမိန့်အရ ဖြစ်နိုင်ခြေရှိတဲ့ကိစ္စအား လုံးကို အလွတ်မပေးဘဲစစ်ဆေးရပါတယ်"

"ကျွန်မ သဘောပေါက်ပါတယ်"

ဒီတစ်ခါတော့ သူတကယ်ပဲ သဘောပေါက်သွားသည်။ သူ့ သား တကယ်ပင်အပြစ်ကင်းစင်ကြောင်းပြသဖို့ဆိုရင် ဤကဲ့သို့ ရဲ့အုပ်တစ်ဦး၏ထင်မြင်ချက်မှာ အင်မတန်အရေးကြီးကြောင်း သဘောပေါက်ထားသောကြောင့် ဖြစ်သည်။ ပြီးတော့ ဒီလူ့သမီးက လည်း ကျောင်းတွင်အစစအရာရာ သူ့ကိုကူညီသူဟု သားသွေး



www.burmeseclassic.com

www.burmeseclassic.com



သောက်က ပြောပြဖူး၏။

"ခင်ဗျား ကျွန်တော့်အပေါ် စိတ်ခုမနေဘူးဆိုရင် ကျွန်တော် ကော်ဖီတစ်ခွက်လောက်တိုက်ပါရစေ ..."

ဒေါ်မြနှစ်က လက်ခံလိုက်သည်။ အနီးဆုံး ကော်ဖီဆိုင်ကို ရောက်သွားကြ၏။ ကော်ဖီတစ်ခွက်စီသောက်ရင်း ...

"ခင်ဗျားရဲ့ခင်ပွန်းက ဘာလို့ပါမလာတာလဲ"

"သူက သင်္ဘောအရာရှိတစ်ယောက်ပါ ... ပြီးတော့ သူပျော် သလိုနေတတ်တဲ့သူ ... ကျွန်မတို့သားအမိနဲ့ အတူတူမနေတာ (၅) နှစ်လောက်ရှိပြီ ... ဒါပေမဲ့ တရားဝင်ပြတ်စဲထားကြတာတော့ မဟုတ်ဘူး ... ရှင့်အိမ်ထောင်ဘက်ကရော ..."

"ဆုံးသွားတာ (၃)နှစ်လောက်ရှိပြီ ..."

ဒါဆို ဒီလူက မုဆိုးဖိုတစ်ယောက်ပဲ။ သူ့အနေဖြင့် ဒီလိုလူမျိုး နှင့် အတူမထိုင်သင့်ဟု ဒေါ်မြနှစ်က တွေးလိုက်သည်။ သူက အသက်လေးဆယ်။ ပြီးတော့ ပြောမယ်ဆို အရွယ်တင်လှပသေး၏။ သားလူပျိုကြောင့် ဣန္ဒြေရရဝတ်စားနေရသော်လည်း ရောက်ရှိလေ ရာတွင် ရွယ်တူယောကျ်ားများ၏ စိတ်ဝင်စားခံရတာ မိမိဘာသာ



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိ၏။ ထို့ကြောင့် ကော်ဖီကိုမြန်မြန်သောက်ကာ ထိုင်ရာက ထလိုက်သည်။

"ကျွန်မ ပြန်တော့မယ်"

✂⋯⋯✂



www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်သည် မှောင်ရိပ်ပျိုးစတောတန်းတွင် တစ်ကိုယ်
ည်းလမ်းလျှောက်ကာပြန်လာခဲ့သည်။ ဇော်ရှိန်း၏ပြဿနာဖြစ်
ီးကတည်းက လှိုင်ဘွားက လမ်းလျှောက်မပြန်တော့။ အိမ်က
က်ဘီးယူဆောင်လာကာ စက်ဘီးနှင့်သာပြန်တော့၏။ သူ့ကိုဖြတ်
ျော်ကာ လှိုင်ဘွားစက်ဘီးစီးထွက်သွားသည်မှာ အတော်ပင်ကြာခဲ့
ပြီ။ သူလည်း စက်ဘီးတစ်စီးအဝယ်ခိုင်းရလျှင်ကောင်းမလားဟု
သွေးသောက်တွေးနေမိ၏။

သို့သော် တကယ်တွေးလိုက်သောအခါ သူ့အမေကို ဒုက္ခပေး
လိုဖြစ်မှာ ပူပန်မိသည်။ သူ့အမေသည် ဤမြို့ကလေးသို့ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့လာခဲ့သဖြင့် အိမ်ငှားခကအစ ငွေကုန်ကြေးကျများနေ၏ ရန်ကုန်ကတိုက်ခန်းကလည်း ပိတ်ထားခဲ့ရသည်။ ပြီးတော့ သူ မိသားစုရပ်တည်နိုင်ရေးအတွက် သူ့အမေသည် တစ်ကိုယ်တည်း ရုန်းကန်နေရသူဖြစ်သည်။ ပြီးတော့ စက်ဘီးဝယ်ခိုင်းရသည့် အကြောင်းပြချက်ကမကောင်း။ သူ့ရဲ့ကြောက်စိတ်ပျော့ညံ့စိတ်ကို ဖော်ပြရာရောက်နေမည်။ ပြီးတော့ သူ့အမေက စက်ဘီးဝယ်ပေးမ အစား၊ ကားဖြင့်သာ လာကြိုပေမည်။

သူအတွေးဖြင့် လျှောက်လာသဖြင့် ခရီးရောက်မှန်းမသိ ရောက်လာသည်။ ထိုအခိုက် ဘေးဘက်သစ်တောထဲမှ ချိုးချိုး ချွတ်ချွတ်အသံများ ထွက်ပေါ်လာသဖြင့်၊ ရင်ထဲတွင် ဒိန်းခနဲဖြစ်သွား ၏။ ဘာကောင်မှန်းသိ၊ ဇော်ရှိန်းခံလိုက်ရသည့် အန္တရာယ်ကောင်ကို တွေးမိကာ စိုးရွံ့သွားခြင်းဖြစ်သည်။ ဤနေရာတွင် နေ့တာတိုသည်။ နေဝင်ဇာစောသည်။ အခုကျောင်းလွှတ်လိုက်တာ ဘာမှမကြာသေး သော်လည်း၊ တောလမ်းတစ်လျှောက်၌ မှောင်ရိပ်သမ်း၍လာသည်။ သူ လာမိတာမှားပြီထင်သည်။ နောက်ရက်များတွင် ဤတောထဲက ဖြတ်လမ်းကိုအသုံးပြုမည့်အစား၊ ကတ္တရာကားလမ်းအတိုင်း လျှောက်ပြန်တာပိုကောင်းမည်ဟု တွေးမိလိုက်၏။ ပြန်ရတာ ခရီးက



www.burmeseclassic.com

www.burmeseclassic.com



ပံ့၍ဝေးသော်လည်း လုံခြုံစိတ်ချမှုရှိသည်။ အန္တရာယ်ကင်းမည်။

တကယ်ပင် ဘေးက အသံဗလံတွေက ပီပီပြင်ပြင်ကြားလာရ၏။ တစ်ဆက်တည်းမှာပင် တောထဲက ချုံပုတ်တချို့ လှုပ်ရှားသွားတာတွေ့ရ၏။ သားကောင်တစ်ကောင်များ တိုးတိုက်ဖြတ်သန်းသွားလေသလား။ သူက မြေနီလမ်းအလယ်မှာ ခေတ္တရပ်တန့်ကာ အာရုံစိုက်ငေးမောနေမိသည်။ တစ်စုံတစ်ရာကိုတွေ့ရလေမလားဟု ရှာဖွေသော်လည်း သူရှာဖွေနေသောအရာမှာ ဘယ်လိုအရာမျိုးဟု သူကိုယ်တိုင်လည်း သဲသဲကွဲကွဲမသိ။

ထိုအခိုက်မှာပင် တောအုပ်ထဲမှ တစ်စုံတစ်ရာလွှင့်ထွက်လာရာ သူ့ခေါင်းကိုမှန်သည်။ နာကြင်မှုမရှိသော်လည်း သူအထိတ်တလန့်ဖြစ်သွား၏။ သူ့ခေါင်းကိုမှန်သောအရာက မြေပြင်ပေါ် ကျ၍သွားသည်။ ကြည့်လိုက် ပိုအံ့ဩသွား၏။ ဘောလုံးတစ်လုံး။ နေ့လယ်က သူတို့ကျောင်းအနောက်ဘက်တွင် ပျောက်ဆုံးသွားသော ဘောလုံး။ ထိုဘောလုံးက ဘာကြောင့် ဤနေရာကိုရောက်နေရသနည်း။ ပြီးတော့ ဘာကြောင့် သူ၏ခေါင်းကိုလာမှန်ရသနည်း။ တစ်ယောက်ယောက်က ပစ်ပေါက်လိုက်ခြင်းဖြစ်ကာ၊ မမြင် ပစ်ပေါက်သူက ဘယ်သူလဲ။ သရဲတာစ္ဆေပင်လော။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တွေးမိသောအခါ သွေးသောက်သည် ကြောက်စိတ်ဝင်ကာ ထိုနေရာမှ ထွက်ပြေးလာခဲ့မိလေသည်။ ထွက်ပြေးရင်းလည်း သူ့နောက်က ထိုအရာလိုက်လာလေမည်လားဟု နောက်သို့မကြာခဏလှည့်ကြည့်မိ၏။

လှည့်ကြည့်လိုက် ပြေးလိုက်ဖြင့်ပင် သူသည် တစ်စုံတစ်ယောက်နှင့်ပြင်းထန်စွာ ဝင်ဆောင့်မိလေတော့သည်။

✂----✂

သူ
ဖြတ်
လျှော



www.burmeseclassic.com

www.burmeseclassic.com



* ညစ်ပတ်ပေရေနေသော ကိုယ်လုံး၊ ပေတူးနေသော မျက်နှာ၊ ဆံပင်ရှည်တွေက သူ့မျက်နှာပေါ်ဖုံးနေသည်။

## (၇) သချိုင်းထဲကထလာသူ

www.burmeseclassic.com

www.burmeseclassic.com



## (၇) သင်္ချိုင်းကထလာသူ

တိုက်မိသောအရှိန်ဖြင့် သွေးသောက် မြေပြင်ပေါ်ကို လဲကျသွားသည်။ လဲကျရာက သူမော့ကြည့်လိုက်တော့ ...

ထောင်ထောင်မောင်းမောင်းအရုပ်ကြီးနှင့် သူ့ကိုစူးစိုက်ကြည့်နေသော ယာကွတ်ကိုတွေ့လိုက်ရသည်။ လက်တစ်ဖက်တွင် နှစ်လုံးပြူးသေနတ်၊ လက်တစ်ဖက်မှာတော့ လက်နှိပ်ဓာတ်မီးကိုကိုင်ဆောင်ထား၏။

"မင်း ငါ့ဆိတ်ခြံနားဘာလာလုပ်တာလဲ"

ဤနေရာမှာ ယာကွတ်ဆိတ်ခြံနှင့်နီးသောနေရာဖြစ်ကြောင်း သူ သတိပြုလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆိတ်ခြံနားမှာ အသံတွေကြားလို့ ငါထွက်လိုက်လာတာ မင်းနဲ့တွေ့တာပဲ ... မင်း ငါ့ဆိတ်တွေကိုခိုးပြီး သွေးသောက်မလို့ မဟုတ်လား ... မင်းအကြောင်းတွေ ဒီမြို့ထဲမှာပြောနေကြတာ အားလုံး ငါကြားပြီးပြီ"

ယာကွတ်မှာ တော်တော်ဒေါသဖြစ်နေပုံရ၏။ သွေးသောက်က ဖြစ်ပျက်သမျှကိုအမြန်ဆုံး ဗလုံးဗထွေးနှင့် ရှင်းပြလိုက်ရ၏။ ယာကွတ်က လုံးဝမယုံကြည်။

"အဲဒါ ဘာကောင်လဲ ..."

"ကျွန်တော်လည်း ဘယ်သိမလဲ"

"မင်းအပြစ်လွတ်အောင် ငါ့ကိုလိမ်နေတာမဟုတ်လား"

"ကျွန်တော် မလိမ်ပါဘူး"

ယာကွတ်က ...

"ဒါဆို ... မင်း အဲဒီနေရာကို ငါ့ကိုလိုက်ပြ ... မဟုတ်ရင်တော့ မင်းသေဖို့သာပြင်ပေတော့ ..."

ထိုနေရာသို့ပြန်သွားရမည်ကို သွေးသောက်က ကြောက်ရွံ့သည်။ သို့သော် ယာကွတ်နှင့် သူ့နှစ်လုံးပြူးသေနတ်ကို ပိုကာ ကြောက်ရွံ့နေ၏။ ထို့ကြောင့် ဘောလုံးတွေ့ခဲ့သောနေရာသို့ ယာ



www.burmeseclassic.com

www.burmeseclassic.com



ကွတ်ကိုပြန်ခေါ်ခဲ့ရလေသည်။ အခုတော့ တောအတွင်းတွင် အမှောင်ထုက အတော်ပင်ကြီးစိုးနေပြီဖြစ်၏။ တော်ပါသေးသည်။ ယာကွတ်ထံတွင် လက်နှိပ်ဓာတ်မီးတစ်လက်ပါလာခြင်းကြောင့်ဖြစ်သည်။ တောလမ်းတစ်နေရာရောက်သောအခါ သွေးသောက်က ရပ်ကာ တောအုပ်ထဲလက်ညှိုးထိုးပြရင်း ...

"ကျွန်တော် ဘောလုံးနဲ့အပေါက်ခံရတာ ဒီနေရာပဲဗျ"

"အဲဒီဘောလုံးရော ဘယ်မှာလဲ"

အခုမှကြည့်လိုက်သည်။ သူထွက်ပြေးလာစဉ်က လမ်းဘေးတွင်ကျနေသော ဘောလုံးမှာ အခုမရှိတော့။ ယာကွတ်က ဒေါ်ပွ၍သွားသည်။

"မင်းလိမ်တာမဟုတ်လား"

"ကျွန်တော် မလိမ်ဘူး ..."

သွေးသောက်က ပြောလိုက်စဉ်မှာပင် တောထဲမှပြေးလွှားလှုပ်ရှားသံတစ်စုံတစ်ရာ ကြားလိုက်ရ၏။ ယာကွတ်အာရုံက သွေးသောက်ထံမှ လွှဲပြောင်းသွား၏။ တောအုပ်ထဲကို လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သည်။ မည်းမည်းအရာတစ်ခုကို ရိပ်ခနဲတွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်လဲ ..."

ယာကွတ်က ရည်ရွယ်လိုက်၏။ ပြီးလျှင် ...

"ဘာကောင်ပဲဖြစ်ဖြစ်ပေါ့ကွာ ... ယာကွတ်ရဲ့နှစ်လုံးပြူးနဲ့ တွေ့ရင် မလွယ်ဘူးမှတ်ပေတော့ ..."

ဟု ခပ်ထွေထွေနှင့်ပြောကာ ...

"ဟော့ကောင် မင်းပါလိုက်ခဲ့ ..."

တောထဲသို့ စတင်ဝင်ရောက်သွားသည်။ သွေးသောက်မှာ ယာကွတ်စကားကိုမလွန်ဆန်နိုင်။ ထို့ကြောင့် နောက်မှ အထိတ်ထိတ်အလန့်လန့် လိုက်ပါသွားရ၏။ ယာကွတ်ကား အရက်သောက်ထားဟန်လည်းဝှာ၏။

"ဘာကောင်လဲကွ ... ဘာကောင်ဖြစ်ဖြစ် သတ္တိရှိရင် ထွက်ခဲ့ ယာကွတ်က ဘာကောင်မှကြောက်တတ်တဲ့ကောင်မဟုတ်ဘူး"

ယာကွတ်စကားဆုံးရုံပင်ရှိသေး၏။ အနီးရှိ သစ်ပင်သစ်ရွက် သစ်ခက်ကြားထဲမှ မဲမဲအရာကြီးတစ်ခု ခုန်ထွက်လာကာ ယာကွတ်အား ခုန်အုပ်လိုက်ရာ၊ ယာကွတ်သည် တောအတွင်း တောင်ဝှေးဆင်ခြေလျှောလေးအတိုင်း ထိုမည်းမည်းအရာနှင့်အတူ လှိမ့်ထွေးကျသွားလေတော့သည်။ ထိုသို့ ကျသည်နှင့် သူ့လက်ထဲမှ သေနတ်ရော

www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီးပါ ကိုယ်မှလွင့်စဉ်ထွက်သွားလေသည်။ ထို့ကြောင့် တောတစ်လုံးမှာ အမှောင်အတိကျသွား၏။

သွေးသောက်မှ ရုတ်တရက်မြင်လိုက်ရသောမြင်ကွင်းကြောင့် နှလုံးသွေးရပ်မတတ် ထိတ်လန့်ကြောက်ရွံ့သွား၏။ ခုနတွေ့လိုက်ရသော မည်းမည်းအရာကြီးသည် သူတို့ပြောနေသော တောကြီးသဘက်ပေလား၊ ပတ်ဝန်းကျင်တစ်ခုလုံးမှောင်အတိကျသွားတာက သူကြောက်ရွံ့စိတ်ကို ပိုမိုဖိုးပွားစေ၏။ မှောင်ထဲတွင် နာကျင်စွာ အော်ဟစ်လိုက်သည့် ယာကွတ်၏အသံကြီးကိုကြားလိုက်ရသောအခါ သွေးသောက်မှာ လိပ်ပြာလွင့်စဉ်မတတ်ဖြစ်၍သွားလေတော့သည်။

မြေပြင်တစ်နေရာတွင် လင်းနေဆဲဖြစ်သော လက်နှိပ်ဓာတ်မီးကိုကောက်ရသဖြင့် သူ အားတက်သွား၏။ ထိုလက်နှိပ်ဓာတ်မီးကို ကောက်ယူကာ တောထဲအနှံ့လျှောက်ထိုးကြည့်မိသည်။ သူသည် ကြောက်ရွံ့နေသော်လည်း စူးစမ်းလိုစိတ်ကို မလွန်ဆန်နိုင်။ ပြီးတော့ ဖြစ်နိုင်ရင် ဘာပဲဖြစ်ဖြစ် ယာကုတ်ကို အကူအညီပေးချင်သည်။

မီးရောင်က တစ်နေရာရောက်တော့ ရပ်တန့်သွား၏။ ထို နေရာရှိမြေပြင်တွင် ယာကွတ်သည် ပက်လက်ဖြစ်နေကာ ခြေထောက်တွေက ဆန့်ငင်ဆန့်ငင်လှုပ်နေ၏။ ယာကွတ်ကိုယ်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



မိုးနေသောအရာဝတ္ထု။ တောခွေးလား၊ ဝံပုလွေလား၊ ယာကွတ်ေ
လည်ပင်းကို ထိုအရာက ကိုက်ခဲထား၏။ သူ့ထံရောက်ရှိလာသော
ရောင်ကြောင့် ထိုအရာက မီးရှိရာလှည့်ကြည့်လိုက်သည်။

ညစ်ပတ်ပေရေနေသော ကိုယ်လုံး။ ပေတူးနေသော
မျက်နှာ။ ဆံပင်ရှည်တွေက သူ့မျက်နှာပေါ်ဖုံးအုပ်နေ၏။ သူ့ပါးစပ်
တစ်ဝိုက်တွင်တော့ သွေးအလိမ်းလိမ်း။ သူ့ပါးစပ်ကိုဖြဲလိုက်တော့
အတန်ငယ်ရှည်သောအစွယ်တွေပေါ်လာ၏။

"အမယ်လေး ..."

ကြောက်လန့်တကြားအော်ကာ လက်နှိပ်ဓာတ်မီးကိုလွှင့်ပစ်
ရင်း သွေးသောက်ထိုနေရာက ထွက်ပြေးလာခဲ့လေသည်။ သူမရပ်
မနားပြေးလွှားလာခဲ့မိသည်မှာ သူ့အိမ်ရောက်သည်အထိ ဖြစ်လေ
၏။ မောပန်းသဖြင့်လည်းကောင်း၊ ကြောက်ရွံ့သောကြောင့်လည်း
ကောင်း၊ သူ့ရင်မှာ တဒိန်းဒိန်းခုန်နေသည်။ သူ့အမေနာမည်ကိုပင်
မခေါ်နိုင်။ သူက တံခါးကို တဒုံးဒုံးထုလိုက်၏။ သူ့အမေက တံခါးကို
ဖွင့်ပေးရင်း ...

"သား အိမ်ထဲမှာ ဘယ်သူရောက်နေသလဲကြည့်စမ်းပါဦး"

ဟုဆိုသည်။ သူ့အမေစကားကို ဂရုမထားနိုင်ဘဲ သူ အိမ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကို တိုးဝှေ့ဝင်ရောက်လိုက်၏။ ဒီတော့မှ အိမ်ထဲတွင်ရပ်နေသော သူ့အဖေကိုတွေ့ရသည်။ သူ့အမေနှင့်သူ့အဖေက သွေးသောက်ပုံစံကိုအလင်းရောင်ထဲတွင် မြင်လိုက်ရသောအခါ အံ့အားသင့်သွားသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ချွေးတွေ ဖုံတွေ အမှိုက်တွေဖြင့် ပေလူး၍နေသည်။ လူကလည်း အသက်ကိုမနည်းရှူနေရပုံရ၏။ သူတို့ကြည့်နေစဉ်မှာပင် သွေးသောက်သည် ဆက်အာတင်းမထားနိုင်တော့ဘဲ နေရာတွင်ပင် အရုပ်ကြိုးပြတ် ပျော့ခွေလဲကျသွားလေတော့သည်။

✂⋯⋯✂



www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်ပြန်သတိရလာသောအခါ ဆေးရုံတွင် ရောက်ရှိနေကြောင်း တွေ့ရလေသည်။ သူ့အဖေနှင့်အမေက ခုတင်ဘေးတွင် ကုလားထိုင်ကိုယ်စီဖြင့် ထိုင်ငေးနေ၏။

"သား သတိရလာပြီလား ..."

သူ့အမေက စိုးရိမ်တကြီးလေသံဖြင့် မေးလိုက်သည်။ ထိုအချိန်မှာပင် အခန်းထဲကို ရဲအုပ်ဦးတိုက်မောင်းက ဝင်ရောက်လာကာ ...

"မင်း သတိရလာပြီဆိုတော့ ဖြစ်ခဲ့သမျှအကြောင်းတွေကို ပြန်ပြောပြနိုင်ပြီပေါ့နော် ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ သူ့အဖေ ဦးမင်းနိုင်က ဟန့်တားမည်ပြု၏။

"ကျွန်တော့်သားအခြေအနေက စစ်ဆေးမေးမြန်းလို့ရနိုင်တဲ့ အခြေအနေမဟုတ်ဘူးထင်ပါတယ်"

"ဆရာဝန်ကြီးနဲ့ ကျွန်တော်တွေ့ပြီးပါပြီ ... ခင်ဗျားသား ဘာမှမဖြစ်ပါဘူး ... ကြောက်တဲ့စိတ်နဲ့ မောပန်းတဲ့စိတ်နှစ်ခုပေါင်းပြီး ခဏသတိလစ်သွားတာပါ ... သတိရလာရင် မေးလို့ရပြီလို့ပြောပါတယ် ..."

"ရှင်တို့ ဘာဖြစ်လို့ ဒီလောက်အလျင်လိုနေရတာလဲ ဦးတိုက်မောင်း ..."

ဒေါ်မြနှစ်က မေးလိုက်၏။ ဦးတိုက်မောင်းက ...

"အခင်းဖြစ်တဲ့နေရာကိုကျွန်တော်တို့သွားရောက်စစ်ဆေးခဲ့ပြီးပြီဒေါ်မြနှစ် ... တောထဲမှာ ယာဉ်ကွတ်အလောင်းကိုတွေ့ရတယ်၊ သူ့လည်ပင်းမှာလည်း ဇော်ရှိန်းသေစဉ်ကလိုပဲ အပေါက်ကလေးတွေနဲ့ ..."

ဒေါ်မြနှစ်က အံ့သြသွား၏။ သွေးသောက်က ခုတင်ပေါ်တွင် ထထိုင်လိုက်ကာ ...

"ကျွန်တော် ပြောပြလိုက်ပါမယ်အမေ ... ကျွန်တော် အခု စကားကောင်းကောင်းပြောနိုင်ပါပြီ ..."

www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်မောင်း သွေးသောက်ဘက်လှည့်ကာ မျက်နှာမူလိုက်သည်။

"တို့မြို့ကလေးမှာ အင်မတန်ရှားရှားပါးပါး လူသတ်မှုနှစ်ခု ဖြစ်ခဲ့တယ် ... ဒီလိုအမှုမျိုးမဖြစ်တာကြာပြီ ... ထူးထူးခြားခြား အဲဒီ အမှုနှစ်ခုလုံးကလည်း မင်းနဲ့ပတ်သက်နေတယ် ... ငါကတော့ ဒါတွေဟာ တိုက်ဆိုင်မှုသက်သက်လို့ ယူဆဖို့ တော်တော်ခက်ခဲနေတယ်"

သွေးသောက်က သူကြုံခဲ့ရသမျှတွေကို အလုံးစုံပြောပြလိုက်သည်။

"ကျွန်တော်ပြောပြနေတာ တကယ်အမှန်တွေပါပဲ"

ဦးတိုက်မောင်း အတန်ကြာတွေဝေစဉ်းစားနေသည်။ ပြီးမှ

"မင်းမြင်ခဲ့ရတာက အဲဒီသတ္တဝါက ယာကွတ်ရဲ့သွေးကိုစုတ်နေတယ်ပေါ့ဟုတ်လား ... "

"သွေးစုတ်နေတယ်လို့တော့ မပြောနိုင်ဘူး ... လည်ပင်းကို ကိုက်ခဲနေတာတော့အမှန်ပဲ ... "

"ဒီကောင်က လူနဲ့တူတယ်ဟုတ်လား ... "

သွေးသောက်က မျက်လုံးကိုစုံမှိတ်ကာ စဉ်းစားလိုက်ရင်း

"တွေ့စကတော့ ဘာရယ်လို့မတွေးတတ်ဘူး ... အခုသွေး အေးအေးနဲ့ ပြန်စဉ်းစားလိုက်တော့ တကယ့်ကိုလူတစ်ယောက်နဲ့တူ



www.burmeseclassic.com

www.burmeseclassic.com



တာအခုနဲ့ပဲ ... ဒါပေမဲ့ ကျွန်တော်တို့လို သာမန်လူတွေနဲ့တော့ မတွေ့ဘူး ...”

“မင်းစကားက နားလည်ရခက်လိုက်တာ ... တို့လိုသာမန်လူနဲ့မတွေ့တော့ ဘာနဲ့တွေ့လဲ ...”

“သစ်ချိုင်းထဲက ထလာတဲ့လူနဲ့တွေ့တယ်”

သွေးသောက်က သူ့စိတ်ထဲတွင်ရှိနေသည့်အတိုင်း ပြောလိုက်ခြင်းဖြစ်လေသည်။ ဦးတိုက်မောင်း စိတ်ညစ်၍သွားသည်။ ယင်းသေဆုံးသူ ယာကွတ်၏လည်ပင်းတွင် ဇော်ရှိန်းကဲ့သို့ပင် အစွယ်ရာဟုဆိုနိုင်သည့်အပေါက်ကလေး လေးပေါက်ကိုတွေ့ရ၏။ ထိုဒဏ်ရာတွင် တွေ့ရသော၊ ကိုက်သူ၏သွားရည်(သို့မဟုတ်)တံတွေးကိုစစ်ဆေးကြည့်သောအခါ ဇော်ရှိန်းဒဏ်ရာမှ တွေ့ရသော ဒီအန်အေနှင့်တူနေတာတွေ့ရ၏။ ထို့ကြောင့် ထိုနှစ်ယောက်လုံးကို တိုက်ခိုက်သတ်ဖြတ်သူသည် တစ်ယောက်တည်းဖြစ်ရမည်ဟု တွက်ဆမိသည်။

ထိုသူ ဘယ်သူလဲ ...

သွေးသောက်ကို မသင်္ကာစရာစာရင်းထဲတွင် ထည့်သွင်းထားနိုင်သော်လည်း ခိုင်မာသည့် သက်သေသာဓကဟူ၍ တစ်ခုမရှိ။

“အခုရက်တွေအတွင်း ဒီအမှုတွေ ဖြေရှင်းမပြီးနိုင်သေးပါတော့ကွာ ... မင်းကို ဒီမြို့ကထွက်မသွားစေချင်ဘူး ... ကျုပ်နဲ့မရွှေးတွေ့



www.burmeseclassic.com

www.burmeseclassic.com



ည့်ရအောင် အိမ်မှာပဲရှိစေချင်တယ် ...”

ဟုဆိုသည်။ ဦးမင်းနိုင်က ...

“စိတ်ချပါ ... ကျွန်တော့်သားအစား ကျွန်တော်တာဝန်ယူပါတယ် ...”

ဟုဆိုလိုက်၏။ ဦးတိုက်မောင်းပြန်သွားသည်။ ဆေးရုံအုပ်ကလည်း သွေးသောက်ကို ဆေးရုံကဆင်းနိုင်ပြီဆိုသဖြင့် သူတို့မိသားစု ုံးယောက်ပြန်လာခဲ့သည်။

လမ်းထောင့်တစ်နေရာတွင် စုဝေးနေသော လူငယ်တစ်စုကို တွေ့ရသည်။ သူတို့က သွေးသောက်တို့ကားကိုမြင်သောအခါ ခဲနဲ့ င်းပေါက်ကြသည်။ ပါးစပ်ကလည်း ...

“သွေးစုတ်ဖုတ်ကောင် ထွက်သွား ထွက်သွား”

ဟုအော်ကြသည်။ ပေါက်လိုက်သောခဲတစ်လုံးက သွေးသောက်ဘေးမှ ပြတင်းမှန်ကိုထိကာ ကွဲ၍သွား၏။ မှန်စတချို့က သွေးသောက်၏ပါးကိုလာထိသဖြင့် ရှကာ သွေးအနည်းငယ်ထွက်သည်။ သူ့အဖေဦးမင်းနိုင်က ကားကိုရပ်ကာ၊ တံခါးဖွင့်၍ ောက်ကိုဆင်းလိုက်၏။ သူက ကိုယ်လုံးကိုယ်ထည်ခပ်ထွားထွား။ ုပ်အမောင်းကောင်းကောင်း။ သူ့ကိုမြင်တော့မှ ချာတိတ်တွေ ွက်ပြေးသွားကြ၏။

ကားထဲပြန်ဝင်လာသောအခါ ဦးမင်းနိုင်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါ မင်းမဲ့စရိုက်ပဲကွ ... တို့ရဲကိုသွားတိုင်မယ် ... "

"တော်ပါတော့ရှင် ... ပြဿနာရှည်နေပါ့မယ် ... အိမ်ကိုပဲ မောင်းပါ ... "

ဟုပြောလိုက်ရ၏။ ကားမောင်းလာရင်း ဦးမင်းနိုင်က ...

"သား ... အဖေ ဒီအထိလိုက်လာတာ မင်းတို့သားအမိကို အကာအကွယ်ပေးဖို့ပဲ ... မင်း ဘာမှစိတ်ပူမနေနဲ့ ... အဖေ အသိ တရားရလာပြီ ... မင်းတို့သားအမိကို လေးငါးနှစ်လောက်ပစ်ထားခဲ့ တဲ့အတွက် တောင်းပန်ရမယ် ... "

ဟုဆို၏။ ဒီတော့လည်း သွေးသောက်ကျေအေးရသည်။ သူ့အဖေအပေါ် မကျေမချမ်းဖြစ်နေတာတွေဖြေဖျောက်လိုက်၏။ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ သူတို့သားအမိအပါးမှာ သူ့အဖေရှိနေ တာ ကောင်းသည်။ ခုနချာတိတ်တွေကိုပဲကြည့်။

သူ့အဖေက ရှေ့မှာမားမားမတ်မတ်ရပ်တည်ခဲ့သည်မဟုတ် လား။

✂------✂



www.burmeseclassic.com

www.burmeseclassic.com



* လူတစ်ယောက်ခုန်ကူးဖို့အတွက်တော့ နည်းနည်းလှမ်းနေ၏။ ဘားကျွမ်းသမားတစ်ယောက်သာမဟုတ်ပါက ခုန်ကူးဖို့မလွယ်။ အဲ မျောက်ဝံတစ်ကောင် ဒါမှမဟုတ် လူဝံတစ်ကောင်ဆိုရင်တော့ ကောင်းကောင်းကူးနိုင်ပေမည်။

## (၈) ဂူးဂူးသတ္တဝါလေး



www.burmeseclassic.com

www.burmeseclassic.com



## (၈) ငူးငူးသဏ္ဌာဝါလေး

'အိမ်ရောက်တော့ စိတ်မောလူမောဖြစ်နေသည့် သွေးသောက်သည် ခုတင်ပေါ် တွင်လှဲကာ အပန်းဖြေနေလိုက်သည်။ သူတွေ့ကြုံခဲ့ရသည့်အခြေအနေတွေက တကယ့်ကို စိတ်ပျက်ရင်မောဖွယ်ရာ။ ရန်ကုန်မှာနေစဉ်ကထက်တောင်ဆိုးဝါးသည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လူနှစ်ယောက်သေဆုံးတာကို သူမျက်ဝါးထင်ထင်မြင်ခဲ့ရပြီမဟုတ်လား။

တရားခံက ဘယ်သူလဲ။

www.burmeseclassic.com



သူက ခုတင်ပေါ်တွင် ပက်လက်လှန်အိပ်နေရင်း မျက်နှာ ကျက်ကိုမော့ကြည့်ခိုက် အတွေးတစ်ခုဝင်လာသည်။ သူ အခန်း မျက်နှာကျက်မှာ ထပ်ခိုးကြမ်းပြင်ပင်ဖြစ်သည်။ သူ အိပ်ခန်းထဲက ထွက်လာခဲ့သည်။ အပြင်တွင် ထပ်ခိုးပေါ်တက်သော လှေကားရှိ အိမ်ရှင်က အသုံးမပြုဘဲ ပိတ်ထားတာကြာပြီဟုဆိုသည်။ သူ လည်း အသုံးပြုရန်မလိုသဖြင့် ဤအတိုင်းထားခဲ့သည်။

မကြာခင်ရက်များက ထပ်ခိုးပေါ်မှ အသံတချို့ကြားခဲ့ သည်။ အိမ်ရှင်ကတော့ ကြွက်တွေပဲဖြစ်မည်ဟုဆိုသည်။ သူ ထပ်ခိုးတံခါးကိုတွန်းဖွင့်ကာ ဝင်လာခဲ့သည်။ ထပ်ခိုးပေါ်တွင် လျှ စစ်မီးမရှိ။ ထို့ကြောင့် သွေးသောက်က သူ ယူဆောင်လာသော လက်နှိပ်ဓာတ်မီးကိုအသုံးပြုရလေသည်။ သူက နေရာအနှံ့မီးထိုး ကြည့်၏။ အသုံးမလိုသောပစ္စည်းဟောင်းတွေစုပုံထားရာနေရာဖြ ကာ ထိုပစ္စည်းများပေါ်တွင် ဖုံအလိမ်းလိမ်းတင်၍နေသည်။ တ မှာမူ နံရံမှပင့်ကူမျှေးများဖြင့် ကပ်ငြိယှက်သွယ်နေ၏။ အခန်းထော တစ်နေရာတွင်တွေ့လိုက်ရသောပစ္စည်းတစ်ခုကြောင့် သွေးသော မျက်လုံးပြူးသွား၏။ ဘောလုံးတစ်လုံး။

ထိုဘောလုံးမှာ ကျောင်းနောက်ဘက် ဓာတာအစပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးသွားသော ယာကွတ်သေသောညက သူ့ခေါင်းကိုလာမှန်သော ဘောလုံးဖြစ်နေသည်။ ဘောလုံးကို ကောက်ယူကာ သူ သေသေချာချာစစ်ဆေးကြည့်၏။ သေချာပါသည်။ ထိုဘောလုံးမှ ထိုဘောလုံး။ လုံးဝလွဲမှားစရာအကြောင်းမရှိ။ ဤဘောလုံးက ဘာကြောင့် ဒီထပ်ခိုးထဲရောက်နေရသနည်း။ လုံးဝစဉ်းစားမရ၊ ထူးခြားလှသည်။

ကြမ်းပြင်ကိုစစ်ဆေးကြည့်တော့ ဖုံထင်နေသော ကြမ်းပြင်ပေါ်တွင် ခြေရာတွေတွေ့ရ၏။ သူ့ခြေရာလည်းမဟုတ်။ သူ့ခြေထောက်နှင့်တိုင်းကြည့်တော့ ခြေရာတွေကကြီးနေ၏။ ဒါဆို ဒီထပ်ခိုးထဲကို တစ်စုံတစ်ယောက် ဝင်ထွက်သွားလာနေတာက ထင်ရှားနေသည်။ သူ့အမေလည်းမဖြစ်နိုင်။ သူ စစ်ဆေးကြည့်လိုက်တော့ ထပ်ခိုးအကာတွင် ပြတင်းပေါက်တစ်ပေါက်တွေ့ရ၏။ ထိုပြတင်းပေါက်ကား ပွင့်၍နေသည်။ ထိုပြတင်းပေါက်ကိုအောက်ခြေကနေ ကုတ်ခြစ်မတက်နိုင်။ နံရံတွင် ကုတ်တွယ်တက်စရာလက်ကိုင်စရာ ခြေနင်းစရာမရှိ။ ပြတင်းပေါက်နှင့်အတော်လှမ်းလှမ်းမှာတော့ အတော်ပင်ခိုင်မာသော သစ်ကိုင်းတစ်ကိုင်းကို တွေ့ရသည်။ ထိုသစ်ကိုင်းအစွန်းက ပြတင်းပေါက်အဝဆီသို့ ဦးတည် တည့်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

လူတစ်ယောက်ခုန်ကူးဖို့အတွက်တော့ အတန်လှမ်းနေ၏။ ဘားကျွမ်းသမားတစ်ယောက်သာမဟုတ်ပါက၊ ခုန်ကူးနိုင်ဖို့မလွယ်။ အဲ ... မျောက်ဝံတစ်ကောင်၊ ဒါမှမဟုတ် လူဝံတစ်ကောင်ဆိုရင်တော့ ကောင်းကောင်းခုန်ကူးနိုင်ပေမည်။ သူက ထပ်ခိုးပေါ်တွင် သဲလွန်စ လိုက်ရှာရင်း စားပွဲခုံတစ်ခုအောက်၊ ကြမ်းပြင်တွင် ကျကွဲနေသော Photo Stand လေးတစ်ခုကိုတွေ့လိုက်ရ၏။ ဓာတ်ပုံထဲတွင် ဆံပင် ရှည်ရှည်နှင့်ကောင်လေးတစ်ယောက်။ ကောင်လေးက (၁၀)နှစ်သား လောက်ဟုထင်ရ၏။ သွေးသောက်က ထိုဖိုတိုစတင်းထဲမှ ဓာတ်ပုံက လေးကိုထုတ်ယူကာ အောက်ထပ်သို့ဆင်းလာခဲ့၏။

သူ အိပ်ရာထဲပြန်ရောက်သည့်တိုင်အောင် တော်တော်နှင့် အိပ်မပျော်။ အဖေနှင့်အမေကတော့ ဧည့်ခန်းထဲမှာထိုင်ကာ စကား လက်ဆုံပြောမကုန်ဖြစ်နေကြသည်။ အမေက ထိုအချိန်ကာလ အတောအတွင်း သူတို့သားအမိနှစ်ယောက်ကြုံခဲ့ရသော ဒုက္ခဆင်းရဲ တွေကို ပြန်ပြောပြနေပုံရ၏။ ဘာပဲဖြစ်ဖြစ် အဖေသည် အသိတရား တွေရလာကာ သူတို့သားအမိဆီရောက်လာတာကိုပဲ ဝမ်းသာရပေ တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တောင်တွေး မြောက်တွေးနှင့် အိပ်ပျော်သွားပြန်သည်။ ထိုအခါ အိပ်မက်ထဲသို့ လာနေကျ ဇနီးမောင်နှံရောက်ရှိလာပြန်သည်။ ယောက်ျားလုပ်သူက စားပွဲခုံတွင်ထိုင်ကာ စာအုပ်တစ်အုပ်ကိုရေးသားနေသည်။ သွေးသောက်အနေဖြင့် ငယ်ငယ်ကတည်းက သူ့အမေစာရေးတာကို မကြာခဏမြင်တွေ့နေကျဖြစ်၏။ ဒီလူကြီးစာရေးနေတာက တကယ့်ကို စိတ်ပါဝင်စားစွာရေးနေခြင်းဖြစ်သည်။ ဘာတွေများ ဒီလောက်သဲသဲမဲမဲရေးနေသလဲ မသိ။ မိန်းမလုပ်သူက မှ ပျင်းရိစွာခုတင်ပေါ်တွင်လဲလျောင်းနေ၏။ ထိုခုတင်မှာ ယခု သူအသုံးပြုနေသော ခုတင်ဖြစ်သည်။ အခုတော့ သွေးသောက် ကောင်းကောင်းသဘောပေါက်၍သွားသည်။ ဤအခန်းသည် ယခင်က ဆိုလင်မယားအသုံးပြုသွားသော အခန်းပင်ဖြစ်ရပေမည်။ ထို့ကြောင့် သေဆုံးသွားသည့်တိုင်အောင် ထိုလင်မယားသည် မကျွတ်နိုင်ဘဲ သူတို့အခန်းကိုရောက်နေကြခြင်းဖြစ်ပုံရ၏။

မနက်မိုးလင်း သူတို့မိသားစု လက်ဖက်ရည်ဝိုင်းဖွဲ့သောက်နေစဉ် အိမ်ရှေ့ကို ဂျစ်ကားနီနီလေးထိုးဆိုက်လာသည်။ ဆင်းလာသူက နေခြည်ဝင်းဖြစ်၏။ တကယ်တော့ သူတို့အိမ်ကို ညွှန်သည့်သူ၍ ရောက်လာတတ်သော အလေ့မရှိ။ သူ့အမေက ဝမ်းသာအားရကြို

www.burmeseclassic.com



ဆိုသည်။ သူ့အဖေနှင့်နေခြည်ဝင်းကို မိတ်ဆက်ပေးလိုက်ရ၏။

"မနေ့ညက ဆေးရုံရောက်သေးတယ် ... အိမ်ပြန်သွားပြီလို့ ဆေးရုံကပြောတယ် ... ဒါနဲ့ ခုမနက်မှလာခဲ့ရတာ ... သွေးသောက် ဘယ်လိုနေသလဲ ..."

"အားလုံး ကောင်းပါတယ်"

သွေးသောက်က ဖြေလိုက်သည်။ ဒေါ်မြနှစ်က နေခြည်ဝင်းကို စားပွဲတွင်ဝင်ထိုင်ခိုင်းကာ ဖျော်ပြီးသားကရားထဲမှ ကော်ဖီ တစ်ခွက်ငှဲ့ပေးသည်။ ပြီးတော့ မေးလိုက်၏။

"သမီးအဖေရော ..."

"အဖေကတော့ တော်တော်ခေါင်းခဲနေတာပေါ့ ... တစ်ပတ် အတွင်း လူနှစ်ယောက်သေရတယ်ဆိုတာ ဒီမြို့အတွက်တော့ တော်တော် ချောက်ချားစရာကောင်းတဲ့အဖြစ်အပျက်ပဲကိုး ... အားလုံးက သူ့ခေါင်းပေါ်ပုံကျနေတယ်လေ ... မြို့ထဲကလူတွေကလည်း ချောက် ချားနေကြတယ် ..."

"တို့ကလည်း ဒီအမှုမြန်မြန်ပေါ်စေချင်တယ် ... အားလုံးက သားအပေါ်အထင်လွဲနေတာ မဟုတ်ဘူးလို့ သက်သေပြချင်တယ်"

ဦးမင်းနိုင်က မကျေမချမ်းပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူနဲ့အပြင်ခဏထွက်ချင်တယ်"

သွေးသောက်က သူ့အမေထံ ခွင့်ပန်လိုက်၏။ သူ့အမေက ဤရက်တွေအတွင်း သူ့ကို အိမ်မှာပဲနေစေချင်သည်။ ကျောင်းပင် မတက်ဘဲနေဟုပြောထား၏။ အမေက ခေါင်းခါပြသည်။

"ပြဿနာတွေမငြိမ်းခင် မင်းအိမ်မှာပဲနေစေချင်တယ် ... လူတွေက မင်းကိုတွေ့ရင် အလကားစိတ်ဆိုးနေကြမယ်"

သို့သော် နေခြည်ဝင်းက ရဲဝံ့စွာတာဝန်ယူလိုက်၏။

"ကျွန်မရှိနေရင် ... ဒီလိုမဖြစ်စေရပါဘူး ... ခွင့်ပြုပေးပါ ..."

သူ့အမေက သူ့အဖေကိုကြည့်သည်။ သူ့အဖေက ခေါင်းညိတ်ပြလိုက်၏။ ဒီတော့မှ ဒေါ်မြနှစ်က ...

"အေး ... သတိဝီရိယနဲ့သွား ... မကြာစေနဲ့"

နှုတ်ဆက်ကာ သူတို့ထွက်ခဲ့သည်။ နေခြည်ဝင်းက သူ့ဂျစ် ကားနီနီလေးဖြင့် တင်ခေါ်လာခြင်းဖြစ်သည်။ ကားမောင်းလာရင်း

"နင် ဘယ်ကိုသွားချင်တာလဲ ..."

"ဦးကျော်ခိုင်ဆီ အရင်သွားမယ် ..."

ဦးကျော်ခိုင်ဆိုတာ သူတို့ငှားနေသော အိမ်ရှင်ဖြစ်သည်။ သွေးသောက်တို့ကား မြို့ထဲဝင်လာတော့ တချို့က မလိုလားသလို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ကြ၏။ သို့သော် ဘေးမှ နေခြည်ဝင်းပါနေသဖြင့် ရန်တော့ မလုပ်ကြ။ နေခြည်ဝင်းအဖေ ရဲအုပ်ဆိုတာသိသည်။ ရဲအုပ်ဦးတိုက် မောင်းက ဤမြို့တွင် လူရိုသေရှင်ရိုသေ လူတစ်ယောက်ဖြစ်သည်။ သွေးသောက်ကလည်း သူ့ဘေးတွင် နေခြည်ဝင်းရှိနေသည့်အတွက် အားရှိနေသည်။

ဦးကျော်ခိုင်က သူတို့ကိုတွေ့တော့ အံ့အားသင့်နေ၏။

"မင်းတို့နှစ်ယောက်က တွဲနေကြပြီလား"

"ကျွန်မတို့နှစ်ယောက်က သူငယ်ချင်းတွေပဲ"

ဟု နေခြည်ဝင်းက ပြောလိုက်၏။ ဦးကျော်ခိုင်က ...

"မင်းရောက်လာတာအတော်ပဲ ... ငါလည်း မင်းတို့ဆီလာ တော့မလို့ ..."

"ကိစ္စရှိလို့လားဦး ... "

"ဆိုပါတော့ ... ဒီပြဿနာတွေမြန်မြန်ရှင်းချင်ရှင်း မရှင်းရင် တော့ မင်းတို့ကို ငါ အိမ်ဆက်မငှားနိုင်တော့ဘူးလို့ပြောမလို့"

နှစ်ယောက်လုံး အံ့အားသင့်သွားကြသည်။

"ဘာဖြစ်လို့လဲ ..."

"ပြောရတာတော့ အားနာပါတယ်ကွာ ... မြို့ကလူတွေက



www.burmeseclassic.com

www.burmeseclassic.com



ဲ့ကိုဖိအားပေးကြတယ် ... မင်းတို့မိသားစုကို ငါအိမ်ဆက်ငှားရင်
ဲ့ကိုပါ ရန်ရှာလာနိုင်တယ်"

သူ့အခက်အခဲကိုလည်း သွေးသောက်က စာနာသဘော
ပေါက်မိသည်။ ဦးကျော်ခိုင်က ...

"ငါ ... မင်းတို့ကိုအကြံတစ်ခုပေးချင်တယ်ကွာ ... ဒီမြို့က
အမြန်ဆုံးထွက်သွားကြရင်ကောင်းမယ် ... ငါစေတနာနဲ့တိုက်တွန်း
တာပါ ..."

သွေးသောက်က ရဲရင့်တည်ကြည်စွာ ...

"ဦးရဲ့စေတနာကိုတော့လေးစားပါတယ်၊ ဒါပေမဲ့ ဒီပြဿနာ
တွေကို ပြေလည်အောင်ရှင်းမပြီးမချင်း ကျွန်တော် ဒီမြို့ကထွက်
သွားမှာမဟုတ်ဘူး ... ထွက်သွားရင် ဒီပြစ်မှုတွေကို ကျွန်တော်
ကျူးလွန်လို့ထွက်ပြေးသွားတာလို့ ဒီမြို့ကလူတွေက တစ်သက်လုံး
ဆသွားကြလိမ့်မယ် ..."

နေခြည်ဝင်းက သွေးသောက်စိတ်ဓာတ်ကို ကြိတ်ကာချီးကျူး
ာမိ၏။ ထိုစိတ်ဓာတ်မှာ ယောက်ျားပီသသောစိတ်ဓာတ်ဖြစ်၏။

"ကဲ ... မင်း ငါ့ဆီလာရတဲ့အကြောင်းကိုပြောပါဦး ..."

"ကျွန်တော်တို့မနေခင် ဒီအိမ်မှာ ဘယ်သူနေခဲ့သလဲ ... အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို သိချင်လို့"

"ကဲ ... ထိုင်"

ဦးကျော်ခိုင်က သူတို့နှစ်ယောက်ကို ကော်ဖီတစ်ခွက်စီဖြင့် ဧည့်ခံသည်။

"အဲဒီအိမ်ကိုဆောက်တဲ့လူတွေပေါ့ ... ဒေါက်တာသန့်ဇော်နဲ့ သူ့ဇနီးမြမာလာတို့ပဲ ... သူတို့က ဒီဇာတိမဟုတ်ဘူး ... ဒေါက်တာသန့်ဇော်က ဇီဝဗေဒပါရဂူတစ်ယောက်ပဲ ... ဒီတောတောင်ထဲက သက်ရှိမျိုးစိပ်တွေအကြောင်း လေ့လာသုတေသနပြုချင်လို့တဲ့ ... သူ့ဇနီးကတော့ သူ့လုပ်ငန်းတွေကို ကူညီဖို့လက်ထောက်ပေါ့ကွာ"

✂------✂



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသန့်ဇော်သည် သူ့သုတေသနလုပ်ငန်းသည် ကြာ
ြင့်မည်ကိုသိသဖြင့်၊ ဤမြို့ကလေးတွင်ပင် အိမ်ဆောက်နေထိုင်ရန်
း့ဖြတ်လိုက်၏။ မြို့ပြင်တောစပ်နှင့် နီးသော မြေကွက်တစ်ကွက်
ကို သူဝယ်ယူခဲ့သည်။ ဈေးအတော်ပေါပေါနှင့် ရခဲ့ခြင်းဖြစ်၏။ လူ
ချို့က ဤနေရာသည် တောစောင့်ဘီလူးနယ်မြေဖြစ်သဖြင့် မဝယ်
သင့်ဟုတားကြသေး၏။ သို့သော် ခေတ်ပညာတတ်လင်မယားဖြစ်
သော ဒေါက်တာသန့်ဇော်တို့က အယုံအကြည်မရှိ။

သူတို့ အိမ်ဆောက်မည်ဟု မြေရှင်းသောအခါ နတ်ကွန်နှင့်
ခေါ်ထားသော ဘီလူးရုပ်တစ်ရုပ်ကို မြေပေါ်က ဖယ်ရှားပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မြို့ထဲကလူတွေက သူတို့လင်မယား ဘေးဒုက္ခသင့်တော့မည်ဟုတွေးတောပူပန်နေကြသော်လည်း မည်သို့သော ဘေးဒုက္ခမျိုးကိုမှ မတွေ့ကြုံကြရချေ။ သို့သော် သူ့ဇနီး မြမာလာ ကိုယ်ဝန်ရှိ၍ ကလေးမွေးသောအခါ ကလေးမှာ အတော်ပင်အရုပ်ဆိုးနေသဖြင့် အားလုံးက ဘီလူးဝင်စားဟုပြောကြ၏။

ကလေးမှာ ခေါင်းကြီးကြီး နဖူးမောက်မောက် နှာခေါင်းလန်လန် မျက်နှာခွက်ခွက်၊ ပါးစပ်ပြဲပြဲ၊ ဘယ်လိုမှ ချစ်ဖွယ်မရှိသောကလေးဖြစ်ရုံမက အသိဉာဏ်ကလည်း ကျပ်မပြည့်ဘဲရှိလေသည်။ သို့သော် မိဘဟူသည်မှာ သားသမီးကိုပြစ်ရှိုးထုံးစံမရှိသဖြင့် ဒေါက်တာသန့်ဇော်တို့မှာ ချစ်ခင်စွာမွေးမြူပြုရထားလေသည်။

သို့သော် ကလေးမှာ သွန်သင်မရ၊ ဆုံးမ မရဘဲ တောရိုင်းတိရစ္ဆာန်လေးတစ်ကောင်လို ရိုင်းစိုင်းဆိုးသွမ်း၍နေ၏။ လေးငါးနှစ်အရွယ်ရောက်လာသော်လည်း တစ်နှစ်သားကလေး၏အသိဉာဏ်မျိုးသာရှိ၏။ သူ့ကို အခြားသူများနှင့်အတွေ့မခံဘဲ အိမ်ထပ်ခိုးပေါ်တွင် ပိတ်လှောင်ထားရ၏။ တစ်ကြိမ်တွင် သူသည် အခန်းထဲမှထွက်ပြေးလွတ်မြောက်သွားသည်။ နောက်သုံးလေးလာက်နေမှတောထဲမှ ပြန်ရှာဖွေတွေ့၏။ သာမန်ကလေးတစ်ယောက်ဆိုလျှင်

www.burmeseclassic.com



တောထဲတွင် အသက်ရှင်နေထိုင်ဖို့မလွယ်။ သူကတော့ တောတိရစ္ဆာန်ရိုင်းတစ်ကောင်လိုပင် ရှင်သန်နိုင်ခဲ့၏။

ဤနောက်တွင်မူ ဝူးဝူးလေးသည် တော၏အရသာကို သိသွားသည်ထင်ပါ၏။ လေးငါးကြိမ်ပင် အိမ်မှထွက်ပြေးကာ တောထဲတွင်နေထိုင်ခဲ့သည်။ သူ့ပါးစပ်က ဝူးဝူးဆိုသောအသံကလွဲ၍ ဘာမှမထွက်တတ်သဖြင့် ဝူးဝူးဟုခေါ်ကြခြင်းဖြစ်သည်။ တောထဲမှ ပြန်တွေ့၍ အိမ်ပြန်ခေါ်လာခဲ့သော်လည်း တစ်ကြိမ်ထက်တစ်ကြိမ် သူသည် ပို၍ ရိုင်းစိုင်းကြမ်းတမ်း၍လာ၏။ သို့ဖြင့် သူ ဆယ်နှစ်သားလောက်ရှိသောအခါ သူ့မိဘများက ဤမြို့ကလေးမှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

✂------✂

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က သူတို့သားကို မြို့ရောက်ရင် ဆေးကောင်းကောင်း ကုမယ်၊ အခြေအနေက ဒီထက်တိုးတက်ကောင်းမွန်လာနိုင်လိမ့်မယ် လို့ ယုံကြည်နေကြတယ် ... ဒါကြောင့် ဒီအိမ်ကို ဦးကိုရောင်းခဲ့ပြီး မြို့ထွက်သွားကြတာပဲ"

ဦးကျော်ခိုင်က နောက်ကြောင်းပြန်ကာ ပြောပြလိုက်လေ သည်။ သွေးသောက်က ...

"ဒီလင်မယားက ဒီမှာသေဆုံးသွားကြတာတော့ မဟုတ်ပါ ဘူးနော် ... "



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ ... သူတို့ကားနဲ့ထွက်မသွားခင် တစ်ရွာလုံးကိုနှုတ်ဆက်သွားတာပဲ ... ငါနဲ့ ဦးတိုက်မောင်းနဲ့တောင် ရွာထိပ်အထိ လိုက်ပို့လိုက်သေးတယ်"

ဤအတိုင်းဆို သူ့မေးခွန်းတွေက ပြီးဆုံးသွားပါပြီ။ အဖြေကတော့ ရှာမတွေ့။ ဒါဆို သူ့အခန်းထဲတွင် တွေ့နေရသည့် ဝိညာဉ်တွေကရော ဘယ်သူလဲ။ နေခြည်ဝင်းက ...

"ကဲ ... ဒါဆိုလည်း ပြန်ကြရအောင်သွေးသောက် နင့်အမေစိတ်ပူနေလိမ့်မယ် ... "

ဟုပြောလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



* ဤအိမ်ကြီးတွင် ခုလို ညအခါတစ်ကိုယ်တည်းနေရတဲ့ အတွက်၊ စိုးရွံ့နေတာတော့ အမှန်ပင်။ ဤအိမ်ကြီးတွင် ဝိညာဉ်တွေ ခိုကပ်နေတယ်ဆိုတာကို သူကလွဲပြီး ဘယ်သူမှမသိ။ အမေတို့ကို ဖွင့်ပြောလျှင်လည်း ယုံမည်မထင်။

## (၉) အန္တရာယ်စက်ဝိုင်းသို့အဝင်



www.burmeseclassic.com

www.burmeseclassic.com



## (၉) အန္တရာယ်စက်ဝိုင်းသို့အဝင်

အပြင်ဘက်တွင် အမှောင်ထုကကြီးစိုးမင်းမူနေသည်။ မြို့ပြင်မို့ ပို၍တိတ်ဆိတ်နေ၏။ အိမ်မှာ သူတစ်ယောက်တည်းရှိနေသဖြင့် စိတ်က မလုံမလဲ။ အဖေနှင့်အမေက မြို့လယ်ရှိ ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ကြမည်ဟု ထွက်သွားကြ၏။ သူ့ကိုခေါ်သော်လည်း သူက ငြင်းလိုက်သည်။ သူက လူတောထဲမသွားချင်။ သူ့အတွက် သူ့မိဘတွေ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးသည်။

နေခြည်ဝင်းထံ ဖုန်းဆက်ခေါ်ပြီး အဖော်ပြုခိုင်းရှင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလားဟု တွေးသေး၏။ သို့သော် ဤအတွေးကိုလည်း ခေါင်းထဲက ထုတ်ပစ်လိုက်သည်။ သူ့ကို ယောက်ျားတန်မဲ့ သွေးကြောင်သူဟု အထင်ခံရမှာစိုးသည်။ အမှန်တော့ ဤအိမ်ကြီးတွင် ခုလိုညအခါ တစ်ကိုယ်တည်းနေရတဲ့အတွက် စိုးရွံ့နေတာတော့ အမှန်။ ဤအိမ်ကြီးတွင် ဝိညာဉ်တွေ ခိုကပ်နေတယ်ဆိုတာ သူကလွဲပြီး ဘယ်သူမှ မသိ။ အမေတို့ကို ဖွင့်ပြောရင်လည်း ယုံလိမ့်မည်မထင်။

သူက သူ့အခန်းထဲဝင်မလှဲဘဲ၊ ဧည့်ခန်းထဲက နှစ်ယောက်ထိုင်ခုံတွင်ပင်လှဲကာ စောင့်ရန်ဆုံးဖြတ်လိုက်၏။ သို့သော် သူသည် ခေတ္တဟု ခဏလှဲရင်းဖြင့်ပင် မေးခနဲ အိပ်ပျော်သွားသည်။ တကယ်တော့ နိုးတစ်ဝက် အိပ်တစ်ဝက် ငိုက်မြည်းရီဝေနေခြင်းဖြစ်သည်။ သူ့အခန်းထဲကို ဝိညာဉ်တွေရောက်နေသည်။ တွေ့နေကျလင်မယားပင်။ သူတို့က သွေးသောက်ကိုရှိသည်ဟု ထင်မှတ်ဟန်မတူဘဲ အေးအေးလူလူသွားလာနေကြသည်။ သွေးသောက်က စဉ်းစားမရ။ သူက မျက်လုံးတွေမှိတ်ထားလျက်နဲ့ ဘာကြောင့်မြင်တွေ့နေရသနည်း။ သူ အိပ်မက်မက်နေတာလား။ အိပ်မက်လည်းမဟုတ်။ သူ့ အသိစိတ်က နိုးကြားနေသည်။ ဖြစ်ပျက်နေသမျှတွေကို အကုန်သိနေသည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်လုံးတွေဖွင့်ဖို့ကြိုးစား၏။ သူ့မျက်ခွံတွေက ဖွင့်ရခက်လောက်အောင်လေးလံနေ၏။ သူ အားယူဖွင့်လိုက်၏။ သူ့အခန်းထဲတွင် တစ်စုံတစ်ယောက်ရောက်နေတာတော့သေချာသည်။ သူ့မျက်လုံးတွေကို ဝေ့ဝဲကာ ကစားလိုက်၏။ အခန်းထောင့်တစ်နေရာတွင်ကျောပေးနေသော မည်းမည်းအရာကိုတွေ့လိုက်ရ၏။ တစ်ကိုယ်လုံးမှာ ပေပေရေရေစုတ်စုတ်ပြတ်ပြတ်နှင့် ဆံပင်ရှည်တွေကကျောပေါ်ဝဲကျနေသည်။ ခါးတွင်တိုကြပ်နေသော ဘောင်းဘီတစ်ထည်ကလွဲ၍ ဘာမှမရှိ။ မျောက်စုံတစ်ကောင်လို ခါးကကုန်းထား၏။

သူက အိမ်ထဲကိုလှည့်ပတ်ကြည့်နေသည်။ သွေးသောက်ထိတ်လန့်လာ၏။ သူဘာလုပ်ရမည်နည်း။ ဒါကတော့ အိပ်မက်မဟုတ်တာသေချာသည်။ သူ့မျက်လုံးတွေနဲ့ တိုက်ရိုက်တွေ့ဆုံနေရတာပဲ။ ထိုအရာက သူ့ဘက်လှည့်ကြည့်လိုက်၏။ နဖူးမောက်မောက်၊ မျက်နှာကခွက်ခွက် ပါးစပ်ကပြဲပြဲ။ ထိုသတ္တဝါကလည်းသူ့ကိုမြင်၍သွားသည်။ သူတို့မျက်လုံးခြင်းဆုံလိုက်ကြ၏။ သွေးသောက်ကျောချမ်း၍သွားသည်။ ထိုသတ္တဝါက သူ့ဆီလှမ်းလာနေ၏။ ပြီးလျှင် သူ့လည်ပင်းကို ကုန်းကိုက်ကာ သွေးကိုစုတ်ယူလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် သူနှင့်သတ္တဝါအကြား တယ်လီဖုန်းက ရုတ်တရက် ကောက်မြည်လာ၏။ ထိုအသံက သတ္တဝါကိုခြောက်လှန့်လွှတ်လိုက်သည်။ သတ္တဝါသည် မျောက်တစ်ကောင်လိုပင် အနီးဆုံးပြတင်းပေါက်မှ အပြင်သို့ခုန်ထွက်ပြေးသွားသည်။ ဒါကိုပင် အခွင့်ကောင်းယူကာ၊ သွေးသောက်သည် လှဲနေရာကထပြေးပြီး သူ့အခန်းထဲဝင်ကာ အခန်းတံခါးကိုလျှင်မြန်စွာပိတ်လိုက်၏။ ပြီးတော့ ထိုသတ္တဝါ ပြတင်းတံခါးမှဝင်မလာနိုင်ရန် ပြတင်းတံခါးကိုပါ ဆွဲပိတ်လိုက်လေသည်။

ဧည့်ခန်းထဲမှတယ်လီဖုန်းသံမှာ အတန်ကြာအောင်မြည်နေပြီးမှ တိတ်သွား၏။ ဘယ်သူခေါ်သောဖုန်းလည်းမသိ။ ဘာပဲဖြစ်ဖြစ်၊ ဒီဖုန်းခေါ်သံက သူ့ကိုအန္တရာယ်မှ လွတ်မြောက်စေရန် ကူညီလိုက်ခြင်းပင်ဖြစ်လေသည်။ သူ ရင်တထိတ်ထိတ်နှင့် နားစွင့်နေသည်။ ထိုသတ္တဝါသည် ရုတ်တရက်ကြောက်လန့်ကာ ထွက်ပြေးသွားသော်လည်း နောက်တစ်ကြိမ် ပြန်လာဦးမည်ဟု စိတ်ထဲကထင်နေသည်။

သူ အထင်လည်းမမှား။ သူ့အခန်းတံခါးဆီသို့ လျှောက်လာသော ခြေသံများကြားရသည်။ သွေးသောက်က အခန်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်စရာလက်နက်ကို လိုက်ရှာသည်။ အခန်းထောင့်တစ်နေရာတွင် ထောင်ထားသော တုတ်ကြီးတစ်ချောင်းကိုတွေ့ရ၏။ သူ့အတွက်တော့ အားကိုးလောက်သောလက်နက်ပင်။ သွေးသောက်က တံခါးကို ရုတ်တရက်ဖွင့်ကာ ထိုတုတ်ကိုကိုင်၍ အခန်းထဲကအရာဆီပြေးသွားလိုက်၏။

"ဟော့ကောင်သွေးသောက်"

ထိုလူက တအံ့တသြလှမ်းခေါ်လိုက်သည်။ ပြေးကာရိုက်တော့မည့်ဆဲဆဲ သွေးသောက်၏ အရှိန်တန့်ကာ ရပ်လိုက်ရသည်။ အခန်းအလယ်တွင် ရပ်ငေးကာကြည့်နေသူက သူ ရန်ကုန်ကသူငယ်ချင်း မျိုးအောင်ဖြစ်နေလေသည်။ သူ လက်ထဲကတုတ်ကိုပစ်ချကာ ပြေးဖက်လိုက်၏။

"မျိုးအောင် မင်းဘယ်လိုလုပ်ရောက်လာတာလဲ"

"မင်းဖုန်းဆက်တာကြားပြီး မင်းဒုက္ခတွေ့နေပြီထင်လို့ ကူညီရအောင်ထွက်လာတာ ..."

"ကျေးဇူးပဲသူငယ်ချင်း ... မင်းကိုတွေ့ရတာ သိကြားနဲ့တွေ့တဲ့အတိုင်းပဲ ... မင်းက လာမယ်ဆိုလည်း ကြိုတင်အကြောင်းကြားရောပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းရတ်တရက် အုံ့အားသင့်သွားအောင်လို့ ... ကဲ ... ပြော မင်းဘာတွေဖြစ်နေသလဲ ... မင်းမြင်ရတာ ထိတ်စရာလန့်စရာ ကောင်းလိုက်တာ ... ငါ့တောင်တုတ်နဲ့ရိုက်တော့မလို့ ..."

ဒီတော့မှ သွေးသောက် ရယ်မောလိုက်သည်။ မျိုးအောင်ကို သူ ကြုံတွေ့ခဲ့ရသမျှတွေ အကျဉ်းချုံးပြောပြလိုက်၏။ သူတို့စကား ထိုင်ပြောနေစဉ် အဖေနှင့်အမေက ပြန်လာသည်။

"မြို့လယ်ကနေ ငါတို့ဖုန်းဆက်တယ် ... ပြန်ထူးသံမကြားရ တာနဲ့ပြန်လာကြတာ ..."

သူတို့လင်မယားနှစ်ယောက်က ရုပ်ရှင်အပြီး ညစာစားရန် ပြင်ဆင်ရင်း စားသောက်ဆိုင်ကဖုန်းဖြင့် အိမ်ကိုခေါ်ကြည့်၏။ ဖုန်း ကိုင်မည့်သူမရှိ။ ထိုဖုန်းခေါ်သံက သူ့ကိုကယ်လိုက်သည်။ ဖုန်းသံ ကြောင့် မည်းမည်းသတ္တဝါက ထွက်ပြေးသွားခြင်းဖြစ်၏။

သူက ဒါတွေပြန်ပြောပြတော့ သူ့အမေက မယုံ။ အခန်းထဲ တွင် ဘာမှ ခြေရာလက်ရာမပျက်။ သူ့အဖေက ...

"သား ကုလားထိုင်ပေါ်လှဲအိပ်ရင်း အိပ်မက်ဆိုးတွေမက် တာဖြစ်လိမ့်မယ် ..."

ဟုပြောနေလေသည်။ ဆက်မပြောတော့ဘဲ သွေးသောက် လက်လျှော့လိုက်၏။ သူ့မိဘတွေက မျိုးအောင်ရောက်လာတဲ့ အတွက် အားတက်သွားသည်။ ဘာပဲဖြစ်ဖြစ် သူတို့သား အဖော်ရ



www.burmeseclassic.com

www.burmeseclassic.com



သွားတာကောင်းသည်။ သူတို့နှစ်ယောက်အတူတူအိပ်ကြ၏။ အိပ်ရာထဲတွင် သွေးသောက်က သူကြုံခဲ့ရသမျှ အသေးစိတ်ပြော ပြ၏။ မျိုးအောင်ကတော့ သွေးသောက်စကားတွေကိုယုံသည်။

နောက်နေ့ကျတော့ သူတို့မြို့ထဲက နေခြည်ဝင်းတို့အိမ်ထွက် လာခဲ့သည်။ အိမ်က ခြံဝန်းနှင့်သပ်သပ်ရပ်ရပ်တစ်ထပ်တိုက်ကလေး ပင်။ နေခြည်ဝင်းက အံ့အားသင့်နေ၏။

“ငါ ... နင်တို့အဖေနဲ့တွေ့ချင်လို့ ...”

သွေးသောက်ကပြောတော့ အလုပ်သွားလုဆဲဆဲ သူ့အဖေ နှင့်ဆုံပေး၏။ ဦးတိုက်မောင်းက ...

“မင်း ... ဘာဖြစ်လာပြန်ပြီလဲ ကောင်လေး”

မနေ့ညက သူ့အိပ်ခန်းထဲကို အမျိုးအမည်မသိသတ္တဝါဝင် ရောက်လာခဲ့ကြောင်းပြောကာ ...

“ပထမတစ်ခါ ယာကွတ်ကိုကိုက်နေတုန်းက အဝေးက မြင်ရ တော့ မသဲကွဲဘူး ... အခု ဒီတစ်ခါတော့ အနီးကပ်အလင်းရောင် ထဲမှာမြင်ရတော့ ဘယ်သူလဲဆိုတာ ကောင်းကောင်းသိလိုက်ပြီ”

“ဘယ်သူလဲ ...”

“ဟောဒီ ဓာတ်ပုံပိုင်ရှင်ပဲ ...”

သွေးသောက်က သူ ထပ်ခိုးပေါ်ကကောက်ရခဲ့သော ဓာတ်ပုံ ကလေးကို ပေးလိုက်သည်။ (၁၀)နှစ်အရွယ်ကောင်လေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်။ ဦးတိုက်မောင်းက သေသေချာချာကြည့်ကာ ...

"ဩ ... ဒေါက်တာသန့်ဇော်ရဲ့သားလေးပဲ"

"ဟုတ်တယ် ... ဟုတ်တယ် ... သူပဲ"

"သူက သူ့မိဘတွေနဲ့အတူ လွန်ခဲ့တဲ့(၇)နှစ်လောက်ကတည်းက ဒီမြို့ကထွက်သွားခဲ့တယ်ကွ ... အဲဒါ ငါကိုယ်တိုင်မျက်လုံးနဲ့ တပ်အပ်မြင်ခဲ့တာ ..."

"အဲဒါတော့ ကျွန်တော်မသိဘူး ... သူရှိနေတာတော့အမှန်ပဲ ... သူက တစ်ခါတလေ သူအရင်ကနေခဲ့တဲ့ ကျွန်တော့်ထပ်ခိုးထဲ ရောက်ရောက်လာတတ်တယ် ..."

ထိုထပ်ခိုးပေါ်တွင် ဘောလုံးကလေးတွေ့ခဲ့ရတာကို သွေးသောက်က အမှတ်ရနေသည်။ သို့သော် သူ့စကားတွေကို ဦးတိုက်မောင်းက လုံးဝမယုံ။ ဦးတိုက်မောင်းက အလုပ်သွားတော့မည်ဟု ထိုင်ရာမှထလိုက်သည်။

"သမီးလည်းခဏနေရင် ကျောင်းသွားတော့"

ဟုပြောသွားသေး၏။ ဦးတိုက်မောင်းထွက်သွားတော့ သူတို့သုံးဦးဆက်ထိုင်ကာ ဆွေးနွေးကြသည်။ သွေးသောက်က ...

"ခက်တာပဲ ... ငါပြောတာတွေကို နင့်အဖေကမယုံဘူး"

"ငါကတော့ ယုံပါတယ် ..."

နေခြည်ဝင်းက ပြော၏။ မျိုးအောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"တို့တွေယုံရုံနဲ့မပြီးဘူးကွ ..."

"အများယုံကြည်အောင် ဘယ်လိုလုပ်ရမလဲ ..."

"သက်သေပြရမှာပေါ့ ... မင်းပြောတဲ့ အဲဒီသတ္တဝါတောထဲမှာ ရှိတယ်ဆိုရင် အဲဒီသတ္တဝါကို တို့သွားရှာရမယ်"

မျိုးအောင်က ပြောလိုက်ခြင်းဖြစ်သည်။ သူတွေးသလိုတော့ သွေးသောက် တစ်ခါမှမတွေးမိခဲ့။ မျိုးအောင်က သတ္တိလည်းရှိသည်။

"တို့ အခုနေ့ခင်းပဲ တောထဲကိုဝင်ရှာကြမယ်"

"ကောင်းတယ် ငါလည်းလိုက်ခဲ့မယ်"

နေခြည်ဝင်းက ပြောလိုက်ခြင်းဖြစ်ကာ သွေးသောက်က ရုတ်တရက်လက်မခံ။

"နင်မလိုက်နဲ့ ... တို့က တောထဲမှာဘယ်လိုအန္တရာယ်တွေ ကြုံဦးမယ်မသိဘူး ..."

"အဲဒါကြောင့် လိုက်မယ်ပြောတာပေါ့ ... တို့သုံးယောက်ဆို ပိုမကောင်းဘူးလား ..."

နေခြည်ဝင်းက နံရံပေါ်မှချိတ်ထားသည့် နှစ်လုံးပြူးသေနတ်ကိုယူလိုက်သည်။

"ငါ့အဖေ အမဲလိုက်တဲ့ သေနတ် ... ဒီသေနတ်ကို ငါကောင်းကောင်းပစ်တတ်တယ် ..."

သွေးသောက်က ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သွေးစုတ်ဖုတ်ကောင်ဆိုတာကိုလည်းရယ်စရာလို့သာ သဘောထား
သည်။ သူနှင့်တွေ့ရင်တော့ ဘာကောင်မှ အလွတ်မပေး။ လက်ထဲ
က တုတ်နှင့်အပြတ်တွယ်လိုက်မည်ဟု စဉ်းစားထား၏။

ထိုအခိုက်မှာပင် မလှမ်းမကမ်းသစ်ပင်များနောက်မှ တစ်
တစ်ယောက်ပြေးသွားတာ မြင်လိုက်ရသည်။ လှုပ်ရှားမှုမှာ မြန်ဆ
လွန်းလှ၍ ရိပ်ခနဲရိပ်ခနဲဖြစ်နေ၏။

"ဟိုမှာတွေ့လား ..."

ဦးတိုက်မောင်းက သေနတ်ကိုဆွဲထုတ်လိုက်သော်လည်း
ပစ်ကွင်းမကောင်းသဖြင့် ပစ်ခွင့်မသာ။ ထို့ကြောင့် သေနတ်ကိုကိုင်
ကာ ထိုအရာနောက်ပြေးလိုက်သွားလေတော့သည်။ ဇောကပ်နေ
သဖြင့် သူသည် ဦးမင်းနိုင်ကိုပင် သတိမမူနိုင်တော့ချေ။

ဦးမင်းနိုင်မှာ သူတစ်ယောက်တည်းကျန်ခဲ့ပါက အန္တရာယ်
များမည်ဆိုတာကိုသိသည်။ ထို့ကြောင့် ဦးတိုက်မောင်းနောက် ပြေး
လိုက်သွား၏။ သို့သော် ပြေးလိုက်၍မကြာခင်မှာပင် သစ်ပင်တစ်
ကို ခလုတ်တိုက်ကာ သူမှောက်လျက်လဲကျသွား၏။ သူ လူးလဲထ
လိုက်တော့ ဦးတိုက်မောင်းကို မျက်ခြေပြတ်သွား၏။ တောအလုံးမှာ
တိတ်ဆိတ်နေသည်။ မှောင်မိုက်သောတောအလယ် သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းရှိနေသလို ခံစားရသောအခါ စိတ်ထဲတွင် အားငယ်၍လာသည်။

သူ့ မတ်တတ်ရပ်ကာ ငေးကြည့်နေမိ၏။ အမှောင်ထုနှင့် တိတ်ဆိတ်ခြင်းသာ သူ့ပတ်ဝန်းကျင်တွင် လွှမ်းမိုးနေ၏။ အရှေ့ အနောက်တောင်မြောက် ဘယ်ညာမသိ။ ဘယ်သွားဘယ်လာရမယ် မသိ။ မှောင်လှျင် အန္တရာယ်ပိုများလာမယ်ဆိုသော ဦးတိုက်မောင်း စကားက သူ့ကိုခြိမ်းခြောက်ထားသလိုရှိလေသည်။

ထိုအခိုက်မှာပင် သူ့ဘေးမှ သစ်ပင်တစ်ပင်မှ သစ်ကိုင်းများ လှုပ်သွားတာတွေ့ရ၏။ မှိန်ပျပျအလင်းထဲမှာ မည်းမည်းအရာ တစ်ခုက သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းခုန်ကူးနေတာမြင်ရ၏။ လူဝံတစ်ကောင်လို ကျွမ်းကျင်တာမြင်ရ၏။ လှုပ်ရှားပုံကလည်း မြန်လှသည်။

ချက်ချင်းဆိုသလိုပင် သူနှင့်အနီးဆုံးနေရာရောက်လာကာ သူ့အပေါ်လွှားခနဲခုန်အုပ်လိုက်၏။ သူက လက်ထဲဓားတ်ဖြင့် လွှဲရိုက် ရန်ပြင်လိုက်၏။ သို့သော် တစ်ဖက်က သတ္တဝါက တုတ်ကိုသူ့လက်ဖြင့် ပုတ်ထုတ်လိုက်ရာ တုတ်မှာ လွင့်စဉ်၍သွားလေသည်။ ထို သတ္တဝါကား မထင်မှတ်နိုင်လောက်အောင် အင်အားကြီးမားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကို အသင့်အနေအထားဖြင့် ကိုင်ဆောင်လာသည်။ သွေးသောက်တွင် ဘာလက်နက်မှမပါ။ မျိုးအောင်ကတော့ ခါးတွင် ဓားမြှောင်တစ်လက်ကို ဓားအိမ်နှင့်ဟန်ပါပါ ချိတ်ဆွဲလာ၏။

တောအတွင်း မြေအပြင်မှာ သစ်ရွက်ကြွေများဖြင့် ဖိတ်ဖုံးနေ၏။ ပြီးတော့ နွယ်ပင်ငယ်များ ခြုံပုတ်ငယ်များ။ သူတို့လျှောက်လာသဖြင့် အလန့်တကြားဖြစ်ကာ ခြုံတောတိုးဝင်သွားသော ယုန်ကလေးများ၊ သစ်ပင်ပေါ် ပြေးတက်သွားသော ရှဉ့်ကလေးများမှလွဲ၍ အခြားတိရစ္ဆာန်များကို မတွေ့ရ။ ကြာတော့ မျိုးအောင်စိတ်ပျက်လာ၏။

"တို့တောထဲဝင်လာတာ တော်တော်ကြာပြီ ... ဘာမှလည်းမတွေ့ရသေးပါလား ... ငါဗိုက်လည်းဆာလာပြီ"

ချောင်းစပ်တွင်ထိုင်ကာ သူတို့အနားယူရင်း ပါလာသည့်ထမင်းထုပ်တွေကို ဖြည်စားကြသည်။ တကယ်တွေးတော့ သူစိတ်ကူးယဉ်ရာကျနေသလားမသိ။ ဤမျှ ကျယ်ပြန့်သောတောကြီးတွင် အမျိုးအမည်ခွဲခြားရန်ခက်သည့် သတ္တဝါကိုရှာဖွေရမည့်သူသည်မှာ ကောက်ရိုးပုံထဲကျပျောက်သည့်အပ်ကိုရှာရသလိုသာရှိပေမည်။

နေခြည်ဝင်းကမူ အနည်းငယ်မောပန်းသော်လည်း ပျော်ရွှ

www.burmeseclassic.com

www.burmeseclassic.com



နေပုံရ၏။ သွေးသောက်ကတော့ မပျော်နိုင်။ ထိုသတ္တဝါဘယ်လောက်ရန်ပြုနိုင်သည်ကို သူကောင်းကောင်းသိ၏။ ဒါကြောင့်အန္တရာယ်စက်ကွင်းထဲရောက်နေသလို စိတ်လက်မအေးနိုင်ဘဲရှိလေသည်။

✂⋯✂

www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်မောင်းက ခြောက်လုံးပြူးကိုထုတ်ကာ ချိန်ရွယ်ပစ်ခတ်လိုက်၏။ သူ့အဖို့ လေးငါးကိုက်အကွာမှ ပစ်ကွင်းကိုလွဲမှားနိုင်စရာအကြောင်းမရှိ။ သို့သော် ...

သေနတ်ခလုတ်ညှစ်ဆွဲစဉ်မှာပင် ... တစ်ယောက်က သူ၏သေနတ်ကိုင်လက်ကို တွန်းမြှောက်ပစ်လိုက်၏။ ထို့ကြောင့် ပစ်ချက်မှာ လွဲချော်သွားရလေသည်။ ကြည့်လိုက်တော့ သွေးသောက် ...

မည်းမည်းသတ္တဝါမှာ ချက်ချင်းပင် အမှောင်ထဲသို့ဝင်ကာ ထွက်ပြေးပျောက်ကွယ်သွား၏။ သွေးသောက်က မြေပြင်တွင်လဲနေသော သူ့အဖေကို ဆွဲထူလိုက်သည်။ နေခြည်ဝင်းနှင့်မျိုးအောင်တို့လည်း ရောက်ရှိလာကြ၏။ ဦးတိုက်မောင်းက ...

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ... သွေးစုတ်ဖုတ်ကောင်ကို မိတော့မလို့ကွ ... "

ဟုဒေါသဖြင့် ကြိမ်းလိုက်သည်။ သွေးသောက်က ...

"သူ သွေးစုတ်ဖုတ်ကောင်မဟုတ်ပါဘူး ... "

"မင်းအဖေကိုတိုက်ခိုက်တာ မင်းမတွေ့ဘူးလား"

"သူ့ကိုရန်မူမယ်ထင်လို့ပါ ... သူက ကျွန်တော်တို့လို သာမန်



www.burmeseclassic.com

www.burmeseclassic.com



...သားတစ်ယောက်ပါ ... သူက ပိုပြီးတောင်သနားစရာကောင်းပါ
...သေးတယ် ..."

နေခြည်ဝင်းက ...

"သွေးသောက် နှင့်အဖေကို မြန်မြန်ဆေးရုံပို့မှဖြစ်မယ်ထင်
...တယ်"

ဟု စိုးရိမ်တကြီးပြောသည်။ သူနှင့်မျိုးအောင်က မှုသယ်ကာ
...ကာထဲကအမြန်ထွက်ခဲ့ကြ၏။ ဦးတိုက်မောင်းက နေခြည်ဝင်းထံမှ
...ခံလုံးပြုူးကိုယူကာ သတိနှင့်လိုက်ပါလာလေသည်။ တောထဲတွင်
...တော်ပင် မှောင်မိုက်နေလေရာ ရှေ့မှ နေခြည်ဝင်းက လက်နှိပ်
...တ်မီးတစ်လက်နှင့် လမ်းပြခဲ့ရ၏။

တောစပ်ကားရပ်နားရာနေရာရောက်သောအခါ ကားပေါ်
...တင်၍ ဆေးရုံသို့ အမြန်မောင်းလာခဲ့ရသည်။ ဦးမင်းနိုင်ကို အရေး
...ပေါ် ကုသမှုခံယူနေစဉ် သွေးသောက်က အိမ်ကိုဖုန်းဆက်ကာ
...ကြောင်းကြားလိုက်သဖြင့် ဒေါ်မြနှစ်ရောက်ရှိလာ၏။ ဒေါ်မြနှစ်
... ဦးမင်းနိုင်ဒဏ်ရာရခဲ့သည်ဆိုသည့်အတွက် စိုးရိမ်တကြီးဖြစ်နေ
...သည်။ ဆရာဝန်ကြီးက ...

"ဒဏ်ရာ သိပ်မပြင်းထန်ပါဘူး ... အပေါ်ယံအရေပြားပဲ

www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ကပိတ်ထား၏။ ဒါကြောင့် ရဂုံဘွေရဲ့ရွာနသို့ ထွက်လာခဲ့ကြ
သည်။ ရဲ့ရွာနတွင်တွေ့သော ဦးတိုက်မောင်းကိုမေးတော့ ...

"မနက်ကတော့လာတယ် ... ကျူပ်ထွက်လာတော့တော
သူတို့ကျန်ခဲ့သေးတယ် ... သမီးကို ကျောင်းသွားဖို့မှာခဲ့တယ်"

"ရှင့်သမီးရော ကျောင်းမှာရှိရဲ့လား ... "

ဒေါ်မြနှစ်စကားကြောင့် ဦးတိုက်မောင်း ပူပန်သွား၏
ကျောင်းကို ဖုန်းဆက်မေးတော့ "ဒီနေ့ နေခြည်ဝင်းကျော
မတက်"ဟုဖြေလေသည်။ ဦးတိုက်မောင်းက ...

"ကလေးတွေ ဘယ်သွားကြသလဲ"

မေးလိုက်၏။ ဦးတိုက်မောင်းက ...

"တစ်နေရာပဲရှိတော့တယ် ... တောထဲပဲ ... "

"ဘာသွားလုပ်တာလဲ ... "

"လူသွားရှာတာပဲဖြစ်မယ်"

"ဘယ်သူလဲ ... "

"ခင်ဗျားတို့ကိုရှင်းပြနေတာကြာတယ် ... တောထဲကိုမြန်
လိုက်မှဖြစ်မယ် ... သူတို့အတွက် အန္တရာယ်ရှိတယ်"

ဦးတိုက်မောင်းက ပျာပျာသလဲ ပြောလိုက်တော့မှ ဒေါ်မြ
တို့ လင်မယားနှစ်ယောက်လုံး စိုးရိမ်ပူပန်၍သွားရတော့သည်။

✂·····✂

www.burmeseclassic.com

www.burmeseclassic.com



* ဦးတိုက်မောင်းက သေနတ်ကိုဆွဲထုတ်လိုက်သော်လည်း ပစ်ကွင်းမကောင်းသဖြင့် ပစ်ခွင့်မသာ။ ထို့ကြောင့် သေနတ်ကို ကိုင်၍ ထိုအရာနောက်ပြေးလိုက်သွားလေတော့သည်။

## (၁၀) သားရဲတွင်းမှ မြေပုံနှစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကာ သူနေထိုင်သော ဂူလေးထဲတွင် မြုပ်နှံသင်္ဂြိုဟ်ထားခဲ့သည်။ သူ့ဘဝတွင် သူမြှုတ်နှံးတန်ဖိုးထားတာက ဤလူနှစ်ယောက်သာရှိသည် မဟုတ်လား။ သူသည် တစ်ခါတစ်ရံ၌ ယခင်က သူနေထိုင်ခဲ့ရာ၊ ယခုသွေးသောက်တို့နေထိုင်ရာအိမ်၏ ထပ်ခိုးကုလေးဆီသို့လာရောက်ကာ နေတတ်ပုံရ၏။ သူသည် မျောက်တစ်ကောင်ကဲ့သို့ သစ်ပင်တက်ကျွမ်းကျင်သဖြင့်၊ သစ်ကိုင်းမှတစ်ဆင့် ပြတင်းပေါက်ထဲခုန်ဝင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပျောက်နေသော ဘောလုံးကို ထိုထပ်ခိုးထဲတွင် ပြန်တွေ့ခဲ့ရခြင်းဖြစ်သည်။ သွေးသောက်က ...

"သူက ထပ်ခိုးထဲမှာသာ နေတာမဟုတ်ဘူး ... တစ်ခါတလေကျရင် ကျွန်တော့်အခန်းထဲကိုလည်း ဝင်လာလေ့ရှိပုံရတယ်၊ ဒါကြောင့် သူ ကျွန်တော့်ကြက်တူရွေးကိုခိုးသွားတာပဲ"

ဂူထဲမှာတွေ့ရသော ကြက်တူရွေးကို သွေးသောက်က ပြန်ယူလာခဲ့။ "သူ့ဘဝက အင်မတန် အထီးကျန်ဆန်တယ် ... ဒီကြက်တူရွေးလေးကို အဖော်လုပ်နေတာ"ဟု ဂူထဲတွင်ပင်ထားရစ်ခဲ့သည်။ နေခြည်ဝင်းက ...

"သူက နင့်ကိုတော့ ဘာကြောင့်သွေးမသောက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူ့ကိုမှ သွေးမသောက်ပါဘူး ... သူ့မှာတိုက်ခိုက်စရာလက်နက်က သွားတွေပဲရှိလို့ သွားတွေနဲ့တိုက်ခိုက်တာ၊ တောထဲမှာ တိရစ္ဆာန်တွေဟာ တိုက်ခိုက်ရင် ပါးစပ်ကိုပဲ အသုံးပြုတတ်ကြတယ်မဟုတ်လား ... လည်ပင်းမှာ အပေါက်ကလေးတွေ တွေ့ပြီး သွေးစုပ်တယ်လို့ လူတွေက ယူဆနေကြတာ ... ငါ့ကို တိုက်ခိုက်တာကတော့ ငါနဲ့သူနဲ့က ရှယ်တူတွေဆိုတော့ ငါ့ကို သူငယ်ချင်းလို မိတ်ဆွေလို သဘောထားလို့ထင်ပါတယ်"

ဦးတိုက်မောင်းက ဖြစ်နိုင်တယ်ဟုဆိုသည်။ သူတွေးမရတာ တစ်ခုပဲရှိသည်။

"အရင်တုန်းက ဒီကောင်ဟာ လူတွေကိုရန်မပြုတတ်ပါဘူး ဘာကြောင့် နောက်ပိုင်းမှာ ရန်ပြုရတာလဲ"

၎င်းအဖြေကို နောက်ဆုံး ဝူးဝူးကိုဖမ်းမိတော့မှ သိရတော့သည်။ ဝူးဝူးခြေထောက်တစ်ဖက်တွင် သံထောင်ခြောက်တစ်ခုညှပ်မိနေမှ ရရှိသောဒဏ်ရာကိုတွေ့ရ၏။ ဒီထောင်ခြောက်က ဝံပုလွေတွေကို ထောင်ထားသော ယာကွက်၏ထောင်ခြောက်ဖြစ်သည်။ သူဒဏ်ရာအနာတရဖြစ်ရသောကြောင့် မုန်းတီးစိတ်ပေါ်ကာ တိုက်ခိုက်ခြင်းဖြစ်ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ဝင်းက နားမလည်သလိုရေရွတ်လိုက်၏။ သွေး
သောက်က ...

"ငါ့ကိုပေး ..."

ဟုတောင်းယူကာ သူ့နောက်ကျောပိုးအိတ်ထဲထည့်လိုက်၏
ဆက်လျှောက်၍မှမကြာသေး၊ နေခြည်ဝင်းက တစ်ခုခုကိုမြင်ရသ
ရှေ့ကိုပြေးသွားသဖြင့် သူတို့လည်း နောက်ကပြေးလိုက်သွားကြ
သည်။

မြင်လိုက်ရတာက ပျက်စီးနေသော ကားပျက်တစ်စီး။ ကား
က မိုးဒဏ်လေဒဏ်ခံရသဖြင့် အရောင်အဆင်းမွဲလွင့်နေလေပြ
တချို့အစိတ်အပိုင်းတွေက အနီးတွင်ကျိုးပဲ့လွင့်စဉ်နေသည်။ ကား
ဘေးတွင်လည်းကောင်း ကားထဲတွင်လည်းကောင်း ခြုံနွယ်တချို့
ရစ်တွယ်ပေါက်ရောက်နေ၏။ ကားလမ်းမရှိသောနေရာတွင် ကား
တစ်စီးရောက်နေတာဆန်းသည်။

သွေးသောက်က အပေါ်ကိုမော့ကြည့်လိုက်၏။ အတော်မြ
သောနေရာတွင် တောင်ပတ်ကားလမ်းတစ်ခုရှိနေတာတွေ့ရသည်

"ကားက တောင်ပေါ်က လမ်းချော်ကျလာတာဖြစ်မယ်"

သူ့စကားကို ကျန်နှစ်ယောက်က လက်ခံလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထူးခြားတာတစ်ခုက ကားထဲတွင် ထိခိုက်ဒဏ်ရာရကာ သေဆုံးနေသူဟူ၍ တစ်ယောက်မှမတွေ့ရခြင်းပင်ဖြစ်၏။ ကြာမြင့်ပြီဆိုသည့်တိုင်အောင် သေဆုံးသူများ၏ အရိုးစုလောက်ကိုတွေ့ရဖို့ကောင်းသည်။

"အလောင်းတွေဘယ်ရောက်သွားသလဲ"

မျိုးအောင်ကလည်း မနေနိုင်ဘဲ မေးလိုက်၏။ နေခြည်ဝင်းက ...

"ကျားဆွဲသွားတာဖြစ်မယ် ... တစ်နေရာကိုဆွဲသွားပြီး စားသောက်လိုက်တာ နေမှာပေါ့ ..."

ဟုဆို၏။ သူ့အဆိုက မသေချာသော်လည်း ယုတ္တိတော့ရှိသည်။ သွေးသောက်က ကားနံပါတ်ကိုသွားကြည့်တော့မရှိ။

"တို့ကောက်ရတဲ့ကားနံပါတ်ဟာ ဒီကားကပြုတ်ထွက်လာတာဖြစ်မယ် ..."

"အလောင်းတွေရှာကြည့်ရအောင် ... အနီးအနားမှာရှိချင်ရှိမယ် ..."

သို့သော် ပတ်ဝန်းကျင်တွင် ဘာမှမရှိ။ သူတို့လျှောက်ရှာနေစဉ် တောအုပ်အတွင်းမှ တစ်စုံတစ်ယောက်က သူတို့ကိုချောင်း



www.burmeseclassic.com

www.burmeseclassic.com



## (၁၈) တောတွင်းသား၏ဇာတ်သိမ်း

မနက် နေအတော်မြင့်မှ သူတို့နိုးကြသည်။ နှစ်ယောက်လုံး ဖြစ်သလိုကော်ဖီဖျော်သောက်ကြကာ၊ ဆေးရုံသို့သွားရန်ပြင်ကြသည်။ သွေးသောက်က အဖေ့အတွက်စိတ်ပူနေသည်။ ဆေးရုံကို သွားကာ လူစားလဲရမည်။ အမေ့ကို ခေတ္တအိမ်ပြန်ကာ အနားယူခိုင်းရမည်။ ပြီးလျှင် ဦးတိုက်မောင်းကိုခေါ်ကာ တောထဲကဂူကိုသွားပြရမည်။ ကားပျက်နေရာကိုပြသရမည်။

"သူ့ကိုတော့ ဘာလုပ်မလဲ မသိဘူး"

"ဘာလုပ်ရမှာလဲကွ ... လူသတ်မှုနဲ့ဖမ်းရမှာပေါ့... သူက



www.burmeseclassic.com

www.burmeseclassic.com



မို့မောက်အောင်စီထပ်ထားသော ကျောက်ပုံနှစ်ပုံတွေ့ရ၏။ သွေးသောက်က ...

"ကြည့်ရတာကတော့ လူသေကိုမြှုပ်နှံတဲ့မြေပုံတွေနဲ့တူတယ်"

"ဖြစ်နိုင်တယ် ... မြေပုံကနှစ်ခု ... ဒါဟာ လူနှစ်ယောက်ရဲ့သင်္ချိုင်းမြေပုံပဲ ... အဲဒီလူတွေက ကားပျက်ထဲကလူတွေဖြစ်နိုင်တယ် ..."

"သူတို့ကို ဒီလိုမြှုပ်နှံပေးခဲ့တဲ့သူက ဘယ်သူလဲ"

မျိုးအောင်က မေးလိုက်၏။ သို့သော် ဘယ်သူမှမဖြေလိုက်ရ ထိတ်လန့်ချောက်ချားဖွယ်ရာအော်သံကြီးတစ်ခု ထွက်ပေါ်လာသောကြောင့်ဖြစ်လေသည်။

⁂



www.burmeseclassic.com

www.burmeseclassic.com



တောထဲကို ဦးတိုက်မောင်းနှင့် ဦးမင်းနိုင်တို့နှစ်ယောက် ဝင်ရောက်လာကြ၏။ ဦးတိုက်မောင်းခါးတွင် ခြောက်လုံးပြူးတစ်လက်ကိုချိတ်ဆွဲထားသော်လည်း ဦးမင်းနိုင်ထံတွင် လက်နက်မပါ။ တုတ်ကြီးတစ်ချောင်းကိုသာကိုင်စွဲလာ၏။

"ခပ်သွက်သွက်လာ ... သတိလည်းထား ... ဒီတောက မကြာခင်မှောင်သွားလိမ့်မယ် ... မှောင်ရင် ပိုပြီးအန္တရာယ်များတယ်"

ဦးတိုက်မောင်းက သတိပေးစကားပြောလိုက်ခြင်းဖြစ်၏။ ဦးမင်းနိုင်ကတော့ ကြောက်စရာမရှိဟု ထင်သည်။ သူ့ကိုပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com



သွေးစုတ်ဖုတ်ကောင်ဆိုတာကိုလည်းရယ်စရာလို့သာ သဘောထား
သည်။ သူနှင့်တွေ့ရင်တော့ ဘာကောင်မှ အလွတ်မပေး။ လက်ထဲ
က တုတ်နှင့်အပြတ်တွယ်လိုက်မည်ဟု စဉ်းစားထား၏။

ထိုအခိုက်မှာပင် မလှမ်းမကမ်းသစ်ပင်များနောက်မှ တစ်ခု
တစ်ယောက်ပြေးသွားတာ မြင်လိုက်ရသည်။ လှုပ်ရှားမှုမှာ မြန်ဆန်
လွန်းလှ၍ ရိပ်ခနဲရိပ်ခနဲဖြစ်နေ၏။

"ဟိုမှာတွေ့လား ..."

ဦးတိုက်မောင်းက သေနတ်ကိုဆွဲထုတ်လိုက်သော်လည်း
ပစ်ကွင်းမကောင်းသဖြင့် ပစ်ခွင့်မသာ။ ထို့ကြောင့် သေနတ်ကိုကိုင်
ကာ ထိုအရာနောက်ပြေးလိုက်သွားလေတော့သည်။ ဇောကပ်နေ
သဖြင့် သူသည် ဦးမင်းနိုင်ကိုပင် သတိမမူနိုင်တော့ချေ။

ဦးမင်းနိုင်မှာ သူတစ်ယောက်တည်းကျန်ခဲ့ပါက အန္တရာယ်
များမည်ဆိုတာကိုသိသည်။ ထို့ကြောင့် ဦးတိုက်မောင်းနောက် ပြေး
လိုက်သွား၏။ သို့သော် ပြေးလိုက်၍မကြာခင်မှာပင် သစ်ပင်တစ်ခု
ကို ခလုတ်တိုက်ကာ သူမှောက်လျက်လဲကျသွား၏။ သူ လှုံ့လဲထ
လိုက်တော့ ဦးတိုက်မောင်းကို မျက်ခြေပြတ်သွား၏။ တောအလုံးမှာ
တိတ်ဆိတ်နေသည်။ မှောင်မိုက်သောတောအလယ် သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းရှိနေသလို ခံစားရသောအခါ စိတ်ထဲတွင် အားငယ်၍လာသည်။

သူ မတ်တတ်ရပ်ကာ ငေးကြည့်နေမိ၏။ အမှောင်ထုနှင့် ကိတ်ဆိတ်ခြင်းသာ သူ့ပတ်ဝန်းကျင်တွင် လွှမ်းမိုးနေ၏။ အရှေ့ အနောက်တောင်မြောက် ဘယ်ညာမသိ။ ဘယ်သွားဘယ်လာရမယ် သေိ။ မှောင်လျှင် အန္တရာယ်ပိုများလာမယ်ဆိုသော ဦးတိုက်မောင်း ကားက သူ့ကိုခြိမ်းခြောက်ထားသလိုရှိလေသည်။

ထိုအခိုက်မှာပင် သူ့ဘေးမှ သစ်ပင်တစ်ပင်မှ သစ်ကိုင်းများ သွပ်သွားတာတွေ့ရ၏။ မှိန်ပျပျအလင်းထဲမှာ မည်းမည်းအရာ တစ်ခုက သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းခုန်ကူးနေတာမြင်ရ၏။ သုဝံတစ်ကောင်လို ကျွမ်းကျင်တာမြင်ရ၏။ လှုပ်ရှားပုံကလည်း မြန်လှသည်။

ချက်ချင်းဆိုသလိုပင် သူနှင့်အနီးဆုံးနေရာရောက်လာကာ သူ့အပေါ်လွှားခနဲခုန်အုပ်လိုက်၏။ သူက လက်ထဲတုတ်ဖြင့် လွဲရိုက် နေပြင်လိုက်၏။ သို့သော် တစ်ဖက်က သတ္တဝါက တုတ်ကိုသူ့လက်မှ ဖြင့် ပုတ်ထုတ်လိုက်ရာ တုတ်မှာ လွင့်စဉ်၍သွားလေသည်။ ထို သတ္တဝါကား မထင်မှတ်နိုင်လောက်အောင် အင်အားကြီးမားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျန်လက်တစ်ဖက်ဖြင့် ဦးမင်းနိုင်၏ရင်ကို ဆွဲဖြဲလိုက်၏ လက်သည်းရှည်ရှည်ချွန်ချွန်တွေက အင်္ကျီရင်ဘတ်ကိုသာမက သွ အသားအရေကိုပါ သွေးသံရဲရဲဖြစ်အောင် စုတ်ပြဲသွားစေသည်။ ဦးမင်းနိုင်က နာကျင်စွာ အော်ဟစ်လိုက်မိလေတော့သည်။

✂----✂

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာကို အရင်ဆုံးရောက်ရှိလာသူမှာ ဦးတိုက်မောင်း ဖြစ်သည်။ သူသည် ရိုပ်ခနဲမြင်လိုက်ရသည့် သတ္တဝါနောက်လိုက်ရင်း ကပင် မျက်ခြည်ပြတ်၍သွားသည်။ ဒီတော့မှ ကိုမင်းနိုင်နှင့်သူ လူခြင်းကွဲနေသည်ကို သတိထားလိုက်မိ၏။ ဦးမင်းနိုင်ကို ပြန်ရှာဖို့ စိတ်ကူးနေစဉ်မှာပင် ဦးမင်းနိုင်အော်သံကိုကြားလိုက်ရသဖြင့် အသံကြားရာသို့ ပြေးလာခဲ့ခြင်းဖြစ်၏။

မကြာခင် ထိုနေရာကိုရောက်ရှိသွားသည်။ ဦးမင်းနိုင်သည် လူလိုလိုမျောက်လိုလိုအကောင်တစ်ကောင်နှင့်တိုက်ခိုက်နေတာတွေ့ ရ၏။ ထိုသတ္တဝါကအပေါ်က ဦးမင်းနိုင်ကအောက်က ...



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်မောင်းက ခြောက်လုံးပြူးကိုထုတ်ကာ ချိန်ရွယ်ပစ်ခတ်လိုက်၏။ သူ့အဖို့ လေးငါးကိုက်အကွာမှ ပစ်ကွင်းကိုလွဲမှားနိုင်စရာအကြောင်းမရှိ။ သို့သော် ...

သေနတ်ခလုတ်ညှစ်ဆွဲစဉ်မှာပင် ... တစ်ယောက်က သူ၏သေနတ်ကိုင်လက်ကို ကွန်းမြှောက်ပစ်လိုက်၏။ ထို့ကြောင့် ပစ်ချက်မှာ လွဲချော်သွားရလေသည်။ ကြည့်လိုက်တော့ သွေးသောက် ...

မည်းမည်းသတ္တဝါမှာ ချက်ချင်းပင် အမှောင်ထဲသို့ဝင်ကာ ထွက်ပြေးပျောက်ကွယ်သွား၏။ သွေးသောက်က မြေပြင်တွင်လဲနေသော သူ့အဖေကို ဆွဲထူလိုက်သည်။ နေခြည်ဝင်းနှင့်မျိုးအောင်တို့လည်း ရောက်ရှိလာကြ၏။ ဦးတိုက်မောင်းက ...

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ... သွေးစုတ်ဖုတ်ကောင်ကို မိတော့မလို့ကွ ..."

ဟုဒေါသဖြင့် ကြိမ်းလိုက်သည်။ သွေးသောက်က ...

"သူ သွေးစုတ်ဖုတ်ကောင်မဟုတ်ပါဘူး ..."

"မင်းအဖေကိုတိုက်ခိုက်တာ မင်းမတွေ့ဘူးလား"

"သူ့ကိုရန်မူမယ်ထင်လို့ပါ ... သူက ကျွန်တော့်လို သာမန်



www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ယောက်ပါ ... သူက ပိုပြီးတောင်သနားစရာကောင်းပါ

သေးတယ် ...”

နေခြည်ဝင်းက ...

“သွေးသောက် နင့်အဖေကို မြန်မြန်ဆေးရုံပို့မှဖြစ်မယ်ထင်

တယ်”

ဟု စိုးရိမ်တကြီးပြောသည်။ သူနှင့်မျိုးအောင်က မှသယ်ကာ

တောထဲကအမြန်ထွက်ခဲ့ကြ၏။ ဦးတိုက်မောင်းက နေခြည်ဝင်းထံမှ

နှစ်လုံးပြူးကိုယူကာ သတိနှင့်လိုက်ပါလာလေသည်။ တောထဲတွင်

အတော်ပင် မှောင်မိုက်နေလေရာ ရှေ့မှ နေခြည်ဝင်းက လက်နှိပ်

ဓာတ်မီးတစ်လက်နှင့် လမ်းပြခဲ့ရ၏။

တောစပ်ကားရပ်နားရာနေရာရောက်သောအခါ ကားပေါ်

တင်၍ ဆေးရုံသို့ အမြန်မောင်းလာခဲ့ရသည်။ ဦးမင်းနိုင်ကို အရေး

ပေါ်ကုသမှုခံယူနေစဉ် သွေးသောက်က အိမ်ကိုဖုန်းဆက်ကာ

အကြောင်းကြားလိုက်သဖြင့် ဒေါ်မြနှစ်ရောက်ရှိလာ၏။ ဒေါ်မြနှစ်

မှာ ဦးမင်းနိုင်ဒဏ်ရာရခဲ့သည်ဆိုသည့်အတွက် စိုးရိမ်တကြီးဖြစ်နေ

သည်။ ဆရာဝန်ကြီးက ...

“ဒဏ်ရာ သိပ်မပြင်းထန်ပါဘူး ... အပေါ်ယံအရေပြားပဲ



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်မိတာပါ ... ဒါပေမဲ့ ကုတ်လိုက်တဲ့သူရဲ့လက်သည်းမှာ ရောဂါပိုးတွေပါနိုင်တဲ့အတွက် ဂရုတစိုက်ကာကွယ်ဆေးထိုးပေးထားပါတယ်"

ဦးမင်းနိုင်သည် အိပ်ပျော်၍နေသည်။ ဒေါ်မြနှစ်က ခုတင်ဘေးတွင် ငေးငေးငိုင်ငိုင်ထိုင်နေ၏။ အခန်းလွတ်တစ်ခန်းတွင် သွေးသောက်က သူတွေ့ခဲ့မြင်ခဲ့တာတွေကိုပြန်ပြောပြနေ၏။ တစ်ချက်တစ်ချက် နေခြည်ဝင်းနှင့် မျိုးအောင်က ဝင်ကာ စကားထောက်ပေး၏။ သူတို့သုံးယောက်လုံးက ခိုင်ခိုင်မာမာပြောနေသဖြင့် ဦးတိုက်မောင်းက ယုံကြည်စပြုလာသည်။

"မင်းတို့ပြောတဲ့နေရာကို ငါမတွေ့ရမခြင်းတော့ လုံးဝမယုံနိုင်သေးဘူး ... အခုတော့ မိုးချုပ်နေပြီ ... သွားကြည့်ဖို့မဖြစ်နိုင်တော့ဘူး ... မနက်ကျမှ သွားကြည့်ကြတာပေါ့ ..."

ဦးတိုက်မောင်းက သူ ဆက်စပ်တွေးတောမိတာကိုပြောပြသည်။

"ဟုတ်တယ် ... သူတို့ ဒီမြို့ကထွက်သွားတဲ့နေ့က ရာသီဥတုမကောင်းဘူး ... နှင်းမိုးတွေရွာနေတယ် ... အဲသလိုအချိန်မျိုးဆိုတောင်ပေါ်လမ်းမှာ ကားတွေလမ်းချော်တတ်တယ် ... ငါကတောင်



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှသွားဖို့ တားသေးတယ် ... ဒါပေမဲ့ သူတို့က အကုန်စီစဉ်ပြီးပြီဆို ဖွတ်ထွက်သွားတာ”

ထိုနေ့က ... ကားသည် တောင်ပေါ်မှလမ်းချော်ကျကာ ဒေါက်တာသန့်ဇော်နှင့် ဇနီးတို့ သေဆုံးသွားပေလိမ့်မည်။ ဤအဖြစ်ကို ဘယ်သူမှ သတိမထားမိဘဲ ကာလကြာမြင့်စွာ တောထဲတွင် တိမ်မြုပ်နေခဲ့သည်။ ကံအားလျော်စွာ၊ သူတို့နှင့်အတူပါသွားသော သားကလေးကတော့ အသက်မသေဘဲ ကျန်ရစ်မည်။ ရှိသော ဒဏ်ရာတွေက သူ့သဘာဝအတိုင်း ပျောက်ကင်းသွားပေလိမ့်မည်။

ဝူးဝူးသည် နဂိုကပင် တောထဲမှာနေရတာ နှစ်ခြိုက်သူပီပီ တောထဲတွင်ပင် ဆက်ကာနေထိုင်ခဲ့ခြင်းဖြစ်မည်။ သူက ဦးနှောက်ဖွံ့ဖြိုးသူမဟုတ်သဖြင့် ဤကိစ္စအား ရပ်ရွာကို အသိပေးရမည်ဟု စဉ်းစားမိဟန်မတူ။ တောထဲတွင် ဘယ်လိုအသက်ရှင်နေထိုင်ရမည်ကိုတော့ ဝူးဝူးသည် ကောင်းကောင်းသိဟန်တူ၏။ တောထဲတွင် သဘာဝအတိုင်း ရှာဖွေစားသောက်ရင်း သူကြီးပြင်းလာသည်။ တောရိုင်းတိရစ္ဆာန်တစ်ကောင်လို သန်မာလာသည်။ သူနေထိုင်ဖို့ မိုးလေလုံသော ဂူကလေးတစ်ဂူကိုလည်း သူရှာဖွေတွေ့ရှိခဲ့သည်။

သူ့အဖေနှင့်အမေ၏အလောင်းများကို ကားပျက်ထဲမှယူ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကာ သူနေထိုင်သော ဂူလေးထဲတွင် မြှုပ်နှံသဂြိုဟ်ထားခဲ့သည်။ သူ့ဘဝတွင် သူမြတ်နိုးတန်ဖိုးထားတာက ဤလူနှစ်ယောက်သာရှိသည် မဟုတ်လား။ သူသည် တစ်ခါတစ်ရံ၌ ယခင်က သူနေထိုင်ခဲ့ရာ၊ ယခုသွေးသောက်တို့နေထိုင်ရာအိမ်၏ ထပ်ခိုးကလေးဆီသို့လာရောက်ကာ နေတတ်ပုံရ၏။ သူသည် မျောက်တစ်ကောင်ကဲ့သို့ သစ်ပင်တက်ကျွမ်းကျင်သဖြင့်၊ သစ်ကိုင်းမှတစ်ဆင့် ပြတင်းပေါက်ထဲခုန်ဝင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပျောက်နေသော ဘောလုံးကို ထိုထပ်ခိုးထဲတွင် ပြန်တွေ့ခဲ့ရခြင်းဖြစ်သည်။ သွေးသောက်က ...

"သူက ထပ်ခိုးထဲမှာသာ နေတာမဟုတ်ဘူး ... တစ်ခါတလေကျရင် ကျွန်တော့်အခန်းထဲကိုလည်း ဝင်လာလေ့ရှိပုံရတယ်၊ ဒါကြောင့် သူ ကျွန်တော့်ကြက်တူရွေးကိုခိုးသွားတာပဲ"

ဂူထဲမှာတွေ့ရသော ကြက်တူရွေးကို သွေးသောက်က ပြန်ယူလာခဲ့။ "သူ့ဘဝက အင်မတန် အထီးကျန်ဆန်တယ် ... ဒီကြက်တူရွေးလေးကို အဖော်လုပ်နေတာ" ဟု ဂူထဲတွင်ပင်ထားရစ်ခဲ့သည်။ နေခြည်ဝင်းက ...

"သူက နင့်ကိုတော့ ဘာကြောင့်သွေးမသောက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူ့ကိုမှ သွေးမသောက်ပါဘူး ... သူ့မှာတိုက်ခိုက်စရာလက်နက်က သွားတွေပဲရှိလို့ သွားတွေနဲ့တိုက်ခိုက်တာ၊ တောထဲမှာ တိရစ္ဆာန်တွေဟာ တိုက်ခိုက်ရင် ပါးစပ်ကိုပဲ အသုံးပြုတတ်ကြတယ်မဟုတ်လား ... လည်ပင်းမှာ အပေါက်ကလေးတွေ တွေ့ပြီး သွေးစုပ်တယ်လို့ လူတွေက ယူဆနေကြတာ ... ငါ့ကို မတိုက်ခိုက်တာကတော့ ငါနဲ့သူနဲ့က ရွယ်တူတွေဆိုတော့ ငါ့ကို သူငယ်ချင်းလို မိတ်ဆွေလို သဘောထားလို့ထင်ပါတယ်"

ဦးတိုက်မောင်းက ဖြစ်နိုင်တယ်ဟုဆိုသည်။ သူတွေးမရတာ တစ်ခုပဲရှိသည်။

"အရင်တုန်းက ဒီကောင်ဟာ လူတွေကိုရန်မပြုတတ်ပါဘူး ဘာကြောင့် နောက်ပိုင်းမှာ ရန်ပြုရတာလဲ"

ဤအဖြေကို နောက်ဆုံး ဗူးဗူးကိုဖမ်းမိတော့မှ သိရတော့သည်။ ဗူးဗူးခြေထောက်တစ်ဖက်တွင် သံထောင်ချောက်တစ်ခုညှပ်မိရာမှ ရရှိသောဒဏ်ရာကိုတွေ့ရ၏။ ဒီထောင်ချောက်က ဝံပုလွေတွေကို ထောင်ထားသော ယာကွက်၏ထောင်ချောက်ဖြစ်သည်။ သူ ဒဏ်ရာအနာတရဖြစ်ရသောကြောင့် မုန်းတီးစိတ်ပေါ်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ဝင်းက သူ့အဖေနှင့်အတူ အိမ်ပြန်သွားသည်။ မျိုးအောင်နှင့် သွေးသောက်က အိမ်ပြန်လာခဲ့ကြ၏။ သူ့အမေကတော့ သူ့အဖေကိုစောင့်ရင်း ဆေးရုံမှာအိပ်မည်ဟု ဆိုလေသည်။

အိမ်ရောက်သောအခါ မျိုးအောင်သည် ခုတင်ပေါ်တက်လှဲကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေသည်။ သွေးသောက်ကတော့ ကောင်းကောင်းအိပ်မပျော်။ တွေ့ခဲ့ရသောအဖြစ်အပျက်တွေကြောင့် သူ့ စိတ်တွေလှုပ်ရှားနေတာဖြစ်နိုင်သည်။ သူ နိုးတစ်ဝက် အိပ်မက်တွင် ဒေါက်တာသန့်ဇော်တို့လင်မယား၏ ဝိညာဉ်တွေကို တွေ့မြင်နေရသည်။

သူလန့်နိုးလာ၏။

ဒေါက်တာသန့်ဇော်တို့၏ရုပ်အလောင်းများကို ဂူထဲမှပြန်ယူကာ မြို့ပြင်သင်္ချိုင်းတွင် သင်္ဂြိုဟ်ပေးဖို့ သူ ဆုံးဖြတ်လိုက်ရသည်။ မြေမမြှုပ်ခင် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ သရဏဂုံတင်ရမည်။ ပြီးလျှင် ဘုန်းကြီးဆွမ်းပင့်ကျွေးကာ အမျှအတမ်းဝေပေးမည်ဟု သူ ဆုံးဖြတ်ပြီးတော့မှ ကောင်းစွာအိပ်ပျော်သွားတော့၏။

✂-----✂



www.burmeseclassic.com

www.burmeseclassic.com



* ဒီကောင်ရောက်ကတည်းက ကျုပ်တို့မြို့မှာ ဒီလိုအဖြစ်တွေ ဖြစ်နေတာပဲ၊ ဒီကောင်ကို မြို့ကနှင်ထုတ်ပစ်ရမယ်။

* ဟာ သတ်ပစ်လိုက်တာအေးတယ်၊ သွေးစုပ်ဖုတ်ကောင် ဆိုတာ ရောက်တဲ့နေရာမှာ လူတွေကို ဒုက္ခပေးမယ့် အကောင်ပဲ။

## (၁၁) တောတွင်းသား၏ ဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



## (၁၁) တောတွင်းသား၏ဇာတ်သိမ်း

မနက် နေအတော်မြင့်မှ သူတို့နိုးကြသည်။ နှစ်ယောက်လုံး ဖြစ်သလိုကော်ဖီဖျော်သောက်ကြကာ၊ ဆေးရုံသို့သွားရန်ပြင်ကြသည်။ သွေးသောက်က အဖေ့အတွက်စိတ်ပူနေသည်။ ဆေးရုံကို သွားကာ လူစားလဲရမည်။ အမေ့ကို ခေတ္တအိမ်ပြန်ကာ အနားယူခိုင်းရမည်။ ပြီးလျှင် ဦးတိုက်မောင်းကိုခေါ်ကာ တောထဲကရွာကိုသွားပြရမည်။ ကားပျက်နေရာကိုပြသရမည်။

"သူ့ကိုတော့ ဘာလုပ်မလဲ မသိဘူး"

"ဘာလုပ်ရမှာလဲကွ ... လူသတ်မှုနဲ့ဖမ်းရမှာပေါ့ ... သူက



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်တောင်သတ်ထားတာပဲ ...”

မျိုးအောင်က စိတ်တိုစွာပြောသည်။ သွေးသောက်က ...

“သူက ကြပ်မပြည့်တဲ့သူလေကွာ”

“ဒါကတော့ တရားရုံးကျမှ ကြည့်ရှင်းပေါ့”

သူတို့ခြံထဲကအထွက်တွင် ကားတစ်စီးထိုးစိုက်လာ၏။ ကား ပေါ်တွင်ပါသော လူခြောက်ယောက်ခုနစ်ယောက်က တုတ်တွေကိုင် ကာ၊ ကားပေါ်ကဆင်းလာ၏။ တစ်ယောက်ကမူ အမဲပစ်ရိုင်ဖယ် တစ်လက်ကိုပင်ကိုင်ဆောင်ထား၏။ သူတို့မျက်နှာတွေက ဒေါသဖြ ခက်ထန်နေကြသည်။ ထိုအထဲတွင် ဇော်ရှိန်းသူငယ်ချင်းကျော်ဦး လည်းပါသည်။ ကျော်ဦးက ဇော်ရှိန်းကို သွေးသောက်သတ်သည်ဟု ထင်ကာ မုန်းတီးနေသူဖြစ်၏။ သွေးသောက်က ဤလူအုပ်မှာ သူ့ အန္တရာယ်ပေးမည့်လူတွေဟု သိလိုက်သည်။

“ခင်ဗျားတို့ ဘာလုပ်မလို့လဲ”

သူက အလန့်တကြားမေးလိုက်သည်။ ကျော်ဦးက ...

“ဟေ့ကောင် သွေးစုပ်ကောင် အခုမှ ဘာမသိချင်ယောင် ဆောင်နေတာလဲ ...”

သွေးသောက်က ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဘာမှမသိဘူး ... ဘာတွေဖြစ်နေတာလဲ"

ထိုလူအုပ်ထဲမှ လူကြီးတစ်ဦးက ...

"မနေ့ညက လှိုင်ဘွားဟာ စက်ဘီးစီးပြီးပြန်အလာ တောတန်းတစ်နေရာမှ အတိုက်ခိုက်ခံရတယ် ... တော်ပါသေးတယ် ... အဲဒီအချိန်မှာ ကားတစ်စီးမောင်းလာတာတွေ့လို့ အဲဒီသတ္တဝါက ထွက်ပြေးသွားခဲ့တယ်"

ထိုစကားကိုကြားတော့ သွေးသောက်က လှိုင်ဘွားအတွက် စိုးရိမ်ပူပန်သွားလေသည်။ သူက လှိုင်ဘွားကိုခင်မင်သူဖြစ်သည်။

"အခုရော လှိုင်ဘွားဘာဖြစ်သွားသေးသလဲ"

ကျော်ဦးက ...

"ဆေးရုံမှာ ညကတည်းက တင်ထားတယ် ... အခုအချိန်အထိ လုံးဝသတိရမလာသေးဘူး ..."

"လူတွေက ညကတည်းက ဒေါသဖြစ်နေကြတယ် ... အဲဒါကခြင်းလက်ချက်လို့ပဲ ယုံကြည်နေကြတယ် ... ဒါကြောင့် မနက်လင်းတော့ စုဝေးလာကြတာပဲ ..."

အနည်းငယ် သဘောကောင်းပုံရသောလူကြီးက ရှင်းလင်းပြသည်။ သွေးသောက်က သူ့အန္တရာယ်ကို သဘောပေါက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ရောက်တည်းကွာ ကျုပ်တို့မြို့မှာ ဒီလိုအဖြစ်တွေ ဖြစ်နေတာပဲ ... ဒီကောင်ကို မြို့ကနှင်ထုတ်ပစ်ရမယ်"

"ဟာ ... သတ်ပစ်လိုက်တာအေးတယ် ... သွေးစုပ်ကောင် ဆိုတာ ရောက်တဲ့နေရာမှာ လူတွေကိုဒုက္ခပေးမဲ့ကောင်ပဲ"

"ဟုတ်တယ် ... ရှင်းပစ်ရမယ် ... ဘေးကသူငယ် ... မင်း အသားမနာချင်ရင် ဝင်မရှုပ်နဲ့ဘေးဖယ်နေ"

အခြေအနေကို သဘောပေါက်သွားသည်။ သူ့အနေဖြင့် တစ်ကိုယ်တည်းအကာအကွယ်ပေး၍ရနိုင်မည်မဟုတ်။ ဦးတိုက် မောင်းကိုပြေးကာအကြောင်းကြားမှဖြစ်မည်။ သူကထိုနေရာက ထွက်ပြေးခဲ့၏။ သူကိုကျန်လူတွေရန်လုပ်မကြ။ သွေးသောက်ငှ တဖြည်းဖြည်းချဉ်းကပ်လာကြသည်။ သွေးသောက်က ...

"ကျွန်တော် ရှင်းပြပါရစေ ... "

ဟုဆိုသော စကားကိုလည်း နားယောင်မှုံမရကြ။ ဒီတော့ သွေးသောက်လည်း တာရှည်ရှင်းပြနေဖို့ မကြိုးစားတော့ဘဲ ထိုနေရာမှထွက်ပြေးလာခဲ့တော့သည်။ သူထွက်ပြေးသည်။ လူအုပ် က လက်နက်များကိုကိုင်မြှောက်ကာ သူ့နောက်က ပြေးလိုက်လာ လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်က တခြားနေရာကိုမပြေး။ တောအုပ်ထဲသာ ဝင်ပြေးခဲ့၏။ တောအုပ်ထဲဆိုတော့ ပုန်းခိုရ ရှောင်တိမ်းရလွယ်ကူသည် မဟုတ်လား။ သူ့နောက်ကသေနတ်ပါသောလူက လှမ်း၍ပစ်၏။ တောအုပ်ထဲတွင် သေနတ်သံဟိန်း၍သွား၏။ ကျည်ဆန်များက သူ့ဘေးမှပွတ်ကာသီကာဖြတ်သန်းသွားကာ၊ သစ်ပင်သစ်ခေါက်များကို ထိမှန်နေလေသည်။ သွေးသောက်မှာ ပို၍စိုးရိမ်ထိတ်လန့်လာ၏။ ယခုအခါ သူသည် အကာအကွယ်ကင်းမဲ့ကာ အခြေအနေဆိုးဝါး၍နေလေပြီ။

ထိုအချိန်၌ ထွက်ပြေးလာသော မျိုးအောင်သည် မောင်းလာသောကားတစ်စီးကိုတွေ့၍ တားလိုက်၏။ ကားမောင်းလာသူမှာ နေခြည်ဝင်းဖြစ်၍ သူ့ဘေးတွင် ဦးတိုက်မောင်းလည်းပါလာလေသည်။ ဦးတိုက်မောင်းတို့က သွေးသောက်ကိုတိုက်ခိုက်ရန် လူတစ်အုပ်ထွက်သွားကြောင်း သိရသဖြင့် အုပ်မိစေရန် ထွက်လာခြင်းဖြစ်၏။ ဦးတိုက်မောင်းက ...

"အခု ဆေးရုံမှာ လှိုင်ဘွားလည်းသတိရနေပြီ ... သူ့ကိုတိုက်ခိုက်ခဲ့တာ တောထဲကသဏ္ဍာဝါလို့ သူပြောပြတယ်"

"အခု သွေးသောက်ဘယ်မှာလဲ"

www.burmeseclassic.com



"သူတောထဲထွက်ပြေးသွားတယ် ... သူ့နောက်ကလူတွေ လိုက်သွားကြတာပဲ"

"အဖေ ... သမီးတို့ မြန်မြန်လိုက်မှဖြစ်မယ်"

နေခြည်ဝင်းက လောဆော်လိုက်၏။ သူတို့သုံးယောက် တောထဲကို ဒရောသောပါး ပြေးဝင်သွားကြလေတော့သည်။

တောထဲတွင် ကြောက်လန့်တကြား ပြေးလွှားလာသော သွေးသောက်မှာ တစ်နေရာတွင် ခလုတ်တိုက်ကာလဲကျသွားလေတော့သည်။ ဒီတစ်ခါတော့ နောက်ကလိုက်လာသူတွေက သူ့ကို ကောင်းကောင်းမီသွားကြသည်။

သွေးသောက်ကလဲနေရာက လူးလဲထလိုက်၏။ ကျော်ဦးက ရှေ့ကိုတိုးလာကာ သူ့ကို ဓားဖြင့်ခုတ်ရန် ရွယ်လိုက်သည်။ ထိုအခိုက်မှာပင် အနီးဆုံးသစ်ပင်ပေါ်မှ မည်းမည်းအကောင်တစ်ကောင်က ကျော်ဦးအပေါ် ခုန်အုပ်တာတွေ့လိုက်ရလေသည်။ ကျော်ဦးရော ထိုသတ္တဝါပါ နှစ်ယောက်သားပူးကာ မြေပြင်ပေါ်လဲကျသွားလေသည်။

ထိုသတ္တဝါက ကျော်ဦးကိုကုတ်ခြစ်ကာ လည်ပင်းကို ကုန်းကိုက်ရန်ပြင်လိုက်လေသည်။ လူအုပ်ထဲတွင်ပါလာသော မုဆိုးလုပ်

www.burmeseclassic.com

www.burmeseclassic.com



သူက အမဲပစ်သေနတ်ဖြင့် ထိုးချိန်ပစ်လိုက်၏။ ဒိုင်းခနဲအသံမြည်ဟိန်းသွားသည်။ ကျောက်ဦးကိုယ်ပေါ်မှ သတ္တဝါမှာ ကျောက်ဦးကိုယ်ပေါ်မှ လွင့်စဉ်ကာလဲကျသွားလေတော့သည်။ အားလုံးက ကြုံလိုက်ရသောအဖြစ်ကို အံ့ဩကာ နားမလည်နိုင်အောင်ဖြစ်နေ၏။

ထိုအချိန်မှာပင် သူတို့အုပ်စုနားကို ဦးတိုက်မောင်း၊ နေခြည်ဝင်းနှင့် မျိုးအောင်တို့ ရောက်လာကြလေသည်။ ဦးတိုက်မောင်းက သူ့ သေနတ်ကိုထုတ်ကာ အသင့်ကိုင်ထားပြီး ...

"အားလုံးလက်ထဲကလက်နက်တွေကို ပစ်ချထားလိုက်ပါ"

ဟု အမိန့်ပေးလိုက်၏။ အားလုံးက ရဲအုပ်အရာရှိကြီးဖြစ်သဖြင့် လက်ထဲကလက်နက်တွေကိုပစ်ချလိုက်လေသည်။ ဦးတိုက်မောင်းက ...

"လှိုင်ဘွားကိုတိုက်ခိုက်ခဲ့တဲ့သတ္တဝါဟာ ဟောဟိုကလဲနေတဲ့ သတ္တဝါပဲ ... ယာကွတ်နဲ့ဇော်ရှိန်းကိုတိုက်ခိုက်ခဲ့တာလည်း အဲဒီ သတ္တဝါပဲ ... ခင်ဗျားတို့က သက်သက်မဲ့သွေးသောက်ကိုအထင်မှား နေကြတာ ..."

"ဒါဆို သွေးစုပ်ဖုတ်ကောင်က အဲဒီသတ္တဝါပေါ့"

ဟုမေးလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကသွေးစုပ်ဖုတ်ကောင်မှမရှိဘူး … ဒီသတ္တဝါကလည်း ခင်ဗျားတို့ ကျုပ်တို့လိုလူသတ္တဝါပဲ … သူက ဉာဏ်ရည်မမီတဲ့ ကလေးတစ်ယောက်မို့ ပိုသနားဖို့ကောင်းသေးတယ်"

သွေးသောက်နှင့်နေခြည်ဝင်းက လဲကျနေသော ဝူးဝူးကိုသွား ကြည့်ကြသည်။ သေနတ်ဒဏ်ရာဖြင့် အသက်ပျောက်နေပြီဖြစ်လေ သည်။

✂·····✂

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ပြဿနာများအားလုံးရှင်းလင်းသွားလေသည်။ ဦးတိုက်မောင်းက ...

"အမှန်ကိုမသိနိုင်တာ အဝိဇ္ဇာပဲ ... အဲဒီအဝိဇ္ဇာအမှောင်ကြောင့် အပြစ်မရှိတဲ့သွေးသောက်ကို သွေးစုပ်ဖုတ်ကောင်လို့ အထင်မှားခဲ့ကြတာပေါ့"

အခုတော့ အားလုံးက သွေးသောက်တို့မိသားစုကို တောင်းပန်ကြသည်။ ဒေါက်တာသန့်ဇော်တို့မိသားစုဘဝကိုလည်း ကြားကာသနားကရုဏာသက်နေကြသည်။

သွေးသောက်တို့မိသားစုက တောထဲမှ အလောင်းနှစ်လောင်းနှင့်အတူ ငူးငူးကိုပါ မြို့က သုသာန်မှာ ကောင်းစွာသင်္ဂြိုဟ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။ ပြီးတော့ ဆွမ်းကျွေးကာ အမျှအတန်းပေးဝေခဲ့၏။ ထို အချိန်ကစ၍ သွေးသောက်အခန်းတွင် ဝိညာဉ်ဇနီးမောင်နှံ လာ ရောက်ခြောက်လှန့်ခြင်းမရှိတော့။

ဦးမင်းနိုင်က သူ သင်္ဘောလိုက်၍ရောက်ခဲ့သော အနောက် နိုင်ငံများ၌ သူ့သား၏ရောဂါမျိုးကို ပျောက်ကင်းအောင်ကုသနိုင် သည်ဟုကြားဖူးသဖြင့် နိုင်ငံခြားကိုသွားကုရန် ဆုံးဖြတ်လိုက်သည်။

ရင်မောရသူက နေခြည်ဝင်း။

သူက သွေးသောက်ကို ခင်တွယ်မှုမိပြီမဟုတ်လား။

"နင်ရဂုံဘွေကို ပြန်လာဦးမှာလား"

ဟု သွေးသောက်ကိုမေးသည်။ သွေးသောက်က ...

"ငါ့ရောဂါပျောက်ပျောက်မပျောက်ပျောက် ငါရဂုံဘွေကိုပြန် လာခဲ့မယ် ... ဒီကမ္ဘာပေါ်မှာ ငါနေမဲ့အစစ်အမှန်နေရာက ရဂုံဘွေ ဆိုတာ ငါသိပြီ"

"ဒီလိုဆို နင်ပြန်လာတဲ့အထိ ငါမျှော်နေမယ် သွေးသောက်"

လူဆိုတာ မျှော်လင့်ချက်ဖြင့် အသက်ရှင်နေရသော သတ္တဝါ တွေပင်မဟုတ်ပါလား။

ကိုယ်စောစိတ်ပါချမ်းမြေ့ပါစေ ...

ဒေဝစကြာ

၂၀၀၈၊ မတ်



www.burmeseclassic.com